http://www.dhammadownload.com



ဂဝံ

အာဆင်ဂန်ဒါ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း

ဒဂုဏ

၂၀၁၄

http://www.dhammadownload.com



ကဝဏ်း

အာဆင်ဂါနိဒါန

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း

ဆရာတော်ကြီး

ဒဂုဏ ရဟန္တ

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံး ပန်းချီ – မစီမွန် (U.S.A)

မျက်နှာဖုံးဒီဇိုင်း – ထက်နိုင်ဦး

အတွင်းအပြင်အဆင် – အလင်းအိမ်မိဒိယာ

ပုံနှိပ်ခြင်း – ပထမအကြိမ် ၂၀၁၆၊ မေလ

အုပ်ရေ – ၃၀၀၀

စီစဉ်သူ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း စာချသိက္ခာရှင်များ

ပုံနှိပ်သူ

သင်းပုံနှိပ်တိုက်

အမှတ်–၁၂၁၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်

ထုတ်ဝေသူ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့.

၈၀ (က)၊ သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်

ဖုန်း–၀၁–၅၃၅၄၈၊ ၀၁–၇၀၅၅၂၅

Email : com2panditarama@gmail.com

Website:www.panditarama.net

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီး ၂၉၄-၃


ဘဝရဲ့ အဆင်တန်ဆာ/ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီး။

– ရန်ကုန်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၊ ၂၀၁၆။

စာ–၁၆၈၊ ၁၂.၇ × ၁၈.၅ စင်တီ။

(၁) ဘဝရဲ့ အဆင်တန်ဆာ

http://www.dhammadownload.com



ဓကျးဇူးဒတော်ရှင်

ပဿိတာရာမ ဓရွေတာင်တွန်းသာထနှ့်ရိပ်သာ ဆရာဒတော်တုရားကြီး

အာရုံပဿိတာဘိဝံသ

[၁၂၈၃ - ၁၃၆၇] [၁၉၂၁ - ၂၀၀၆]

http://www.dhammadownload.com

မာတိကာ

–	အမှာစာ	၇
၁။	ဘဝရဲ့ အဆင်တန်ဆာ	၉
၂။	ဒါနကထာ	၂၄
၃။	ဗုဒ္ဓနေ့	၃၈
၄။	သီလကထာ	၅၀
၅။	လူ့ဝိနည်း	၆၄
၆။	ဂန္ဓာရရဿေနဲ့ ဝေဒေဟရဿေ	၇၄
၇။	ဓမ္မစရိယာ	၈၅
၈။	လေ့လာရေးခရီးထွက်	၉၇
၉။	နတ်ပြည်	၁၁၀
၁၀။	လူမှုရေးကျင့်ဝတ်	၁၂၂
၁၁။	ပုတ္တဒါရဿသဂ်ိဟော	၁၄၀
၁၂။	သုဘာသိတဝါစာ	၁၅၄

http://www.dhammadownload.com

အမှာစာ

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးသည် ၁၉၈၄ ခုနှစ်၊ မေလတွင် အမေရိကန်နိုင်ငံ IMS (Insight Meditation Society)၃ လ တရားစခန်းပွဲ၌ ဟောကြားခဲ့သော တရားတော်များထဲမှ စနေနေ့ အပတ်တိုင်း ဟောတရားများကို သီးသန့်စုစည်း၍ "ဘဝရဲ့ အဆင်တန်ဆာ" ဟူသော အမည်ဖြင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

လွန်ခဲ့သော (၃၂) နှစ်တာကာလက ဟောတော်မူခဲ့သော တရားတော်များသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီး တစ်လပြည့်ရည်စူး ကုသိုလ်ပြုရာအခါ၌ တပည့်အပေါင်းတို့ နှလုံးသားဝယ် တစ်ကျော့ပြန် ပူဇော်ခွင့်ရခဲ့ကြ၍ ကြီးမားလှသော ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို အထူးအမှတ်ရကာ ပူဇော်ကန်တော့လိုက်ကြပါသည်။

စီစဉ်သူ တပည့်သီကျောရှင်များ

၁၃၇၈ ခု၊ တန်ခူးလပြည့်ကျော် (၆) ရက်

(၂၈-၄-၂၀၁၆)

http://www.dhammadownload.com

ဘဝရဲ့ အဆင်တန်ဆာ

အလှပြင်နည်း မဟောခင်

ပရိသတ်နဲ့ ယောဂီများ သိစေချင်တာကတော့ ဒီနေ့ စနေနေ့ ဆိုတော့ အထူးနေ့ပါပဲ။ အထူးနေ့ဆိုတော့ နေ့စဉ် ဟောနေကျ တရားမျိုးမဟုတ်ဘဲ အထူးအစီအစဉ်နဲ့ တရားဟောရမှာပါပဲ။ တရားရဲ့ ခေါင်းစဉ်ကတော့ "ဘဝရဲ့ အဆင်တန်ဆာ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပါမယ်။

ဒီတရားကို ရွေးချယ်ရတာကတော့ လူတွေဟာ အလှကြိုက်ကြတယ်၊ အလှကြိုက်တဲ့ ပုဂ္ဂိုလ်များ လှသထက် ပိုလှအောင်, နဂိုက မလှသေးလို့ရှိရင်လဲ ဒီအဆင်တန်ဆာကြောင့် လှသွားအောင်, နဂို လှပြီးသား ပုဂ္ဂိုလ်များလဲ ပိုပြီးတော့ လှသထက်လှသွားအောင် ဟောရပါတယ်။ ဒီပရိသတ်ကြီးထဲက အလှမကြိုက်တဲ့ပုဂ္ဂိုလ်များ ရှိပါသလား။ တကယ်လို့ရှိနေရင် ဘုန်းကြီးက အလှတရား ဟောမှာဖြစ်လို့ ဆန့်များ ဆန့်ကျင်လေမလား။

http://www.dhammadownload.com

ဘုန်းကြီးပြောမယ့် အလှပြင်နည်းကတော့ ဘာမှ ဆင်ယင်ထုံးဖွဲ့.မှုတွေ မပါပါဘူး။ အလှအပ ပြင်ဆင်စရာတွေ မပါပါဘူး။ ရိုးရိုးလေးပါပဲ။ ပိုက်ဆံလည်းပဲ အကုန်အကျ မခံရ, အဲဒီအတွက်နဲ့ ပတ်သက်ပြီးတော့လဲ ပင်ပန်းမှုမရှိဘဲ သက်သောင့်သက်သာလေးနဲ့ လှနိုင်တဲ့ အလှပြင်နည်းပါပဲ။ အဲဒီ အလှပြင်နည်းလေး မပြောခင် ရှေးဦးစွာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကြောင်းကို ပြောချင်ပါတယ်။ ဒီ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ဆိုတာ ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ အကျိုးပေးဟန်တွေ.ရပြီးတော့ ကောင်းတဲ့ကိုယ်, နှုတ်, စိတ်ထား အပြုအမူတွေ ရှိရင် ကောင်းကျိုးတွေ နိဗ္ဗာန်အထိ ရနိုင်တယ်။ မကောင်းတဲ့ ကိုယ်, နှုတ်, စိတ်ထား အပြုအမူတွေ ရှိရင် လူ့အဆင့်အတန်း နိမ့်ကျပြီးတော့ မကောင်းတဲ့ ဘဝတွေပဲ ရောက်နိုင်တယ်ဆိုတဲ့ ယုံကြည်သိမြင်မှု အသိအလိမ္မာပါပဲ။

မတည့်တာရှောင်တော့... တည့်တာဆောင်တော့...

အထင်ရှားဆုံး လောကီသာဓကတစ်ခု ဆွဲပြရမယ်ဆိုရင် လူတွေမှာ နေ့စဉ်စားနေကျ အစာတွေဆိုတာ ရှိတယ်။ အဲဒီအစာတွေဟာ ကိုယ်နဲ့တည့်တာလည်း ရှိတယ်။ မတည့်တာလည်း ရှိတယ်။ တည့်တဲ့အစာကို အချိန်အဆနဲ့စားရင် အဆာပြေတယ်။ အင်အားတွေ ပြည့်တင်းတယ်၊ ကျန်းမာရေးလည်း ရသွားတယ်။ ဒါဟာ မိမိနဲ့ သင့်မြတ်တဲ့ ဓာတ်စာတွေကြောင့်

http://www.dhammadownload.com

ပါပဲ။ မတည့်တဲ့အစာ စားရင်, မတော်လို့ အဆိပ်များ သွားစား မိရင် ချက်ချင်းလည်းပဲ ဒုက္ခရောက်နိုင်ပါတယ်။ ဒီလိုချက်ချင်း ဒုက္ခရောက်တာဟာ အစာထဲမှာ ပါနေတဲ့ မတည့်တဲ့ ဓာတ်သတ္တိ တွေကြောင့် ဖြစ်ပါတယ်။

အဲဒီအစာဟာ မိမိနဲ့တည့်တယ်ဆိုရင် ချိန်ဆပြီး စားရင်တော့ အကျိုးရှိပါတယ်။ မတည့်တဲ့ အစာ ရှောင်နိုင်တော့ အပြစ်မရပါဘူး၊ ဒုက္ခမရောက်ဘူးပေါ့၊ ဒီတော့ အစား:အစာတွေနဲ့ ပတ်သက်ပြီး ရှေးဦးစွာ တည့်–မတည့်ကို သိနားလည်ထား:ဖို့ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တည့်တာ ဆောင်တာ အကျိုးရှိဖို့နဲ့ မတည့်တာရှောင်တာ ဘေး:မဖြစ်ဖို့အတွက်ပါပဲ။

ဒါလိုပါပဲ၊ မကောင်း:တဲ့, မသန့်ရှင်း:တဲ့ ကိုယ်, နှုတ်, စိတ်ထား:အပြုအမူတွေဟာ မိမိအတွက်လည်း အကျိုး:မဲ့ ဖြစ်စေနိုင်တယ်။ သူတစ်ပါး:လည်း ထိခိုက်နိုင်တယ်ဆိုတဲ့ အသိစိတ်ဓာတ် ကလေး:ရှိရင် မကောင်း:တာတွေ ရှောင်လွယ်တယ်၊ ရှောင်နိုင်တော့ ကိုယ့်မှာ ဘေး:မဖြစ်ဘူး။ ကောင်း:တဲ့, သန့်ရှင်း:တဲ့ကိုယ်, နှုတ်, စိတ်ထား:အပြုအမူတွေ မိမိသန္တာန်မှာ ဖြစ်ပွား:စေရင် အပြစ်တွေကင်း:ပြီး သန့်သန့်ရှင်း:ရှင်း:နဲ့ ကောင်း:ကျိုး:တွေ ရနိုင်ပါတယ်။ အဲဒါ ကမ္မသကတာ သမ္မာဒိဋ္ဌိပါပဲ။

လမ်း (၃) သွယ်

ဒီအသိလိမ္မာ ဉာဏ်ပညာတွေ အခြေခံပြီး:ပြုတဲ့ ကောင်း:တဲ့

http://www.dhammadownload.com

ကုသိုလ်တရားတွေဆိုတာက ကံအရင်းခံပြီး ပြုတဲ့ ကုသိုလ် တရားလည်း ရှိတယ်။ စျာန်အရင်းခံပြီးတော့ဖြစ်တဲ့ ကုသိုလ် တရားလည်း ရှိတယ်၊ ဉာဏ်အရင်းခံပြီးတော့ဖြစ်ပေါ်တဲ့ ကုသိုလ် တရားလည်းရှိတယ်။ ဆိုလိုတာကတော့ ကံလမ်း, စျာန်လမ်း, ဉာဏ်လမ်းဆိုပြီး လမ်း (၃) သွယ်ရှိပါတယ်။ အဲဒီ လမ်း (၃) သွယ်ကို ခွဲပြီးတော့ ပြောသွားရမှာ ပါပဲ။

ကံလမ်းစဉ်လိုက်ရင် ဘယ်လောက် အတိုင်းအတာထိ အကျိုးတွေရနိုင်တယ်။ စျာန်လမ်းစဉ် လိုက်ရင် ဘယ်လောက် အတိုင်းအတာထိ အကျိုးတွေ ရနိုင်တယ်။ ဉာဏ်လမ်းစဉ်လိုက်ရင် ဘယ်လောက် အကျိုးတွေ ရနိုင်တယ်ဆိုတာလည်းပဲ ဆက်လက် ပြီးတော့ ဖြေရှင်းပြဖို့ပါပဲ။ အဲဒီ လမ်း (၃) သွယ်ထဲက ကံလမ်းစဉ် ဆိုတာကတော့ အခြားမဟုတ်ပါဘူး။ ဒါနကုသိုလ်နဲ့ သီလကုသိုလ် တွေပါပဲ။ စျာန်လမ်းစဉ် ဆိုတာကတော့ သမာဓိတရားတွေ ဖြစ် ပွားအောင် အားထုတ်ပြီး ရူပစျာန်, အရူပစျာန်တွေရရှိပြီး ဆိုင်ရာ ဘုံဘဝတွေမှာ ကမ္ဘာနဲ့ချီပြီး သက်တမ်းရှည်ရှည် နေရတာ။ ဉာဏ် လမ်းစဉ်ဆိုတာကတော့ အခု သတိပဋ္ဌာန် ဘာဝနာ အားထုတ်တဲ့ သူတွေမှာ ရုပ်နာမ်ပိုင်းခြား သိမှုကအစ ဉာဏ်တွေ တစ်ဆင့် တစ်ဆင့် ဖြစ်ပွားပြီး နောက်ဆုံးနိဗ္ဗာန်အထိ ရောက်နိုင်တဲ့လမ်းစဉ် ပါပဲ။ အဲဒီ (၃) မျိုးထဲက ဒါနကုသိုလ်ကို ရှေးဦးစွာ ရှင်းပြပါ့မယ်။

http://www.dhammadownload.com

ဒါနပြုရာမှာ မတွယ်တာရဘူး၊ မမျှော်ရဘူး

"ဒါနကုသိုလ်" ဆိုရာမှာ ဒါနနဲ့ ကုသိုလ် နှစ်ခု တွဲစပ်ထားပါတယ်။ "ဒါန" ဆိုတာက ပေးကမ်းစွန့်ကြဲခြင်းပါပဲ။ ပေးကမ်းစွန့်ကြဲတယ်ဆိုတာ ချီးမြှောက်လိုလို့ ပေးကမ်းစွန့်ကြဲတာလည်း ရှိပါတယ်။ ပူဇော်လိုလို့ ပူဇော်တဲ့အနေနဲ့ ပေးကမ်းစွန့်ကြဲတာလည်း ရှိပါတယ်။ (၂) မျိုး ရှိပါတယ်။ ဒါနကုသိုလ် ပြုရာမှာ နည်းနည်းပဲဖြစ်ဖြစ်, များများပဲဖြစ်ဖြစ် ပြုတဲ့အခါ အပြစ်ကင်း, အကျိုးရ ကုသိုလ်တရားတွေ အများကြီး ပွားနေပါတယ်။ လှူစရာ ပစ္စည်းဝတ္ထုတွေ ရှိနေပေမယ့် လှူလိုတဲ့စေတနာ မထက်သန်ရင် အလှူမဖြစ်ပါဘူး။ ပြီးတော့ လှူဖွယ်ပစ္စည်းပေါ်မှာ တွယ်တာတဲ့လောဘတွေ ဖြစ်နေရင်လည်း ဒါနမဖြစ်နိုင်ပါဘူး။ ဒီတော့ ဘယ်အကြောင်းကိစ္စနဲ့မဆို လှူတော့မယ်ဆိုရင် မိမိပိုင်ပစ္စည်းအပေါ်မှာ ရှေးဦးစွာ အတွယ်အတာတွေ လွတ်ဖို့လိုပါတယ်။ လောဘလွတ်သွားဖို့ လိုပါတယ်။ အဲဒီ လောဘ လွတ်သွားတာကို "သန့်ရှင်းတယ်" လို့ ခေါ်ပါတယ်။ "အပြစ်ကင်းတယ်" လို့ ဆိုပါတယ်။ အဲ့ဒါ ဒါနကုသိုလ်ပါပဲ။

ပစ္စည်းအပေါ်မှာ အတွယ်အတာတွေ လွတ်သွားသလို ထို့အတူ ဒီပစ္စည်း စွန့်ကြဲ လှူဒါန်းလိုက်ခြင်းကြောင့် မပြောပလောက်တဲ့ လောကီအကျိုးတွေ မျှော်နေပြန်ရင်လည်း လောဘဖြစ်နေတတ်ပါတယ်။ အဲဒါကိုလည်း မမျှော်ရပါဘူး။ ပြီးတော့ "မိမိက အလှူရှင်ကြီးပဲ။ လှူနိုင်တာပဲ" လို့ အများသိစေချင်တာ,

http://www.dhammadownload.com

နာမည်ကြီးချင်တာ ပါနေပြန်ရင် လောဘတွေက ဖြစ်နေပြန်တယ်။ အဲဒီ လောဘမျိုးတွေ ကင်းသွားဖို့လဲ လိုပါတယ်။ ကင်းရင်တော့ "အပြစ်ကင်းတဲ့ကုသိုလ်" လို့ ခေါ်ပါတယ်။

ဒါနပြုရာမှာ ချစ်ခင်ပါ၊ ကြင်နာပါ၊ ကြည်ဖြူပါ

မေတ္တာ, ကရုဏာအခြေခံပြီး လှူတတ်ဖို့လဲ လိုပါတယ်။ အခြေခံပြီး လှူပုံကတော့–အလှူခံ ပုဂ္ဂိုလ်အပေါ်မှာ မိမိလှူဒါန်းတဲ့ပစ္စည်း သူတို့သုံးစွဲပြီး ချမ်းသာစေချင်တဲ့ မေတ္တာဓာတ်, ပစ္စည်းချို့တဲ့မှုကြောင့် သူတို့မှာ ဆင်းရဲမည့်အခြေအနေကို ပယ်ရှားလိုတဲ့ ကရုဏာဓာတ်, အခြေခံပြီး လှူဒါန်းရပါတယ်။ အဲဒီလို လှူဒါန်းရင် အဲဒီပုဂ္ဂိုလ်အပေါ်မှာရော အများအပေါ်မှာပါ အဲဒီအခိုက်အတန့်မှာ မျက်မုန်းတဲ့ ဒေါသတွေ ကင်းနေပါတယ်။ အဲဒီဒေါသကင်းတာဟာ ဒါနကုသိုလ်ပါပဲ။ အဲဒီလို မေတ္တာ, ကရုဏာအခြေခံပြီး မျက်မုန်းတဲ့ဒေါသတွေ ကင်းကာ လှူဒါန်းလို့ အလှူခံပုဂ္ဂိုလ်မှာ မိမိလှူဒါန်းတဲ့ ပစ္စည်းတွေ ပြည့်စုံလို့ ချမ်းသာသွားတာတွေ့.ရရင် သိပ်ဝမ်းသာသွားတယ်။ အဲဒါကို "မုဒိတာ" ခေါ်ပါတယ်။ လူတွေဆိုတာ သူတစ်ထူး ပြည့်စုံတာကို ကြည်ဖြူနှိုင်ခဲတယ်။ အလှူခံပုဂ္ဂိုလ် ပစ္စည်းရသွားမှာ မကြိုက်နိုင်ဘူး။ မိမိပစ္စည်းကုန်မှာလည်း မကြိုက်နိုင်ဘူး။ မိမိပစ္စည်း သူတစ်ပါးနဲ့ဆက်ဆံရမှာ မကြိုက်ဘူး။ မနာလိုမှု, ဝန်တိုမှု ကျဿာ မစ္ဆရိယတွေဆိုတာ များပါတယ်။ မေတ္တာ, ကရုဏာအခြေခံပြီးလှူတော့

http://www.dhammadownload.com

ဝမ်းသာတတ်ပြီဆိုရင် အဲဒီ ဣဿာ, မစ္ဆရိယတရားဆိုးတွေလဲ ကင်းပြီးတော့ သန့်ရှင်းသွားပါတယ်။ အဲဒါ ဒါနကုသိုလ် ပါပဲ။

ဒါနပြုရာမှာ ကျိုးနွံပါ၊ အမှန်ယူဆပါ၊ ကြည်လင်ပြတ်သားပါ

အလှူခံတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီးတော့ ကျိုးနွံတဲ့ သဘောတွေ ရှိနေပါတယ်။ အဲဒီအခါ မာန်မာနတွေလဲ ကင်းနေပါတယ်။ ပြီးတော့ ကောင်းတာပြုရင် ကောင်းကျိုးရတတ်တယ်, ဆိုးတာပြုရင် ဆိုးပြစ်ရတတ်တယ်ဆိုတဲ့ ယုံကြည်ချက်ဟာလည်း ပါလာတာဆိုတော့ မိမိပြုတာတွေဟာ အကျိုးရမှ ရနိုင်ပါ့မလား ဆိုတဲ့ ယုံမှားသံသယတွေလည်း ကင်းသွားပါတယ်။ အဲဒီမှာ သဒ္ဓါတွေ ပါလာပါတယ်။ တစ်ချို့ကတော့ ကောင်းတာပြုလည်း ကောင်းကျိုး မရ, ဆိုးတာပြုလဲ ဆိုးပြစ်မရ, ပြုသမျှ အလကားပဲလို့ အယူအဆလွဲမှားတာတွေလဲ ရှိပါတယ်။ ခုန ကမ္မသကတာသမ္မာဒိဋ္ဌိအယူအဆက မှန်နေရင် လွဲမှားတဲ့ အယူအဆတွေလဲ ကင်းသွားပါတယ်။ ဒါနကုသိုလ်နဲ့ ဒါနကုသိုလ်ရဲ့ အကျိုးကို သိနားလည်ပြီး စိတ်ရှင်းရှင်းနဲ့လှူရင် တွေဝေမှုန်ဝါး, မပြတ်သားမှု-မောဟတွေလည်း ကင်းသွားပါတယ်။ အမောဟ-ပညာတွေ ပါလာတယ်။ အဲဒါဟာ အရေးကြီးပါတယ်။

ပါရမီမြောက်တဲ့ဒါန

ဒီနေရာမှာ "ပါရမီဒါန" ဆိုတဲ့ဟာလေး နည်းနည်း

http://www.dhammadownload.com

ထည့်သွင်းပြီး ပြောပါရစေ။ "ပါရမီဒါန" ဆိုတာဟာ မိမိရဲ့ ကိုယ်ကျိုးနည်းနည်းမှ မငဲ့ကွက်, မမျှော်မှန်းဘဲ အများအကျိုး ရှိစေဖို့နဲ့ ဘဝလွတ်မြောက်ရေးရဖို့ ဆိုတဲ့ ရည်ရွယ်ချက် (၂) ခု ထားပြီး လှူဒါန်းရတဲ့အလှူပါပဲ။ အဲဒီလို ရည်ရွယ်ချက်ထားပြီး တော့ ဆောင်ရွက်တာတွေ တွေ့ရတော့ "ဒီပုဂ္ဂိုလ် တော်ပါပေ တယ်" လို့ သိရခြင်း၏ အကြောင်း ဖြစ်တဲ့အတွက် "ပါရမီ" လို့ ခေါ်ပါတယ်။ **ပရမာနံ ဘာဝေါ ပါရမီ၊ ပရမာနံ**–မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏၊ **ဘာဝေါ**–ဖြစ်ကြောင်း၊ "ပါရမီ–မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ဖြစ်ကြောင်း" လို့ ကျမ်းဂန်များမှာ ဖွင့်ဆိုပါတယ်။ ဉာဏ်မဲ့တဲ့ပုဂ္ဂိုလ်များကတော့, သို့မဟုတ် ဉာဏ်နဲ့တဲ့ ပုဂ္ဂိုလ်များ ကတော့ ကုသိုလ်ကိုတောင်မှ ကိုယ်ကျိုးရှိမှ ပြုချင်ကြတယ်။ ဘဝလွတ်မြောက်ရေးထက် လောကီစည်းစိမ် ချမ်းသာရေးနဲ့ နာမည်ကြီးရေးကိုသာ ရှေ့ရှုပါတယ်။ ဒီတော့ ပါရမီမြောက် ဒါန ကုသိုလ်ဆိုတာ သူတို့ရဲ့ အရာမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒီတော့ ပါရမီဆိုတာ ဘယ်ပုဂ္ဂိုလ်တို့ရဲ့ အရာလဲဆိုတော့ ဘဝတွေ အပေါ်မှာ အပြစ်မြင်ပြီး ငြီးငွေ့.ကာ သူတစ်ပါးအပေါ်မှာ မေတ္တာ, ကရုဏာထားတဲ့ သူတော်ကောင်းတို့ရဲ့အလုပ်, သူတော်မြတ် တို့ရဲ့အရာ ဖြစ်ပါတယ်။ "**ပရမာနံ ကမ္မံ ပါရမီ၊ ပရမာနံ**–ဘဝ တွေအပေါ်မှာ ငြီးငွေ့.ပြီး သူများအပေါ်မှာ မေတ္တာ, ကရုဏာ ဗြဟ္မစိုရ်တရားလက်ကိုင်ထားလို့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေ၏၊ **ကမ္မံ**–အလုပ်၊ ဝါ–အရာလို့ ဖွင့်ဆိုထားပါတယ်။

http://www.dhammadownload.com

တစ်ဆုပ်ကြဲ တစ်လဲ(လှည်း) ရဆိုသလို

အဲဒီ ဒါနပြုရာမှာ မလှူခင်ကလဲပဲ လှူလိုတဲ့ စိတ်စေတနာတွေ ထက်ထက်သန်သန် ဖြစ်ရပါတယ်။ လှူဆဲကာလမှာလည်း ဝမ်းသာဝမ်းမြောက် ဖြစ်ရပါတယ်။ လှူပြီးတဲ့ နောက်ပိုင်းမှာလည်း မိမိလှူပြီးတဲ့ ကုသိုလ်ကို အာရုံပြုတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ အဲဒီသုံးပိုင်းမှာ စေတနာတွေ ထက်ထက်သန်သန် ဖြစ်ရပါတယ်။ ဒါက အလှူရှင်ဘက်က ပြည့်စုံရမယ့် အင်္ဂါသုံးရပ်ပါ။ ဒါမှ ဖွံ့.ဖွံ့.ဖြိုးဖြိုး အကျိုးပေးနိုင်ပါတယ်၊ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း လိုပါသေးတယ်။ အလှူခံပုဂ္ဂိုလ်ဘက်က ရာဂကင်းရှင်းသူ ဖြစ်ရမယ်တဲ့။ ဒေါသကင်းရှင်းသူ ဖြစ်ရမယ်တဲ့။ မောဟကင်းရှင်းသူ ဖြစ်ရမယ်တဲ့။ ဒါကတော့ အနာဂါမ်, ရဟန္တာတွေနဲ့ပတ်သက်ပါတယ်။ အဲဒီလို မဖြစ်သည့်တိုင်အောင်တောင်မှ ရာဂကင်းဖို့, ဒေါသကင်းဖို့, မောဟကင်းဖို့အတွက် သီလ, သမာဓိ, ပညာတရားတွေကို ကျင့်သုံးဆဲပုဂ္ဂိုလ် ဖြစ်ရမယ်တဲ့။ ဒါက အလှူခံဘက်က ပြည့်စုံရမယ့် အင်္ဂါသုံးရပ်၊ နှစ်ဘက်ပေါင်းစပ်လိုက်တော့ အင်္ဂါခြောက်ရပ်၊ ဆဋ္ဌင်္ဂဒါန ဖြစ်သွားပါတယ်။

အဲဒီ ဆဋ္ဌင်္ဂဒါနရဲ့အကျိုးဟာ အကန့်အသတ်မရှိဘူးလို့ မြတ်စွာဘုရား ဟောကြားထားပါတယ်။ ပင်လယ်ထဲက ရေကို ချင့်တွက်လို့ မရသလို ထို့အတူ ဒီဒါနရဲ့ အကျိုးဟာလဲ ချင့်တွက်လို့ မရပါဘူးတဲ့၊ တစ်ခုတော့ ရှိပါတယ်။ ဒါနကုသိုလ်လုပ်ရင်

http://www.dhammadownload.com

ပစ္စည်းတွေ လျော့သွားတယ် မဟုတ်ပါလား။ ဘယ်နည်းနဲ့ တိုးမလဲလို့ တစ်ချို့က ဒီလို မေးချင်လည်း မေးမယ်ပေါ့။ စိုက်ပျိုးရေးသမားဟာ ကျုံး၊ စပါး တစ်ဆုပ်လောက် သူ့လယ်ထဲမှာ စိုက်ပျိုးလိုက်ရင် တစ်ဆုပ်စာတော့ ပွန့်လိုက်ရတာပါပဲ။ ဒါပေမယ့် အဲဒီတစ်ဆုပ်ဟာ အပင်တွေပြန်ပေါက်ပြီး သီးလာတဲ့အခါ အဆုပ်ပေါင်းများစွာ ပြန်ရနိုင်တယ်၊ အဲဒီသဘောမျိုးပါပဲ။ "တစ်ဆုပ်ကြဲတစ်လဲ(လှည်း)ရ" လို့ မြန်မာစကားပုံရှိပါတယ်။

ပြီးပြီးပျောက်ပျောက်မဟုတ်၊ သတ္တိနစ်လေးတွေမြှုပ်နှံသွား

ခုနပြောခဲ့တဲ့အထဲမှာ ဒါနတစ်ခုမှာ လောဘတွေ, ဒေါသတွေ, မောဟတွေ ကင်းသွားပါတယ်။ မေတ္တာ, ကရုဏာ, မုဒိတာ ဗြဟ္မစိုရ်တရားတွေ အခြေခံပါပြီဆိုရင် ပိုပြီးတော့ သန့်ရှင်းပါတယ်။ ဒီတော့ လှူချင်စိတ် စဖြစ်ပေါ်ချိန်က စပြီးတော့ လှူပြီးတဲ့အထိ ဒါနကုသိုလ်စိတ် အကြိမ်ပေါင်းများစွာ ဖြစ်နိုင်ပါတယ်။ တစ်မိနစ်မှာဆိုရင် စက္ကန့်ပေါင်း (၆၀), တစ်စက္ကန့် စိတ်တစ်ကြိမ် ကျတွက်ရင်ပဲ အများကြီးပေါ့။ တစ်နာရီဆိုရင် အများကြီး ဖြစ်နိုင်ပါတယ်။ အဲဒီ သန့်ရှင်းတဲ့စိတ်ကလေးတွေ အကြိမ်ပေါင်းများစွာ ဖြစ်ရေးအတွက် လုံ့ဆော်ချက် စေတနာလေးတွေဆိုတာ ပါပါတယ်။ အဲဒီ စေတနာတွေဟာ သခ်ၤါရ ထုံးစံအရ ဖြစ်ပြီးတော့ ပျက်သွားပေမယ့် ပြီးပြီးပျောက်ပျောက်မဟုတ်ဘဲ သူ့သတ္တိလေးတွေ ချန်ထားခဲ့ပါတယ်။ အဲဒီ သတ္တိလေးတွေက အကျိုးပေးမှာပါ။

http://www.dhammadownload.com

ဥပမာ ပြရမယ်ဆိုရင် သစ်ပင် အချို့ပင်တွေမှာ အသီးတွေ သီးလို့ မှည့်ပြီး ကြွေကျသွားတဲ့အခါ ပြီးပြီးပျောက်ပျောက် မဟုတ်ဘဲ အဲဒီအသီးထဲမှာ အစေ့ကလေးတွေ ပါသွားပါတယ်။ အဲဒီအစေ့ကလေးမှာ နောက်အပင်သစ် မျိုးဆက်သစ် ဖြစ်ဖို့ အတွက် သတ္တိနှစ်တွေ အပြည့်ထည့်သွားပါတယ်။ စိုက်ကြည့်ရင် အချို့ပင်ပဲ ပေါက်ပါတယ်။ ဒါပေမယ့် အဲဒီ သတ္တိနှစ်ကလေးကို ပြစမ်းပါဆိုရင်တော့ ပြလို့မရဘူး။ အပင်စိုက်ကြည့်ရင်တော့ မြေနဲ့, ရေနဲ့, နေရောင်ခြည်နဲ့ ထိတွေ့ပြီးတော့ အပင်ကလေး ပေါက်လာတယ်။ အပင်ကလေး တဖြည်းဖြည်း ကြီးထွားဖူးပွင့် ပြီးတော့ နောက်ဆုံး သီးတဲ့အထိ ဖြစ်လာနိုင်ပါတယ်။ အပင် ပေါက်လာတာကစပြီး အသီးသီးတဲ့အထိ ဖြစ်ရပ်တွေကိုကြည့်ရင် အစေ့ထဲမှာအပင် ဖြစ်စေနိုင်တဲ့ ဓာတ်သတ္တိတွေ ပါနေတယ် ဆိုတာ ထင်ရှားပါတယ်။ ဒါလိုပဲ စေတနာလေးတွေက ဖြစ်ပြီးတော့ ပျက်သွားပေမယ့် အရှိန်အဟုန် ကြီးမားစွာနဲ့ ဖြစ်ရတာမို့ သူ့သတ္တိကလေးတွေဟာ စေတနာရှင်သန္တာန်မှာ မြှုပ်နှံထားခဲ့ပါတယ်။ အပြစ်ကင်းရင် ကောင်းကျိုးရတော့တာပါပဲ။ ကုသိုလ်ဆိုရင် အပြစ်ကင်းရမယ်။ ကောင်းကျိုးရ,ရမယ်။ ဒီအင်္ဂါ (၂) ချက်နဲ့ ညီညွတ်တာပါပဲ။

ဘဝရဲ့အဆင်တန်ဆာဖြစ်တဲ့ ဒါနရဲ့အကျိုး

အဲဒီ ဒါနကုသိုလ်ဟာ လက်ငင်းအကျိုး (၄) မျိုးတောင်

http://www.dhammadownload.com

ရနိုင်ပါတယ်။ အဲဒီ လက်ငင်းအကျိုး (၄) မျိုးထဲက **ပထမအကျိုး ကတော့**–၁။ လူအများ ချစ်ခင်မြတ်နိုးခံရခြင်းတဲ့။ တိရစ္ဆာန်များတောင်မှ ပေးတဲ့, ကျွေးတဲ့လူလောရင် ချစ်ခင်ပါတယ်။ လူများမှာဆိုရင်တော့ အထူးပြောဖွယ်ရာ မရှိပါဘူး။ ဒီအကျိုးဟာ ဒါန၏ ပထမဆုံး အကျိုးပါပဲ။ အဲဒါ ဘဝရဲ့ အဆင်တန်ဆာပါပဲ။ ဘာ့ကြောင့် အချစ်အခင် ခံရသလဲဆိုတော့ လှူဒါန်းစဉ်ကာလက မိမိပေးတဲ့ပစ္စည်းကို သူတစ်ပါးစားသုံးပြီး ချမ်းသာစေချင်လို့, ပြီးတော့ သူတစ်ပါး မဆင်းရဲစေချင်လို့ပါပဲ။ အဲဒီမှာ မေတ္တာ, ကရုဏာပါသွားပြီ။ မေတ္တာ, ကရုဏာ ပါသွားပြီဆိုတော့ တုံ့ပြန်ချက်ဆိုတာ ရှိတာပါပဲ။ မိမိပစ္စည်းရသူဟာ လူပဲဖြစ်ဖြစ်, တိရစ္ဆာန်ပဲဖြစ်ဖြစ် ပြန်ပြီးတော့ ချစ်ခင်မှု, ကြင်နာမှု တုံ့ပြန်တော့တာပါပဲ။

ဒုတိယအကျိုးကတော့–၂။ အလှူရှင်ထံ သူတော်ကောင်းများ ချဉ်းကပ်ရောက်လာခြင်းတဲ့။ မလှူတဲ့ပုဂ္ဂိုလ်ထံ, တစ်နည်းအားဖြင့် ကပ်စေးနဲတဲ့ပုဂ္ဂိုလ်ထံ ဘယ်သူမှ မလာလိုကြပါဘူး။ သူတော်ကောင်းတွေထံမှာသာ, အလှူရှင်များထံမှာသာ လာလိုကြပါတယ်။ ဒီတော့ ဒီလိုလာရင် ဘယ်လို အကျိုးရှိသလဲဆိုတော့ ကိုယ်ကလှူတော့ ကိုယ်အကျိုးရှိတာပေါ့။ သူတော်ကောင်းတွေက ဒါနကုသိုလ် အကျိုးတွေ ဟောသွားရင် တရားတွေ ကြားနာရတယ်။ အဆင့်ဆင့် အဆက်ဆက် ကိုယ့်မှာ ကုသိုလ်ဖြစ်ပြီးတော့ အဖိုးတန်တဲ့ တရားတွေ ကြားနေရတာဟာ ဒါနကုသိုလ်ရဲ့

http://www.dhammadownload.com

ဒုတိယ အကျိုးပါပဲ။ လူသားတွေ မဆိုထားနဲ့။ မိမိအိမ်မှာ မွေးထားတဲ့ ခွေးကလေးတွေ ကြည့်ပါလား။ အစာမကျွေးတဲ့ ပုဂ္ဂိုလ်ဆိုရင် အစာမတောင်းဘူး။ နေ့စဉ် အစာကျွေးတဲ့ ပုဂ္ဂိုလ်လာလို့ ရှိရင် အဲဒီပုဂ္ဂိုလ်ဆီ အမြီးကလေး တနှန့်နှန့်နဲ့ အစာတောင်းတာပဲ။ ဒီတော့ ပေးကမ်းတဲ့ ပုဂ္ဂိုလ်ဆီမှာ လိုတဲ့ပုဂ္ဂိုလ်တွေ ရောက်လာတတ်တယ်ဆိုတာ သိပ်ထင်ရှားတာပါပဲ။

နောက် **တတိယအကျိုးကတော့**–၃။ ကောင်းသတင်း ကျော်ဇောခြင်းတဲ့။ သူများ ကောင်းစားအောင် အကျိုးဆောင်သူဟာ မိမိက ဂုဏ်လုပ်ဖို့, ပကာသနလုပ်ဖို့ မလိုပါဘူး။ အများကပဲ "ဒီပုဂ္ဂိုလ်ဟာ အများအကျိုးဆောင်သူပါ" ဆိုတာ ဂုဏ်တင်ချီးကျူးပြီးတော့ အစဉ်သတင်းကောင်းနေနိုင်ပါတယ်။ ဒါဟာ ဒါနကုသိုလ်ရဲ့တတိယအကျိုးပါပဲ။

စတုတ္ထအကျိုးကတော့–၄။ ဘယ်ပရိသတ်ကို ချဉ်းကပ်ချဉ်းကပ်, ဘယ်သူ့ဆီကို သွားသွား ရဲရဲဝံ့ဝံ့နဲ့ သွားရောက်နိုင်တဲ့ အကျိုး ရှိပါတယ်။ ကပ်စေးနဲတဲ့ ပုဂ္ဂိုလ်ဟာ, သူများအလှူခံမှာ ကြောက်တဲ့ ပုဂ္ဂိုလ်ဟာ ပရိသတ်နဲ့တွေ့ရမှာ, အလှူခံသူနဲ့ တွေ့ရမှာ ကြောက်တယ်။ ပြီးတော့ မတော်တာတွေ လုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ အများနဲ့တွေ့ရမှာ ကြောက်တယ်။ ဒါနကုသိုလ်ရှိထားတဲ့ ပုဂ္ဂိုလ်ကတော့ ဘယ်သွားသွား ရဲရဲဝံ့ဝံ့ရှိနေတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မိမိက မေတ္တာ, ကရုဏာထားပြီး ပေးကမ်းစွန့်ကြဲတော့ သူတစ်ပါးရဲ့ အချီးအမွမ်းခံရတယ်။ သူတစ်ပါးရဲ့ အချစ်ခင်

http://www.dhammadownload.com

ခံရတယ်ဆိုတော့ သူ့မှာ ဘာဘေးရန်မှ မရှိဘူး။ အဲဒီလို ဘေးရန်မရှိဘဲနဲ့ ရဲရဲဝံ့ဝံ့ဖြစ်နေတာဟာ ဒါနရဲ့ (၄) ခုမြောက် အကျိုးပါပဲ။

နောက်ဆုံးအကျိုးကတော့ ဒါနရှင်ဟာ သေရင်ကောင်းရာသုဂတိလဲ လားတတ်ပါတယ်တဲ့။ ဒီ ဒါနကုသိုလ်ဟာ အခုမျက်မှောက်ဘဝမှာ အကျိုး (၄) မျိုးနှင့် နောင်တမလွန် အကျိုးတစ်မျိုးကိုရပြီး ဘဝအဆက်ဆက် နိဗ္ဗာန်ရတဲ့အထိ ဘောဂသမ္ပတ္တိ စားဝတ်နေရေး ပြေလည်ပြီး လူမှုရေး အကူအညီတွေလည်း ပေးနိုင်ပါတယ်။ အထူးအားဖြင့် ဒီမှာ အခုလို စိတ်ဓာတ်သန့်ရှင်းပြီး စိတ်ငြိမ်းချမ်းရေး ရဖို့ရန် ကြိုးပမ်းနေတဲ့ ပုဂ္ဂိုလ်တွေကို အဖက်ဖက်က အကူအညီပေးနေကြတာ, အဆောက်အဦတို့, ရေမီးတို့ စသည် အကူအညီပေးနေကြတာဆိုတော့ မျက်နှာမငယ်ရဘူးပေါ့။ စားဝတ်နေရေး မပြေလည်ရင် လူမှုရေး အကူအညီမပေးနိုင်တော့ မျက်နှာငယ်တယ်။

ဒါနကုသိုလ်ဟာ ယခု မျက်မှောက်ဘဝမှာလဲ မျက်နှာမငယ်အောင်, ဘဝအဆက်ဆက်မှာလဲ နိဗ္ဗာန်ရတဲ့အထိ မျက်နှာမငယ်အောင် ပြုတတ်တာမို့ သူ့ကို "ဘဝရဲ့ အဆင်တန်ဆာ" လို့ ခေါ်ပါတယ်။ သူ့ထက် အဆင့်အတန်းမြင့်တဲ့ အဆင်တန်ဆာတွေ ရှိပါသေးတယ်။ အဲဒါကတော့ ဒီနေ့ အချိန်မရတော့ဘူး။ (၁) နာရီနဲ့ (၁၅) မိနစ် ကြာသွားပါပြီ။ နောက်နောက် စနေနေ့ တွေကျမှပဲ ဆက်ပြီးတော့ ဟောပါရစေ။

အခုပြောပြတဲ့ ဒါနအကြောင်းတွေ, ဒါနရဲ့ အကျိုးတွေ

http://www.dhammadownload.com

သိလို့ ပရိသတ်ကြီးဟာ ယခု မျက်မှောက်ဘဝမှာလဲ ဒါနရဲ့ အကျိုးတွေ ရရှိခံစားပြီး ဘဝတစ်လျှောက်မှာလဲ နိဗ္ဗာန်ရတဲ့အထိ မျက်နှာမငယ်ရတဲ့ ဘဝအဆင်တန်ဆာကို ရအောင် ကြိုးစားနိုင်ကြပါစေလို့ ပြောရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

ဒါနကထာ

ဗုဒ္ဓနည်းကို ယူပြီးတော့

နေ့စဉ်ကတော့ ယောဂီတွေနဲ့ပတ်သက်နေတော့ ယောဂီတွေအတွက် တိုက်ရိုက် အကျိုးရှိနိုင်တဲ့ တရားစကားကိုပဲ ပြောရ, ဟောရပါတယ်။ စနေနေ့ကို အထူးတရား ဟောတဲ့နေ့အဖြစ် သတ်မှတ်ထားတာဖြစ်တော့ အားထုတ်ဆဲပုဂ္ဂိုလ်တွေအတွက်လဲ အကျိုးရှိမယ့်, ဘေးက လာရောက်နာတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း အကျိုးရှိမယ့် အများနဲ့ ပတ်သက်တဲ့တရားကို ရွေးချယ်ပြီး ဟောရပါတယ်။ ဗုဒ္ဓကိုယ်တိုင်လည်း အခြား ဟောစရာအကြောင်းထူး မရှိရင် တရားဟောခွင့်ကြုံတဲ့အခါ ဒါနပုဗ္ဗိကထာကို ဟောလေ့ရှိပါတယ်။ ဆိုလိုတာကတော့ ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမဂုဏ်အာရုံတွေကို အပြစ်ပြပြီးဟောတဲ့ ကာမာနံ အာဒီနဝကထာနဲ့ ထွက်ရာပေါက် မဂ္ဂကထာကို အစဉ်အတိုင်း ဟောလေ့ဟောထ ရှိခဲ့ပါတယ်။

အဲဒီ ဗုဒ္ဓနည်းကိုယူပြီးတော့ အများနဲ့ပတ်သက်တဲ့ ဒါနပုဗ္ဗိ

http://www.dhammadownload.com

ကထာကို နိုင်သမျှလေး ဟောပေးပါတယ်၊ ဘာဖြစ်လို့ ဒါနပုဗ္ဗကကထာကို ဟောရတုန်းဆိုတော့ လူတွေမှာ ပြုလွယ်တဲ့အခြေခံဒါနကုသိုလ်ကစပြီး ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဝန်မလေးဘဲနဲ့ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ကုသိုလ်ပြုတဲ့နည်းတွေကို သိသွားစေချင်တဲ့အတွက် ဒါနပုဗ္ဗကထာကို ဟောရပါတယ်။ ဘုန်းကြီးတို့ ရဟန်းတော်များမှာ စွမ်းနိုင်လို့ တရားဟောရင် မူလေးတွေ, စည်းကမ်းလေးတွေ ရှိရပါတယ်။ အဲဒီ မူစည်းကမ်းကတော့ တစ်ခါမှ တရား မဟောဘူးသေးတဲ့နေရာမှာ အကြောင်းအထူးမရှိရင် ဒါနကထာက စပြီး ဟောပါတဲ့။

ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ အဆင့်မြင့်တဲ့ ဘာဝနာတရားတွေချည်းသက်သက် ဟောသွားရင် တရားနာကြတဲ့ ပုဂ္ဂိုလ်အချို့က "ဒီတရားဟောတဲ့ ပုဂ္ဂိုလ်ဟာ ဒါနတွေ အလေးမထားဘူး။ ဒါန ပစ်ပယ်သွားတယ်" လို့လည်း စွပ်စွဲတတ်ကြပါတယ်။ အဲဒီလို အစွပ်အစွဲတွေလည်း ကင်းအောင် ဒါနကစပြီး ဟောရပါတယ်။ ပြီးတော့ "တစ်ချို့ပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းဆရာတွေဖြစ်ပါလျက် ဘာဝနာတရားကို အလေးပေးပြီး ဟောရမယ့်အစား ဘာဝနာတရားအလေးမပေးဘဲနဲ့ ဒါနအကြောင်း ထည့်သွင်းပြီး ဟောသွားရင် ဘာဝနာလုပ်ငန်းမှာ ပေါ့ပျက်ပျက်ဖြစ်သွားတယ်" လို့လည်း ယူဆကြတယ်။ ဒီတော့ ဒါနကိုဟောရင် ဒကာ ဒကာမတွေမှာ သဒ္ဓါတရားတွေဖြစ်ပြီး လှူစေချင်လို့ ဟောတယ်လို့လည်း တစ်ဖက်က အထင်အမြင်တစ်မျိုး ဖြစ်တတ်ပါတယ်။

http://www.dhammadownload.com

ဘုန်းကြီးမှာတော့ ဒီပရိသတ်အများနဲ့ ပတ်သက်တဲ့ တရား အခြေခံကစပြီး သိနားလည်စေချင်တဲ့သဘောသက်သက်ပဲ ရှိပါတယ်။ ဒီပြင် ဘာရည်ရွယ်ချက်မှ မရှိဘူး။

ပေးလှူလိုတဲ့ စေတနာရှိရုံနဲ့ ဒါနမြောက်ပြီလား

ဒါနဟာ–၁။ စေတနာဒါန ၂။ ဝတ္ထုဒါနလို့ နှစ်မျိုး ရှိပါတယ်။ အဲဒီ နှစ်မျိုးထဲက စေတနာဒါနဆိုတာ ပေးလှူကြောင်း ဖြစ်တဲ့ ကုသိုလ်စေတနာပါပဲ။ ဒီစကားအရ ပေးလှူကြောင်း ဖြစ်တဲ့ စေတနာကို ဒါနလို့ မှတ်ကြဖို့ပါပဲ။ ဝတ္ထုဒါနဆိုတာက ပေးလှူသင့် ပေးလှူထိုက်တဲ့ ပစ္စည်းများပါပဲ။ ဒီစကားအရ ပေးလှူသင့်တဲ့ ပစ္စည်းဝတ္ထုတွေကို ဒါနလို့ပဲ မှတ်ကြဖို့ပါပဲ။ ကျမ်းဂန်များမှာ အဲဒီ ဒါန (၂) မျိုးထဲက စေတနာဒါနကို အရင်းခံပြုပြီး မြတ်စွာဘုရား ဟောလေ့ဟောထ ရှိပါတယ်၊ ဘာဖြစ်လို့ အရင်းခံပြုပြီး ဟောရသတုန်းဆိုတော့ ပေးလှူလိုတဲ့ စေတနာရှိမှ အလှူဖြစ်ပါတယ်။ စေတနာ မရှိရင် အလှူမဖြစ် ပါဘူး။ ဒီတော့ ဒါနဖြစ်မြောက်ရေးမှာ စေတနာဟာ အကြောင်းရင်းဖြစ်တာမို့ အလှူဖြစ်မြောက်ကြောင်း စေတနာကို အရင်းခံပြုပြီး ဟောရပါတယ်။

ဒီစကားအရ ပေးလှူလိုတဲ့ စေတနာလေးရှိနေရင် ဒါနဖြစ်ပြီလို့တော့ မတွက်လိုက်ပါနဲ့၊ “ကိုယ်ပိုင်တဲ့ပစ္စည်းကို အလှူခံပုဂ္ဂိုလ်အား အပြီးအပိုင် စွန့်လွှတ်လိုက်မှ (ဝတ္ထုပရိစ္စာဂဖြစ်မှ)

http://www.dhammadownload.com

ဒါနဖြစ်တယ်” လို့လည်း နားလည်ဖို့ လိုပါတယ်။ “မိမိပိုင်ပစ္စည်း ပေါ်မှာ တွယ်တာတဲ့ လောဘ ရှိသူမှာတော့ ဒါန မဖြစ်ပါဘူး။ တွယ်တာမှုကင်းတဲ့ အလောဘဖြစ်သူမှာသာ ဒါနဖြစ်တယ်လို့” တစ်ဆင့်တိုးပြီး သိဖို့ပါပဲ။ အဲဒါကြောင့် အလောဘဟာလည်း ဒါန ဖြစ်ကြောင်းဖြစ်လို့ အဲဒီစေတနာနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ အလောဘ ကိုလည်း ဒါနထဲမှာ ထည့်သွင်းပြီး ကျမ်းဂန်များမှာ ရေတွက်ပြ ထားပါတယ်။

ဉာဏ်ယှဉ်ပြီးလှူမှု အထက်တန်းစား ဒါနဖြစ်တယ်

အခု ရှင်းပြချက်အရ ပရိသတ်ဟာ ဒါနရဲ့အဓိပ္ပာယ်ကို နားလည်သွားပြီ။ ပေးပုံလေးတွေ တစ်ဆင့်နားလည်ဖို့ လိုပါသေး တယ်။ ကျမ်းဂန်များမှာ ပေးပုံလေးတွေ ဖော်ပြပုံက **“ဒါနံ နာမ ပရံဥဒ္ဒိဿ သုဗုဒ္ဓိပုဗ္ဗိကာ အန္နာဒိဒသဒါန ဝတ္ထုပရိစ္စာဂစေတနာ”** တဲ့။ အဓိပ္ပာယ်က “ဒါန ဆိုတာ သူတစ်ပါးကို ရည်စူး၍ ဖြောင့်မှန် သော အသိဉာဏ် ရှေ့သွားရှိသော, ထမင်း အစရှိသော လှူဖွယ် (၁၀) မျိုးကို ပေးလှူကြောင်းစေတနာ” တဲ့။ ဆိုလိုတာကတော့ ဘာပဲလှူလှူ ဉာဏ်ရှေ့.သွားရှိရမယ်။ ဉာဏ်ယှဉ်ပြီးတော့ လှူရပါ မယ်တဲ့။” ဉာဏ်ရှေ့.သွားရှိရမယ်ဆိုတာ ကုသိုလ်ကံ အကုသိုလ် ကံတို့ရဲ့ အကျိုးပေးဟန် တွေ့.ရတဲ့အတွက်” ကုသိုလ်ဟာ အပြစ် ကင်းပြီး သန့်.ရှင်းတယ်။ သန့်.ရှင်းရင် ကောင်းကျိုးရတယ်၊ အကုသိုလ်ဟာ အပြစ်ရှိပြီး မသန့်.ရှင်းဘူး။ မသန့်.ရှင်းရင် ဆိုးကျိုး

http://www.dhammadownload.com

ရတယ်”လို့ ကံနဲ့ ကံရဲ့အကျိုးကို သိနားလည်တဲ့ ကမ္မသကတာ သမ္မာဒိဋ္ဌိ ရှိရမယ်လို့ ဆိုလိုတယ်။ ကောင်းကျိုးရပါစေ ဆိုတဲ့ မျှော်လင့်ချက် ထားပြီးတော့ မလုပ်ရဘူး။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံရဲ့ အကျိုးကို နားလည်ရမယ်။ ဉာဏ်ယှဉ်ပြီး လှူရမယ်လို့ ဆိုလိုပါတယ်။

ဒီနေရာဌာနမှာ ဉာဏ်ရှေ့သွားရှိရမယ်ဆိုတဲ့အတွက် ဉာဏ်ရှေ့သွား မရှိရင် ဒါန မဖြစ်တော့ဘူးလား လို့ မေးစရာရှိပါတယ်။ ဉာဏ်မပါလည်းဘဲ ဒါနဖြစ်တော့ ဖြစ်ပါတယ်။ “ဉာဏ်ရှေ့သွား ရှိရမယ်”ဆိုတဲ့စကားဟာ ဉာဏ်ယှဉ်ပြီးဖြစ်တဲ့ အကောင်းဆုံး ကုသိုလ်, အထက်တန်းစား ဥက္ကဋ္ဌကုသိုလ်ကို ရည်ရွယ်ပြီးပြောတဲ့စကားပါ။ ဉာဏ်ပင် ရှေ့သွားမရှိစေဦးတော့ ပုဂ္ဂိုလ်ကို ကြည်ညိုလေးစားခြင်း, လောကကျေးဇူးကြောင်းတွေကို ငဲ့ခြင်းစသည်ကြောင့် လှူဒါန်းရာမှာလည်း ဒါနတော့ ဒါနပါပဲ။ ဒါပေမယ့် အဲဒီအလှူဟာ ဒါနရဲ့အကျိုးသွားကို နားမလည်ဘဲ လှူတာမို့ ဉာဏ်မပါတဲ့ ဉာဏဝိပ္ပယုတ်ဒါနတော့ ဖြစ်ပါတယ်။ ပုံစံပြရရင်တော့ အချို့ကလေးများနဲ့ ဉာဏ်မရှိတဲ့ လူကြီးများမှာ အကျိုးပေးလိမ့်မယ်ဆိုတဲ့ အသိဉာဏ်မရှိပေမယ့် ချစ်ခင်မြတ်နိုးလို့ ပေးတာမျိုး, သနားလို့ပေးတာမျိုး, သူတို့အကျိုး လိုလားပြီး ပေးတာမျိုးတို့ ရှိတတ်ပါတယ်။ အဲဒီလို ပေးတာမျိုးကို ဉာဏ်မယှဉ်တဲ့ ဉာဏ ဝိပ္ပယုတ် ဒါနကုသိုလ်လို့ ဆိုပါတယ်။

http://www.dhammadownload.com

ဒါနမြောက်တဲ့အလှူနှင့် ဒါနမမြောက်တဲ့အလှူများ

ပြီးတော့ ဒါနမဖြစ်တဲ့ အပေးမျိုးလဲ ရှိပါသေးတယ်။ တစ်ချို့ အလှူခံတွေက "လှူရမယ်" လို့ ဆိုပြီး ဓားပြတိုက်သလို လာတောင်းလို့ အားနာပါးနာနဲ့ ပေးလိုက်ရတာတွေ ရှိတယ်။ အဲဒါမျိုးကတော့ ဒါနမဖြစ်နိုင်ပါဘူး။ ပြီးတော့ ကြောက်လို့ ပေးရတာမျိုးလည်း ရှိတယ်။ အဲဒါလည်း ဒါနမဖြစ်နိုင်ပါဘူး။ ပြီးတော့ ဒီလိုပေးလိုက်ရင် တစ်စုံတစ်ရာ လာဘ်လာဘတွေတော့ ရမှာပဲ။ ကိုယ့်အတွက် အကျိုးရှိမှာပဲ။ လောကီကျိုးတော့ရမှာပဲ။ အဲဒီလို အကျိုးမျှော်ပြီးတော့ ပေးတာမျိုး, ပြီးတော့ အမျိုးသားနဲ့ အမျိုးသမီး ချစ်ကြိုက်လို့ ပေးတာမျိုးတွေလည်း ရှိပါတယ်။ အဲဒါတွေကတော့ ဒါနအလျဉ်းမဖြစ်နိုင်ပါဘူး။ ဒါန ပြောရင် မတွယ်တာခြင်း ဆိုတဲ့ အလောဘ ထည့်ပြောဖို့လည်း လိုပါသေးတယ်။ လူတွေမှာ မိမိပစ္စည်းအပေါ် တွယ်တာတတ်တာကတော့ ဓမ္မတာပါပဲ။ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။

သို့သော် ပုဂ္ဂိုလ်ကို ကြည့်ညိုတဲ့အခါမှာပဲဖြစ်ဖြစ်, စစ်မှန်တဲ့ မေတ္တာ, ကရုဏာသက်ရောက်ပြီး အကျိုးကိုလိုလားတဲ့အခါမှာပဲဖြစ်ဖြစ် တွယ်တာမှုကိုတော့ ဖြတ်တောက်နိုင်ကြပါတယ်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ပေါ်မှာ သူ့ရဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ မိမိစိတ်ထဲမှာ ကျေနပ်နေပြီဆိုရင် ကြည့်ညိုအားရတဲ့စိတ်တွေ ဖြစ်လာတော့တာပဲ။ အဲဒီအခါမှာ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းပေါ်မှာ အတွယ်အတာတွေဟာ လွတ်သွားတာပါပဲ။

http://www.dhammadownload.com

တစ်နည်းအားဖြင့် အလှူခံပုဂ္ဂိုလ်ကို မိမိလှူဒါန်းတဲ့ပစ္စည်းကို စားသုံးပြီးတော့ ချမ်းသာစေချင်တဲ့ တကယ့် မေတ္တာစစ်, ပစ္စည်းချို့တဲ့လို့ ဆင်းရဲမယ့်အခြေအနေကို မရှုစိမ့်နိုင်တဲ့, အဲဒီ ဆင်းရဲကို ဖယ်ရှားလိုတဲ့ ကရုဏာစိတ်ရောက်ပြီး သူ့ရဲ့အကျိုးကို လိုလားတဲ့ စိတ်တွေ ဖြစ်လာတဲ့အခါ မျိုးမှာ အတွယ်အတာတွေ လွတ်သွားတာပါပဲ။ အဲဒီလိုအခြေအနေ ရောက်လာရင် အလှူဟာ မြောက်တာပါပဲ၊ လှူဖြစ်တော့တာပါပဲ။

ဒါနကုသိုလ်ဖြစ်ဖို့ရာ အင်္ဂါရပ်များ

ဒီနေရာဌာနမှာ ဗောဓိသတ္တာ=ဘုရားအလောင်းတော်များမှာ ပစ္စည်းဥစ္စာသာမက ကိုယ့်အသက်ကိုပင် စွန့်နှုတ်တဲ့ ရက်ရောမှုလေးတွေ နည်းနည်းထည့်သွင်းပြီးတော့ ပြောလိုပါသေးတယ်။ အဲဒီလို အသက်ကိုတောင်မှ စွန့်နိုင်ခြင်းရဲ့အကြောင်းရင်းကတော့ မေတ္တာကရုဏာတွေပါပဲ။ အထူးအားဖြင့် ကရုဏာတွေပါပဲ။ မေတ္တာကရုဏာကြီးမားတဲ့အတွက် ဘုရားအလောင်းဟာ ပါရမီတွေကို လေးအသချေ်နှင့် ကမ္ဘာတစ်သိန်းဖြည့်တုန်းမှာ ရက်ရက်ရောရော စွန့်လွှတ်ခဲ့တဲ့ အလေ့ကနေပြီး ပစ္စည်းပေါ်မှာ မတွယ်မှု, မမက်မှု, စွန့်လွှတ်မှုတွေဟာ သိပ်အားကောင်းလာပါတယ်။ ရင့်သန်လာပါတယ်။ အဲဒီ အလေ့အထက အမြဲတမ်း ပါနေတော့ မြတ်စွာဘုရားသခင်ဟာ တရားသဖြင့် ရတဲ့ ပစ္စည်းတွေပေါ်မှာ အတွယ်အတာ မရှိခဲ့ပါဘူး။ ပစ္စည်းရတာနဲ့ပဲ အလှူခံပုဂ္ဂိုလ်ကို

http://www.dhammadownload.com

ရှာနေတာပဲ။ အလှူခံပုဂ္ဂိုလ်လာရင် အသင့်လှူမယ်။ ဖြစ်နိုင်ရင် အဂၢါ ခြေလက် အသက်တောင်မှ လှူမယ်ဆိုတဲ့စိတ် အမြဲတမ်း ရှိနေတာပဲ။

ဒီစကားအရ... ဘုရားအလောင်းဟာ ပါရမီဖြည့်တုန်းက ပေးလှူခြင်းအားဖြင့် ပစ္စည်းပေါ်မှာ တွယ်တာတဲ့ လောဘကို အဆင့်ဆင့် အဆက်ဆက် အနိုင်ယူခဲ့တယ်။ "ဒါနကလည်း လောဘကို နိုင်တယ်" ဆိုတဲ့အချက်ဟာ သိပ်ထင်ရှားပါတယ်။ ဘုရားအလောင်းတော်မှာတော့ အလောင်းတော် ဘဝမှာလည်း ပစ္စည်းဟာ မရှားခဲ့ပါဘူး။ လိုတာထက် ပိုခဲ့ပါတယ်။ အထူး အားဖြင့် ဘုရားဖြစ်တဲ့အခါမှာ ဒါနပါရမီတွေက နောက်ဆုံး အကျူးပေးတဲ့အနေနဲ့ အလုအယက အကျူးပေးတာ။ ဘုရားရှင်မှာ ပစ္စည်းလာဘ်လာဘတွေဟာ လိုလေသေးမရှိအောင်ဘဲ ပေါများ နေတာပါပဲ။ မြတ်စွာဘုရားရဲ့ ပစ္စည်းလာဘ်လာဘကို အမှီပြုပြီး တပည့်သား သာဝကတွေမှာလည်း အများကြီးချမ်းသာပါတယ်။ ဒီတော့ ဒါနကုသိုလ်ဟာ စနစ်တကျ လှူတတ်ရင် အများကြီး အကျိုးပြုနိုင်တယ်ဆိုတာ သိပ်ထင်ရှားပါတယ်။

တချို့ပုဂ္ဂိုလ်များမှာတော့ မေတ္တာ, ကရုဏာ မထားနိုင်တဲ့ အတွက် ဒါနကုသိုလ် မဖြစ်တာတွေလည်း လောကမှာ ထင်ရှား ပါတယ်။ တစ်ချို့ပုဂ္ဂိုလ်များမှာ သဒ္ဓါတရားအလျဉ်းမရှိလို့ ဒါန မဖြစ်တာလည်း ထင်ရှားပါတယ်။ တစ်ချို့ ပုဂ္ဂိုလ်များမှာတော့ ပစ္စည်းပေါ်မှာ တွယ်တာလို့ ဒါနကုသိုလ်မဖြစ်တာလည်း ထင်ရှား

http://www.dhammadownload.com

ပါတယ်။ ပစ္စည်းပေါ်မှာ မတွယ်တာပေမယ့် မလှူလိုလို့ ဒါန ကုသိုလ် မဖြစ်တာတွေလည်း ထင်ရှားပါတယ်။ ဒီတော့ ဒီစကား ကို ကောက်ချက်ချလိုက်ရင် ဒါနကုသိုလ်ဖြစ်ရေးမှာ မေတ္တာ ကရုဏာလည်း ပါရမယ်။ ဒါနကုသိုလ်ရဲ့ အကျိုးကိုလည်း ယုံကြည်ရမယ်။ ပစ္စည်းအပေါ်မှာလည်း အတွယ်အတာ ကင်းရ မယ်။ လှူလိုတဲ့သဘောလည်း ရှိရမယ်ဆိုတာ စင်းစင်းကြီး ပေါ်လာပါပြီ။ အဲဒီဟာတွေရှိမှ ဒါနမြောက်နိုင်တယ်ဆိုတာ နားလည်ဖို့ပါပဲ။ အခု ပြောခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပြည့်စုံရင် ကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်ကို ကြည်ညိုရင် ဒါနမြောက်ပါပြီ။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးစီးပွား လိုလားပြီဆိုရင် ကိုယ့်အနှစ်သက် ဆုံး ဖြစ်တဲ့ပစ္စည်းကိုတောင်မှ အခုခေတ် ရက်ရက်ရောရော လှူတာတွေ ရှိပါတယ်၊ ပေးလှူပုံနဲ့စပ်ပြီး ဒီလောက်ရှင်းပြလို့ ဘုန်းကြီးတို့ပရိသတ် နားလည်လောက်ပါပြီ။

ဒါနအမျိုးမျိုး

စေတနာရဲ့အမျိုးအစားတွေကို ဆက်လက်ပြီး ရှင်းပြပါဦး မယ်။ အဲဒီ စေတနာဟာ– ၁။ ပုဗ္ဗ စေတနာ ၂။ မုဉ္စစေတနာ ၃။ အပရစေတနာလို့ (၃) မျိုး ရှိပါတယ်။ ပုဗ္ဗစေတနာဆိုတာ မလှူခင် လှူမယ်ဆိုတဲ့ စိတ်တွေဖြစ်နေတာ, ပြီးတော့ လှူတော့ မယ်လို့ ဆုံးဖြတ်ချက်ချတဲ့အချိန်ကစပြီး လှူရုန် ပစ္စည်းတွေကို ရှာဖွေစုဆောင်းနေတာတွေပါပဲ။ မုဉ္စစေတနာဆိုတာက "ဒီပစ္စည်း

http://www.dhammadownload.com

ကို အသင့်အား ပေးလှူပါတယ်” လို့ စွန့်လွှတ်နေဆဲ အခိုက်အတန့်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ စေတနာပါပဲ။ ဒီအပိုင်းရောက်မှ “လှူပါ၏” လို့ ဆုံးဖြတ်ချက်ချသွားလို့ “သန္နိဋ္ဌာနစေတနာ” လို့လည်း ခေါ်ပါတယ်။ အဲဒီအခါကျမှ အလှူမြောက်ပါတယ်။ တစ်ချို့ တစ်ချို့ ပုဂ္ဂိုလ်တွေမှာ စွန့်ကြဲလှူဒါန်းပြီးတဲ့နောက်ပိုင်းမှာ “ငါလှူမိတာ မှားလိုက်လေခြင်း, ပေးမိတာ မှားလေခြင်း, ကူညီမိတာ မှားလေခြင်း” ဆိုတဲ့ နောင်တမျိုးရှိတတ်ပါတယ်။ စွန့်ကြဲပေးကမ်းပြီးတဲ့ နောက်ပိုင်းမှာ “ငါ ဒီဒါနကုသိုလ် လုပ်လိုက်ရတာ သိပ်ဝမ်းမြောက်ဖို့ ကောင်းတာပဲ။ ကုသိုလ်တွေ အများကြီးဖြစ်သွားပြီ” လို့ ဝမ်းမြောက်ဝမ်းသာ အဆင့်ဆင့် အဆက်ဆက် ဖြစ်နေတဲ့ စေတနာကို “အပရစေတနာ” လို့ ခေါ်ပါတယ်။

တစ်ဆက်တည်းပဲ ဒါန ကွဲပြားခြားနားချက်လေးတွေ ပရိသတ်ကို သိစေချင်ပါသေးတယ်။ ဟီန ဒါန–အယုတ်အညံ့ ဒါန၊ မဇ္ဈိမဒါန–အလယ်အလတ် ဒါန၊ ပဏီတဒါန–အထက်တန်းစား အမြတ် ဒါနလို့ သုံးမျိုးခွဲခြားထားပါသေးတယ်။ အဲဒီ (၃) မျိုးထဲက ဆန္ဒ, စိတ်, ဝီရိယ, ပညာ ခပ်ညံ့ညံ့ အားနည်းနည်းနဲ့ ပြုရတဲ့ဒါနမျိုးကို “အနိမ့်စား, အညံ့စား–ဟီနဒါန” လို့ ဆိုပါတယ်။ ဆန္ဒကလည်း မပြင်းပြလှဘူး။ စိတ်ကလည်း ထက်ထက်သန်သန် မရှိဘူး။ ဒါနပြုရေးမှာ စိတ်ကလည်း အေးဆေးဆေးဖြစ်တယ်၊ ဝီရိယကလည်း မထက်သန်ဘူး။ ဒါနရဲ့ အကျိုးကို

http://www.dhammadownload.com

ဆင်ခြင်တဲ့ ဉာဏ်ကလည်း ခပ်ညံ့ညံ့ အားမကောင်းလှဘူး။ အဲဒီလို ပြုရတဲ့ ဒါနမျိုးက ဟီနဒါနလို့ ခေါ်ပါတယ်။ ဆန္ဒ, စိတ်, ဝီရိယ, ပညာ အလယ်အလတ် ထက်သန်ရင် "မဇ္ဈိမဒါန–အလယ်အလတ်တန်းစား ဒါန" လို့ ခေါ်ပါတယ်။ ခုနပြောခဲ့တဲ့တရားတွေ ထက်ထက်သန်သန် အားကောင်းပါးကောင်းနဲ့ ပြုလုပ်တဲ့ဒါနကို "ပဏီတဒါန–အထက်တန်းမြင့်မြတ်တဲ့ဒါန" လို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့် မိတ်ဆွေ ပေါချင်လို့, နာမည်ကြီးချင်လို့ လှူဒါန်းတဲ့ ဒါနမျိုးလည်း ရှိပါတယ်။ အဲဒီ ဒါနမျိုးကို "ဟီနဒါန" လို့ ဆိုပါတယ်။ ဒါနကုသိုလ်ရဲ့အကျိုးကို တောင့်တပြီး လှူတဲ့ ဒါနမျိုးကို "မဇ္ဈိမဒါန" လို့ ဆိုပါတယ်။ ဆိုကြပါစို့ အစားအသောက် တစ်မျိုးတည်း လှူဒါန်းခြင်းအားဖြင့် နောက်ထပ် အလှူငါးမျိုး တစ်ခါတည်း လှူပြီးသား ဖြစ်သွားတယ်။ အသက် အလှူ, အဆင်းအလှူ, ချမ်းသာအလှူ, ခွန်အားအလှူနဲ့ ဉာဏ်ပညာ အလှူတို့ပဲ။ အစာနဲ့မကင်းနိုင်တဲ့ ပုဂ္ဂိုလ်တွေက အစာစားရမှ အသက်ရှင်တာ, အစာစားရမှ အဆင်းလှတာ, အစာစားရမှ ခွန်အားနဲ့ ပြည့်စုံတာ, အစာစားရမှ နေသာထိုင်သာရှိပြီးတော့ ချမ်းသာတာ, အစာစားရမှ အကြံကောင်း, ဉာဏ်ကောင်းတွေ လည်း ဖြစ်တာ။ ဒီတော့ စားဖွယ်တစ်ခု လှူလိုက်ရင် အဲဒီအကျိုးတွေ ရပါစေလို့ ဒါနရဲ့အကျိုးကို မျှော်ကိုးပြီး လှူတဲ့ဒါနဟာ အလယ်အလတ်တန်းစား–မဇ္ဈိမဒါန ခေါ်တယ်။ အဲဒီလို မမျှော်ဘဲ ဒါနဆိုတာဟာ တကယ် သူတော်ကောင်းတွေ ပြုရမယ့်အလုပ်

http://www.dhammadownload.com

ပါလို့ သူတော်ကောင်းရဲ့ တာဝန်ကို သိနားလည်ပြီး လှူဒါန်းတဲ့ ဒါနဟာ ပဏီတ မြင့်မြတ်တဲ့ အထက်တန်းစား ဒါနလို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့် မိမိကိုယ်ကို မြှောက်ပင့်ပြီး သူတစ်ပါးကို နှိမ့်ချိုးတဲ့ စိတ်ထားမျိုး မကင်းတဲ့ ဒါနမျိုးက ဟီနဒါန ဆိုပါတယ်။ ဆိုကြပါစို့၊ မိမိတို့ကတော့ လှူနိုင်တယ်ဟော့၊ ဘယ်သူကတော့ ကပ်စေးနဲတာပဲလို့ ကိုယ့်ကိုယ်ကို မြှောက်ပြီး သူတစ်ပါးကို နှိမ့်တဲ့ ဒါနမျိုးသာ အဆင့်နိမ့်ပါတယ်။ ဟီနဒါန ဆိုပါတယ်။ အဲဒီလို စိတ်ထားမျိုး ကင်းပြီး လောကီကောင်းကျိုးချမ်းသာ ပြည့်စုံမှုကို ရည်မှန်းပြီး ပြုရင် မဇ္ဈိမဒါန ဖြစ်သွားတယ်။ မဂ်ဖိုလ်ချမ်းသာကို ရည်မျှော်ပြီး ပြုတဲ့ ဒါနဆိုရင် ပဏီတဒါနထဲမှာ ပါပါတယ်။ တစ်နည်းအားဖြင့် ဘဝပြည့်စုံရေးနှင့် ဘဝချမ်းသာရေးကို မျှော်လင့်ပြီး ပြုရင်လည်း အဆင့်နိမ့်တဲ့ ဒါန ဖြစ်ပါတယ်။ ပြီးတော့ ဘဝသံသရာမှ တစ်ကိုယ်ရေ လွတ်မြောက်ရေးကို မြော်ရှုပြီး လှူဒါန်းရင် မဇ္ဈိမဒါန ခေါ်ပါတယ်။ သတ္တဝါများရဲ့ သံသရာလွတ်မြောက်ရေးကို မျှော်တွေးပြီး ဘုရားအလောင်းတို့ ဖြည့်ကျင့်တဲ့ ဒါနပါရမီမျိုးကတော့ အမြတ်ဆုံး ပဏီတဒါန ဖြစ်တယ်။ ဒါတွေဟာ တစ်မျိုးထက်တစ်မျိုး အဆင့်ဆင့် သာလွန်ပုံကို ဖော်ပြတာပါပဲ။

အဲဒီ ပြောခဲ့တဲ့ထဲက သူ့နေရာနဲ့သူ ပဏီတဒါနဖြစ်အောင် ထူထောင်ကြဖို့ လိုပါတယ်။ အခု ဒီဌာနကြီးက ဆိုရင် မကင်း

http://www.dhammadownload.com

စကောင်းတဲ့ ဒါနကုသိုလ်တွေ ပြုကြတာ တစ်ကိုယ်ရေ ဘဝ လွတ်မြောက်ရေးအတွက် ပြုတာဆိုရင် တော်တယ်။ အများ ချမ်းသာရေးအတွက် ရည်ရွယ်ပြီးလှူတဲ့ စားစရာတွေ, နေရာ ထိုင်ခင်းတွေ ရေမီးကအစ ဆေးဝါး စသည့် ပစ္စည်းတွေကို သုံးစွဲ ပြီးတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ မပင်မပန်း အခုလို အဆင့် မြင့်တဲ့ သတိပဋ္ဌာန်ဘာဝနာတရား အားထုတ်ပြီးတော့ ဝိပဿနာ ဉာဏ်တွေ အခြေခံကစပြီး တစ်ဆင့်နဲ့ တစ်ဆင့် ရင့်ကျက်ပြီး နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရရှိပြီး အနည်းဆုံး အပါယ် ဘဝက လွတ်မြောက်ကြပါစေလို့ အများပေါ်မှာ မျှော်ရှုပြီး ပြုတဲ့ ဒါနကတော့ သိပ်ကောင်းတဲ့ ပဏီတဒါန ခေါ်ပါတယ်။ အဲဒီ ဒါနမျိုး ရှိတဲ့ပုဂ္ဂိုလ်က နိဗ္ဗာန်ရတဲ့အထိ ချမ်းသာအမျိုးမျိုးရဲ့ အကြောင်း ဖြစ်သွားမှာပါ။ ပြီးတော့ စည်းစိမ်ချမ်းသာ အမျိုးမျိုးရဲ့ အရင်းခံ လည်း ဖြစ်သွားနိုင်ပါတယ်။ စားသုံးဖွယ်ရာ အမျိုးမျိုး၏ ထောက်ရာတည်ရာ အားကိုးရာလည်း ဖြစ်တယ်လို့ ဆိုတဲ့အတိုင်း ဘဝတစ်လျှောက်လုံးမှာ စားဝတ်နေရေး ပြေလည်မှု၏ ထောက် တည်ရာလည်း ဖြစ်သွားပါလိမ့်မယ်။ စားဝတ်နေရေး ပြေလည် နေလို့ မျက်နှာမငယ်တဲ့ အဆင့်တန်ဆာ, လူမှုရေး အကူအညီ ပေးနိုင်တော့ မျက်နှာမငယ်တဲ့ အဆင့်တန်ဆာ, အခုလို ကိုယ်ကျင့် တရား ကောင်းမွန်ပြီး စိတ်ထားဖွံ့ဖြိုး အသိဉာဏ် တိုးစေနိုင်တဲ့ အကျင့် ကျင့်သုံးရေးမှာ ကိုယ်နိုင်သမျှ ကူညီပေးနိုင်ပြီဆိုရင် အားမငယ်တဲ့ အဆင့်တန်ဆာ တွေလည်း ရသွားမှာပါ။

http://www.dhammadownload.com

ဒါကြောင့် ဒါနကုသိုလ်ဟာ ရိုးရိုးအဆင်တန်ဆာတွေထက် မြင့်မြတ်ပါပေတယ်လို့ ဒီအဆင်တန်ဆာရှိရင် ဘဝတစ်လျှောက်မှာ မျက်နှာမငယ်ရတဲ့အကျိုးတွေ ရသွားနိုင်တယ်လို့ ကျမ်းဂန်များမှာ ပြထားပါတယ်။ ဒါကြောင့် အခုပြောခဲ့တဲ့ အစီအစဉ်အတိုင်း ပဏီတဒါနတွေ ရွေးချယ်ပြုလုပ်ပြီး ဘဝတစ်လျှောက်လုံးမှာ မျက်နှာမငယ်စေတတ်တဲ့ ဒါနကုသိုလ်တွေ ပြုလုပ်ပြီး နိဗ္ဗာန်ရောက်တဲ့အထိ အဆင့်အတန်းမြင့်တဲ့တရားတွေ အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဒီနေ့တရား အဆုံးသတ်လိုက်ပါတယ်။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

ဗုဒ္ဓဓနု

ဝမ်းသာလွန်းလို့ ဥဒါန်းကျူး

ဒီနေ့ ဝေသာခမာသ=ကဆုန်လပြည့်ဗုဒ္ဓနေ့ပါပဲ၊ ဗုဒ္ဓနေ့ဆိုတော့ ဗုဒ္ဓသာသနာဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ ဘုရားကို ပူဇော်တဲ့အနေနဲ့ လူမျိုးအလိုက်, တိုင်းပြည်အလိုက် ဗုဒ္ဓနေ့နဲ့ပတ်သက်တဲ့ ပွဲတွေ ဆင်နွှဲကျင်းပကြပါတယ်။ ဘုန်းကြီးတို့ ဒီမှာ လာတာကတော့ ကဆုန်လပြည့်ပွဲ ဆင်နွှဲဖို့ မဟုတ်ပါဘူး၊ ဗုဒ္ဓနေ့နဲ့ပတ်သက်ပြီး ပြောသင့်တဲ့အချက်ကလေးတွေ ပြောဖို့ ဘုန်းကြီးက တရားလေးတစ်ပုဒ် စီစဉ်ထားပါတယ်။ မြတ်စွာဘုရားဟာ ဒီနေ့ဒီရက်မှာ အခု "ဗုဒ္ဓဂယာ" ခေါ်တဲ့ နေရာဌာန ဗောဓိပင်အောက်မှာ တရားဓမ္မတွေ ကျင့်သုံးလို့ ကိလေသာတွေ မှန်သမျှကို ဝါသနာနှင့်တကွ အပြတ် တစ်ခါတည်း ရှင်းတယ်။ နောက်ဆုံး အရဟတ္တာမဂ်နဲ့ အပြတ်ရှင်းလိုက်တဲ့အခါ အခြားအခြား ဗုဒ္ဓဉာဏ်တွေနဲ့အတူ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပါတယ်။ ဒီသဗ္ဗညုတဉာဏ်ကြီး ရရှိတာကိုပဲ ဘုရားလို့ ခေါ်တာပါပဲ။ ဘုရားဖြစ်သွားတယ်။

http://www.dhammadownload.com

အရဟာတ္တာမဂ်ိန့် ကိလေသာတွေကို ပယ်ဖျက်ပြီးတဲ့အခါ "ပစ္စဝေက္ခဏာ" ခေါ်တဲ့ အသီးအသီး ဆင်ခြင်မှုတွေ ဖြစ်ပါတယ်။ သောတာပတ္တိမဂ်ိကို ရပြီးတဲ့နောက်ပိုင်းမှာ မိမိ ရရှိသွားတဲ့ မဂ်ိကို ဆင်ခြင်တယ်။ ဖိုလ်ိကို ဆင်ခြင်တယ်၊ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ိကို ဆင်ခြင်တယ်။ ပယ်ပြီး ကိလေသာတွေကို ဆင်ခြင်တယ်၊ မပယ်ရသေးတဲ့ ကိလေသာတွေကို ဆင်ခြင်တယ်။ အဲဒီ ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာစိတ် (၅) ကြိမ် ဖြစ်တယ်။ ထို့အတူ သကဒါဂါမိမဂ်ိ ရပြီးတဲ့နောက်ပိုင်းမှာလဲ (၅) ကြိမ်, အနာဂါမိမဂ်ိ ရပြီးတဲ့ နောက်ပိုင်းမှာလဲ (၅) ကြိမ်, အားလုံး (၁၅) ကြိမ်၊ အရဟာတ္တာမဂ်ိ ရပြီးတဲ့နောက်မှာ ရပြီးတဲ့ မဂ်ိ, ဖိုလ်ိ, နိဗ္ဗာန်ိနဲ့ ပယ်သတ်ပြီး ကိလေသာတွေကိုသာ ဆင်ခြင်တော့တယ်။ မပယ်ရသေးတဲ့ ကိလေသာတွေက မရှိတော့ဘူး။ ပယ်ပြီး ကိလေသာတွေကို အသီးသီး ဆင်ခြင်ရာမှာ လောဘခေါ်တဲ့ ကိလေသာ အလှည့်ရောက်သွားတဲ့အခါ "ဒီလောဘကြောင့် သံသရာတစ်လျှောက်လုံးမှာ ဆင်းရဲဒုက္ခတွေ ရောက်ခဲ့ ရတာ၊ ဒင်းကိုတော့ ငါတွေ့ပြီ၊ ဒင်းကို ငါနှိုင်ပြီ" လို့ ဆင်ခြင်လိုက်ရာ အင်မတန် ဝမ်းသာလို့ ဥဒါန်းဂါထာနဲ့ မြတ်စွာဘုရားစိတ်ထဲမှာ ကျူးရင့်တော်မူပါတယ်၊

မြတ်စွာဘုရားစိတ်ထဲမှာ ကျူးရင့်တဲ့ ဂါထာကတော့ ...

အနေကဇာတိသံသာရံ, သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော, ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ, ပုန ဂေဟံ န ကာဟသိ။

http://www.dhammadownload.com

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ, ဂဟကူဋံ ဝိသခိ်တံ။
ဝိသခ်ါရဂတံ စိတ္တံ, တဏှာနံ ခယမဇ္ဈဂါ တဲ့။

မြတ်စွာဘုရားစိတ်ထဲမှာ ကျူးရင့်တာနော်။ ဘုန်းကြီးက ပရိသတ် နားထောင်ရအောင် အသံထွက်ပြီး ရွတ်ပြတာ။

ဥဒါန်းစကားရဲ့ အဓိပ္ပာယ်

အဓိပ္ပာယ်ကတော့ ...

"ဘဝအသစ်ဖြစ်ရခြင်းဟာ အိုနာသေရေး ဒုက္ခဘေးတွေနဲ့ ရောထွေးနေတာမို့ ဘဝသစ် ဖြစ်ရခြင်းသို့ ခဏခဏ ချဉ်းကပ်ရတာဟာ ဆင်းရဲတယ်တဲ့။ ဘဝအသစ်ကို ဖန်တီးတတ်တဲ့ တဏှာယောကျ်ား လက်သမား ကို မတွေ့သေးရင် အဲဒီ ဘဝသစ် ဇာတိဆင်းရဲဟာ နောက်ဆုတ် မသွားပါဘူးတဲ့။ မကင်းပါဘူးတဲ့။ အဲဒီ အကြောင်း(၂) ချက်ကြောင့် ခန္ဓာကိုယ်အိမ်ကြီးကို ဆောက်လုပ်တတ်တဲ့ တဏှာယောကျ်ား လက်သမား ကို မနားမနေ ရှာဖွေတဲ့ အခါ တဏှာယောကျ်ား လက်သမား ကို မြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီး မရသေးလို့ သို့ကလောက် လေးအသချေ်နှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အသိန်းအသန်းမက ဘဝများစွာ သံသရာစက်ဝိုင်းကြီးကို လှည့်လည်ပြီးတော့ ပြေးခဲ့ရပြီ၊ လည်ခဲ့ရပြီ" တဲ့။

"ဟဲ့... တဏှာယောကျ်ားလက်သမား၊ ယခု သဗ္ဗညုတဉာဏ်တော်ကြီးကို ငါရပြီတဲ့၊ ဒါ့ကြောင့် သင့်ကို ငါတွေ့ပြီ၊ သင်

http://www.dhammadownload.com

ရှေ့ဆက်ပြီးတော့ ငါခန္ဓာအိမ်ကြီးကို ဘယ်နည်းနဲ့မှ မတည်ဆောက်နိုင်တော့ဘူး။ ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော ကိလေသာတည်းဟူသော အခြင်ရနယ် (ဒိုင်းမြှား)တွေကိုလည်း အကုန်လုံးဖျက်ဆီးပြီးပြီ။ အိမ်ရဲ့အထွတ် (ခေါင်ချုပ်)သဖွယ် ဖြစ်တဲ့ အဝိဇ္ဇာကိုလည်း မှုန့်မှုန့်ညက်ညက် ဖျက်ဆီးပြီးပြီ။ ငါ့ရဲ့စိတ်ကလေးဟာ ရုပ်နာမ်သခါရတရား တို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုတဲ့အနေအားဖြင့် ရောက်နေပြီ။ သင် တဏှာယောကျ်ားလက်သမား ရဲ့ ကုန်ရာဖြစ်တဲ့ အရဟတ္တဖိုလ်ကြီးကိုလည်း ငါရနေပြီ" တဲ့။

ဘုရားဖြစ်တော်မူပုံ

ဘုရားဖြစ်ပုံ နည်းနည်းလေးချဲ့ပြီးတော့ ပြောလိုပါသေးတယ်။ မြတ်စွာဘုရားဟာ ဗောဓိပင် ခြေရင်းမှာ ထိုင်တော်မူပြီး နေ့မဝင်ခင်အချိန်လေးမှာ မာရ်စစ်သည်တို့ကို နိုင်တော်မူတယ်တဲ့၊ ညဦးပိုင်းမှာ ရှေးရှေးသော ဘဝကနေထိုင်ခဲ့ဘူးတဲ့ အခြေအနေတွေကို ဖုံးလွှမ်းထားတဲ့ အမိုက်တိုက်ကြီးကို ဖျက်ဆီးတဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကြီး ရရှိတော်မူပါတယ်။ မဇ္ဈိမယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်တော်ကြီးကို ရရှိတော်မူပါတယ်တဲ့။ "ဒိဗ္ဗစက္ခု" ဆိုတာ ဝေးဝေးက အရာတွေ, မှုန်မှားတဲ့ အရာတွေကို မြင်စွမ်းနိုင်တဲ့ နတ်မျက်စိကဲ့သို့သော ဒိဗ္ဗစက္ခုအာဘိညာဉ်ပါပဲ။

နောက်ဆုံး ပစ္ဆိမယာမ်မှာတော့ အားလုံး လူ နတ် ဗြဟ္မာ

http://www.dhammadownload.com

သတ္တဝါတွေအပေါ်မှာ ကြင်နာ သနားမှု အကြောင်းပြုပြီးတော့ “ပစ္စယာကာရ” ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်တရားတွေပေါ်မှာ ဉာဏ်ချသွင်းကာ အနုလုံ ပဋိလုံအနေအားဖြင့် သုံးသပ်ဆင်ခြင်တော်မူပါတယ်။ အဲဒီလို သုံးသပ်ဆင်ခြင်လို့ အရဏ်တက်တဲ့အခါမှာပဲ ကိုယ်ထဲက ရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်ကိုရှုလို့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး မဂ် (၄) ပါး, ဖိုလ် (၄) ပါးကို တစ်ဆက်တည်း ရရှိသွားတယ်။ နောက်ဆုံး အရဟတ္တာမဂ်နဲ့ ကိလေသာတွေအကုန်လုံး ပယ်သတ်ပြီးတော့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိသွားတယ်။

အဲဒီလို ရရှိပြီးတဲ့နောက်ပိုင်းမှာ သိန်းပေါင်းများစွာသော ဘုရားအဆူဆူတို့ လက်မလွတ်တဲ့ အသုံးပြုခဲ့တဲ့ အနေကဇာတိသံသာရံအစရှိတဲ့ ဂါထာကို စိတ်ထဲမှာ ရွတ်တာပါပဲ။ အဲဒီဂါထာမှာ လိုရင်းကတော့ “အနေကဇာတိ သံသာရံ, သန္ဓာဝိဿံ အနိဗ္ဗိသံ” ဆိုတာပါပဲ။

သေပြီးနောက် ဘဝသစ်ပြန်ဆက်ရခြင်းအကြောင်း

အဲဒီထဲက “အနေကဇာတိ သံသာရံ” ဆိုတဲ့စကားစုမှာ ဇာတိ–ဆိုတာဟာ ဘဝအသစ် ဖြစ်ရတာပါပဲ။ ဒီဘဝအသစ်ဖြစ်ရတာဟာ တစ်ဘဝတည်း မဟုတ်ပါဘူး။ အနေက=အများကြီးပဲတဲ့၊ မရေမတွက်နိုင်ဘူး။ အဲဒီဘဝပေါင်းများစွာ ရုပ်နာမ်တရားတွေ ဆက်စဉ်မပြတ် သွားနေတာ, တလည်ထဲ လည်ခဲ့ရတာဟာ

http://www.dhammadownload.com

“သံသာရဝဋ္ဋ” လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့ လည်ခဲ့ရသတုန်း ဆိုတော့ အနိဗ္ဗိသံ-တဏှာယောကျ်ားကို မြင်နိုင်တဲ့ဉာဏ် မရသေးလို့ လည်ခဲ့ရတာ။ ခန္ဓာအိမ်အသစ်ကို အဖန်ဖန် အထပ်ထပ် တည်ဆောက်တတ်တဲ့ တဏှာယောကျ်ား လက်သမားကို မတွေ့သေးလို့ လည်ခဲ့ရတာတဲ့။

ဘာပြုနေတုန်း လည်ခဲ့တာတုန်းဆိုတော့ ဂဟကာရံဂဝေသန္တော-တဏှာယောကျ်ား လက်သမားကို မရမနေ ရှာဖွေနေတုန်းမှာ လည်ခဲ့တယ်တဲ့။ ဘာဖြစ်လို့ ရှာဖွေရသတုန်းဆိုတော့ အကြောင်း (၂) ချက် ပြထားပါတယ်။ ၁။ ဘဝသစ်ဖြစ်ရခြင်းဟာ အိုနာသေရေး ဒုက္ခဘေးတွေနဲ့ ရောထွေးနေတဲ့အတွက် ထပ်ခါတလဲလဲ ချဉ်းကပ်ရတာ ဆင်းရဲတယ်တဲ့။ အဲဒီအကြောင်းက တစ်ချက်၊ ၂။ ဘဝဇာတိဟာ သူ့ကို ဖန်တီးတည်ဆောက်တတ်တဲ့ တဏှာယောကျ်ားလက်သမားကို မတွေ့သေးရင်, မနိုင်သေးရင် အလိုလို မဆုတ်နစ်ဘူး။ မကုန်ခန်းသေးဘူး။ အဲဒီ အကြောင်းနှစ်ချက်ကြောင့် တဏှာယောကျ်ား လက်သမားကို ရှာခဲ့ရတာပဲ။

ဒီနေရာမှာ “ဇာတိ” ဆိုတာ နည်းနည်းပြောပါရစေ။ ဘုန်းကြီး ဟောချင်တာကတော့ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ဟောချင်တာပါပဲ။ ဒါပေမယ့် တစ်နာရီအတွင်း သိသာရုံမျှလေး ဟောရတဲ့ တရားဆိုတော့ လိုရင်း ဟောရပါတယ်။ လုပ်ငန်းစဉ်နဲ့ ဆက်စပ်ပြီး ဟောမှ သဘာဝကျမှာပါ။ ဘဝဇာတိလေး စဖြစ်တဲ့အချိန်ဟာ စက္ကန့်ပိုင်းတောင်မှ ရှိမှာ မဟုတ်ပါဘူး။

http://www.dhammadownload.com

အဲဒီအချိန်လေးမှာ ပဋိသန္ဓေစိတ်နဲ့ ရုပ်အနည်းငယ် ပါလာပါတယ်။ အဲဒီအခိုက်အတန့်မှာ ဒုက္ခဒုက္ခ-တကယ်ဆင်းရဲတော့မဖြစ်သေးပါဘူး။ ဖြစ်တဲ့အချိန်လေးကလည်း တိုတိုလေးပါပဲ။ တိုတိုတောင်းတောင်း ဘဝသစ် စပြီးဖြစ်တဲ့ အချိန်လေးကို ဘာဖြစ်လို့ ဆင်းရဲလို့ ဆိုရသတုန်းဆိုတော့ သူကိုယ်တိုင်ကလည်း ပြောပလောက်အောင် အင်မတန် အနေဆိုးအခံခက်တဲ့ ဆင်းရဲမျိုးမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဆင်းရဲလို့ ခေါ်ရသလဲဆိုတော့ သူကိုယ်တိုင်က အခု လောလောဆယ် ဖြစ်နေတဲ့အခိုက်အတန့်မှာ အနေဆိုးအခံခက်တဲ့ ဆင်းရဲတော့ မဟုတ်ဘူး။ ဒါပေမယ့် ဘဝသစ် စပြီးတော့ ဖြစ်တယ်ဆိုရင် အိုဖို့သာ ပြင်ပေတော့၊ နာဖို့သာ ပြင်ပေတော့၊ သေဖို့သာ ပြင်ပေတော့။

သူ့အကြောင်းပြုပြီးတော့ မဆုံးနိုင်တဲ့ အိုနာသေရေး ဒုက္ခဘေးတွေက ရောထွေးပြီး ပါလာတယ်၊ ဖြစ်တဲ့အတိုင်း ကိုယ်လိုသလို တည်နေတာ မဟုတ်ဘူး။ မအိုချင်ဘဲနဲ့ အိုရတာ, မနာချင်ဘဲနဲ့ နာရတာ, မသေချင်ဘဲနဲ့ သေရတာ၊ ဒါတွေ ကြုံနေတာပဲ။ မြေကြီးထဲက မှိုများ ပွင့်လာရင် သူ့ရဲ့ဦးထိပ်မှာ မြေမှုန့်ကလေးကို တင်ပြီးသား ဖြစ်လာတယ်၊ ဘယ်သူကမှ တင်ပေးလိုက်တာ မဟုတ်ဘူး၊ ဒါလိုပါပဲ။ ဘဝဇာတိဖြစ်လာရင် အို, နာ, သေဆိုတဲ့ ဒုက္ခတွေကို ရွက်ပိုးပြီးတော့ ထွက်လာတာ။ ရောထွေးနေတာ ဖြစ်တော့ ဘဝဇာတိဟာ ဆင်းရဲပဲ။ အဲဒီ ဆင်းရဲဟာ တစ်ဘဝနဲ့လည်း မပြီးဘူး။ နှစ်ဘဝနဲ့လည်း မပြီးဘူး၊ ဘဝ

http://www.dhammadownload.com

အခါခါ မပြီးဘူး။ ဒါကြောင့် သူ့ကို "ဆင်းရဲ" လို့ မြတ်စွာဘုရားက မိန့်ကြားထားတာ။

အဲဒီ ဘဝအသစ်ဆင်းရဲဟာ တစ်ဘဝအတွက် စလိုက်ရင် အို, နာ, နောက်ဆုံး သေပြီးတော့ ပြီးတာပဲ မဟုတ်လား။ ပြတ်တာပဲ မဟုတ်လား၊ နောက် ဘာဆက်ဖြစ်ဖို့ လိုသေးတုန်းလို့ မေးစရာရှိပါတယ်။ ကံတွေက ဘဝအသစ်တွေကို ဖြစ်စေတယ်လို့ ဆိုပေမယ့် ကိလေသာရှိနေတဲ့ပုဂ္ဂိုလ်တွေမှာသာ ကံက အကျိုးပေးနိုင်တာ။ အထူးအားဖြင့် ဘဝတွေပေါ်မှာ ငြိတဲ့တဏှာရှိမှသာ ဘဝအကျိုးပေးနိုင်တာပါ။ အဲဒီဘဝတွေပေါ်မှာ ငြိတဲ့တဏှာ မကင်းသေးသမျှတော့ ကံတွေက ဆက်ပြီးတော့ အကျိုးပေးနေဦးမှာပဲ။

ထောက်လှမ်းရေးနဲ့တွေ့တဲ့ လူဆိုးလို

ဒီတော့ ဘဝဖြစ်ခြင်းရဲ့အကြောင်း သမုဒယသစ္စာ တဏှာခေါ်တဲ့လက်သမားကို ပိုင်ပိုင်နိုင်နိုင်ကြီး မတွေ့သေးဘူးဆိုရင် တဏှာဓာတ်ခံက ပါနေတော့ ကံပြု၊ ကံကမှ ဘဝတွေဖြစ်၊ ဘဝဖြစ်ရင် တဏှာအစေးကပါသွားပြန်တော့ တစ်ခါ အို, နာ, သေရေး ဒုက္ခဘေးတွေနဲ့ ကြုံရမယ်။ တဏှာအစေးက မကုန်သေးတော့ ဒီလိုနည်းနဲ့ပဲ ချာလပတ်လည်ပြီး ဖြစ်နေမှာ။ ဒီတော့ ဘဝဇာတိဟာ သူရဲ့လက်သည်ဖြစ်တဲ့ တဏှာယောကျ်ားလက်သမားကို မတွေ့သေးရင် ဘယ်နည်းနဲ့မှ အလိုလို နောက်ဆုတ်သွားမှာ မဟုတ်ဘူးတဲ့။

http://www.dhammadownload.com

လောကမှာရှိနေတဲ့ အဆောက်အဦတွေက အချိန်ကျလို့ ဆွေးမြေ့.ယိုယွင်းပြိုပျက်သွားပေမယ့် အိမ်ဆောက်လုပ်တတ်တဲ့ လက်သမားတွေ ကမ္ဘာပေါ်မှာ ရှိနေသရွေ့ နောက်ထပ် ဆောက်နေဦးမှာပဲ။ ဒီတော့ လက်သမားတွေကို ဖျောက်ပစ်လိုက်ရင်တော့ ဘယ်နည်းနဲ့မှ အိမ်အဆောက်အဦတွေ, တိုက်တာ အဆောက်အဦတွေ မဖြစ်နိုင်တော့ဘူး။ ဒီတော့ အဆောက်အဦတွေ မဖြစ်စေချင်ရင် လက်သမားတွေကို ဖျောက်ဖျက်ပစ်ရမှာပဲ။ ထို့အတူ ခန္ဓာအိမ်အသစ်ကို ဆောက်လုပ်တတ်တဲ့ တဏှာလက်သမားကို မနှိပ်နှိမ်သမျှ ကာလပတ်လုံးတော့ ဘဝအဆောက်အဦတွေကတော့ ဒီလိုပဲ ဖြစ်နေဦးမှာပဲ။

ဒါကြောင့် ဘုရားအလောင်းဟာ ခန္ဓာအိမ်ကို ထပ်ကာထပ်ကာ တည်ဆောက်တတ်တဲ့ တဏှာလက်သမားကို မရမနေရှာဖွေနေရတာပဲ။ မြတ်စွာဘုရားဟာ မဂ်လေးပါးနဲ့ ပယ်သတ်ရတဲ့ ကိလေသာတွေကို အသီးသီး ဆင်ခြင်လာရာ လောဘအလှည့်ရောက်သွားတဲ့အခါကျတော့ "ဒင်း... သံသရာတစ်လျှောက်လုံး ဒုက္ခတွေပေးခဲ့တာ၊ အခု တွေ့.ပြီ၊ မရမနေ ရှာဖွေနေရတာ၊ အခု တွေ့.ပြီ" ဆိုပြီး သိပ်ကို အားရဝမ်းသာတာ။

အရပ်ထဲမှာ ဆိုးတေနေတဲ့ လူတစ်ယောက်ကို ဆိုင်ရာလုံခြုံရေးဌာနက လိုက်ပြီး ထောက်လှမ်းနေတဲ့အခါ ချောင်ပိတ်မိပြီဆိုရင် "ကဲ... မင်းကို တွေ့.ပြီ၊ မင်း ဘာတတ်နိုင်သေးသလဲ" ဆိုတာမျိုးလို မြတ်စွာဘုရားက တဏှာယောကျ်ား လက်သမားကို

http://www.dhammadownload.com

အလောင်းတော်ဘဝတည်းက ရှာဖွေလာခဲ့ရာ နောက်ဆုံး ပယ်ပြီးသား ကိလေသာတွေကို အသီးသီး ဆင်ခြင်တဲ့အခါ တဏှာအလှည့် ရောက်သွားတော့ "ဒင်းတော့ ... ငါတွေ့ပြီ၊ ချောင်ပိတ်မိပြီ" ဆိုပြီး သပိအား၊ရတာ။

"တဏှာယောကျ်ား ... ဟဲ့ လက်သမား! ယခု သင့်ညတုတ ညဏ်တော်ကြီး ငါ ရရှိတဲ့အခါ သင့်ကိုတော့ တွေ့ပြီ။ သင်ဟာ ဘယ်နည်းနဲ့မှ ငါ့ခန္ဓာအိမ်အသစ်ကို တည်ဆောက်နိုင်မှာ မဟုတ်တော့ဘူး။ သင့်ရဲ့ အဖော်သဟဲ ဖြစ်တဲ့ ကိလေသာ အခြင်ရနယ်တွေကိုလည်း မှုန့်မှုန့်ညက်ညက် ငါ ချေဖျက်ပြီးပြီ။ ခန္ဓာအိမ်မှာ အရေးပါတဲ့ အဝိဇ္ဇာဆိုတဲ့ အထွတ်ကိုလည်း ငါ ဖျက်ပြီးပြီ။ ငါ့ရဲ့ စိတ်ကလေးဟာ ရုပ်နာမ် သခ်ါရချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုတဲ့အနေနဲ့ ရောက်နေပြီ။ သင် တဏှာယောကျ်ား လက်သမား တို့ရဲ့ ကုန်ရာဖြစ်တဲ့ အရဟတ္တဖိုလ်ကို ပိုင်ပိုင်နိုင်နိုင် ရနေပြီ" ဆိုပြီး မြတ်စွာဘုရားဟာ အင်မတန် ကျေနပ်ဝမ်းသာလွန်းလို့ စိတ်ထဲမှာ ဥဒါန်းကျူးရင့်ပါတယ်။

ဒီနည်းနဲ့ပဲ ချာလပတ်လည်နေတယ်

ဒီဟာနဲ့ပတ်သက်ပြီး သံသရာဝဋ်စပ်ပုံ၊ သံသရာဝဋ်ပြတ်ပုံတွေ ဆက်ပြီးဟောဖို့ပါပဲ။ ဘုန်းကြီးတို့ သတိပဋ္ဌာန်တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များဟာ ဒွါရ(၆)ပါးက ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေ သူတို့ဖြစ်ဆဲမှာ လိုက်ပြီးမရှုရင် အမှန်မသိတဲ့

http://www.dhammadownload.com

အဝိဇ္ဇာ, အမှန်မသိ အလွဲတွေ လျှောက်သိတဲ့ အဝိဇ္ဇာ ဖြစ်တယ်။ မသိရင် အဲဒါတွေကို အကောင်းထင်ပြီး သာယာမှုတဏှာ ဖြစ်တယ်။ စွဲလမ်းမှု ဥပါဒါန်လည်း ဖြစ်တာပဲ။ ကိလေသာဝဋ်တွေ ဖြစ်သွားပြီ၊ ကိလေသာကို အကြောင်းပြုပြီးတော့ ကောင်းကံ, ဆိုးကံတွေ လာမယ်။ ကမ္မဝဋ်တွေ ဖြစ်ပြီ။ ကမ္မဝဋ်ကြောင့် နောက်ဘဝသစ်တွေ ဖြစ်မယ်။ အဲဒီ ဘဝသစ်မှာလည်း အဝိဇ္ဇာနဲ့ အထူးအားဖြင့် ခန္ဓာအိမ်ကို တည်ဆောက်တတ်တဲ့ တဏှာဓာတ်က ပါသွားတာဖြစ်တော့ ငါလို့ထင်ပြီး တကယ် ရှိနေတဲ့ ရုပ်နာမ်တရားတွေကို မသိပြန်ဘူး။ ကြောင်းကျိုးဆက်ပုံတွေ မသိပြန်ဘူး။ မမြဲ, ဆင်းရဲ, သဘောပဲဆိုတာ မသိပြန်ဘူး။ အဝိဇ္ဇာတွေ ထပ်ဖြစ်ပြန်ရော၊ တဏှာတွေ ထပ်ဖြစ်ပြန်ရော၊ ဥပါဒါန်တွေ ထပ်ဖြစ်ပြန်ရော၊ ကိလေသာဝဋ်တွေ လည်ပြန်ပြီ။ ကိလေသဝဋ်မှ ကမ္မဝဋ်, ကမ္မဝဋ်မှ ဝိပါကဝဋ်၊ ဒီနည်းနဲ့ပဲ ချာလပတ်လည်နေတယ်။

မရှုတဲ့ ပုဂ္ဂိုလ်တွေအဖို့ ကိလေသာ စပ်သွားပုံနဲ့ ရှုတဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ ရုပ်နာမ်ကွဲ, ကြောင်းကျိုးသိ, မမြဲ ဆင်းရဲသဘောပဲလို့ သိပြီး မသိရင် တွယ်ရာကနေပြီး သိရင် ပြယ်သွားတယ်, တဏှာတွေ ကင်းသွားတယ်, စွဲလမ်းမှုတွေ ကင်းသွားတယ်၊ သူ့အကြောင်းပြုပြီး ကမ္မဝဋ်ခေါ်တဲ့ သခ်ၤါရဆင်းရဲတွေ ပြတ်သွားတော့ ဝိပါကဝဋ်ပြတ်ပုံတွေကို ဆက်ပြီးဟောဖို့ ရှိပါတယ်။ နက်ဖန်ခါကျမှပဲ လုပ်ငန်းစဉ်နဲ့စပ်ပြီး သံသရာဝဋ်ဆင်းရဲစပ်ပုံ,

http://www.dhammadownload.com

သံသရာဝဋ်ဆင်းရဲပြတ်ပုံလေးတွေ ဟောပါ့မယ်။ ဒီနေ့ကတော့ အချိန်ကျသွားပြီ။ ဒီလို ဗုဒ္ဓနေ့မှာ မြတ်စွာဘုရား ပါရမီတွေ ပြီးပြည့်စုံပြီး အမှန်တရား ရှာတဲ့အခါမှာ ဒီနေ့ဒီရက် ဘုရား ဖြစ်တယ်။ ဘုရားဖြစ်ပြီး ဒီဂါထာတွေကို စိတ်ထဲမှာ ရွတ်တယ် ဆိုတာ သိရအောင် အထိမ်းအမှတ်အနေနဲ့ ဟောရတာပါ။ ဒီနေ့ ဒါလောက်နဲ့ပဲ တော်ကြပါစို့။

ဗုဒ္ဓနေ့မှာ ဗုဒ္ဓရဲ့ တရားတော်ကို ယုံကြည်လေးစားကြတဲ့ ပုဂ္ဂိုလ်များ မြတ်စွာဘုရားကို အကောင်းဆုံးဓမ္မပူဇော်ဖြင့် ပူဇော်ခြင်းဖြင့် ကိုယ်ထဲ စိတ်စိုက်ပြီး ပေါ်တဲ့အာရုံ ပေါ်ဆဲလိုက်ကာ စွဲမြဲစွာရှုလို့ သီလ, သမာဓိ, ပညာ ကိုယ်ပိုင်အကျင့်တရားတွေနဲ့ ပြည့်ပြည့်ဝဝကြီး ပူဇော်နိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

သီလကထာ

ဒါနကထာပြီး၊ သီလကထာ ဟောရခြင်း၏ ရည်ရွယ်ချက်

ဒီနေ့ စနေနေ့ပါ၊ စနေနေ့ဆိုတော့ စနေနေ့တိုင်း ဟောခဲ့တဲ့ အများနဲ့ပတ်သက်တဲ့ တရားအဆက်ကိုပဲ ဟောရမှာပဲ။ ဒါနနဲ့ ပတ်သက်တဲ့ တရားစကားတွေကိုတော့ ရှေ့စနေ အပတ်တွေက ထိုက်သလောက် ပြောခဲ့ပါပြီ။ ပြောစရာတွေကတော့ အများကြီး ရှိပါသေးတယ်။ ဒါပေမယ့် အဲဒီလောက်ဆိုရင် လုံလောက်ပါပြီ။ ဒီနေ့ သီလကထာ=သီလနဲ့ပတ်သက်တဲ့ တရားစကား ဆက်ပြီး ပြောရမှာပါ။ ဒါနကို မေတ္တာ, ကရုဏာအခြေခံပြီး စနစ်တကျ ပါရမီမြောက် လှူဒါန်းတတ်တဲ့ ပုဂ္ဂိုလ်ဟာ ကောင်းတဲ့ အလေ့အထတွေကို ဒါနနဲ့ပဲ တော်တော်ရနေပါပြီ။

ပြီးတော့ သီလကို လွယ်လွယ်နဲ့ ဆောက်တည်ဖို့ရန် မခဲယဉ်းတော့ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားက ဒါနရဲ့ အခြားမဲ့မှာ သီလကထာကို ဟောရတယ်ဆိုတာ ဘုန်းကြီးတို့ပရိသတ်

http://www.dhammadownload.com

နားလည်ထားဖို့ပါပဲ။ ဘာဖြစ်လို့ လွယ်ကူသလဲဆိုတော့ ဒါန ဆိုတာဟာ ဒကို့ကောယျဖြစ်တဲ့ အလှူခံ ပုဂ္ဂိုလ်တွေအပေါ်မှာ အကျိုးစီးပွားလိုလားတဲ့သဘောလည်း ပါသွားပြီ။ ပြီးတော့ ပူဇော်လေးမြတ်တဲ့ အနေလည်း ပါသွားပြီ။ အဲဒီလို ရည်ရွယ်ချက် (၂) မျိုး ထားပြီးတော့ မိမိရဲ့ပစ္စည်းကို သူတစ်ပါးတို့အား ပေးလှူခြင်း, အဲဒီလို ပေးလှူတဲ့အတွက် အလှူပေးတဲ့ အလှူရှင်မှာ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်တယ် ဆိုတာ, သူ့တစ်ပါးရဲ့ ပစ္စည်းကို မတရားယူတယ်ဆိုတာ ထုံးစံမရှိတော့ပါဘူး။ ကောင်းတဲ့ အလေ့အထလေးတွေ အလိုလိုရသွားတယ်လို့ ကျမ်းဂန်များမှာ ပြထားပါတယ်။

အာဇီဝဋ္ဌမကသီလ

အဲဒီ သီလဟာ ရဟန်းသီလလည်း ရှိပါတယ်၊ လူ့သီလလည်း ရှိပါတယ်။ အဲဒီ (၂) မျိုးထဲက ရဟန်းသီလဆိုတာ ရဟန်းတော်များမှာ စောင့်ထိန်းရတဲ့ သီလတွေပါပဲ။ မလုပ်ကောင်း, မပြောကောင်းတာတွေမှ ရှောင်ကြဉ်တာကို "ပါတိမောက္ခသီလ" လို့ ခေါ်ပါတယ်။ ရဟန်းတော်များမှာ ပါရိသုဒ္ဓိသီလ (၄) မျိုး ရှိတယ်လို့တော့ ဆိုပါတယ်။ ဒါပေမယ့် လိုရင်းကတော့ ပါတိမောက္ခသံဝရသီလပါပဲ၊ လူများမှာတော့ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ, ရှစ်ပါးဥပုသ်သီလ, ဆယ်ပါးသီလလို့ ကျမ်းဂန်များမှာ ပြည့်စုံထားပါတယ်။ အဲဒီ သီလတွေထဲက လူဝတ်ကြောင်များမှာ

http://www.dhammadownload.com

ဆိုရင် အနည်းဆုံး ငါးပါးသီလပြည့်စုံရင်ပဲ တော်တော် ချီးမွမ်းစရာ ကောင်းလှပါပြီ။ သတ်မှု, ခိုးမှု, မိစ္ဆာစာရမှု, လိမ်ညာပြောမှုနဲ့ ကုသိုလ်တရားတွေမှာ မေ့လျော့ခြင်းရဲ့အကြောင်း (သန့်ရှင်းယဉ်ကျေးစွာ နေထိုင်ရေး၌ ပျက်ကွက် လစ်ဟင်းခြင်းရဲ့ အကြောင်း) ဖြစ်တဲ့ မူးယစ်ဆေးဝါးသောက်ရှုမှုတို့မှ ရှောင်ကြဉ်ရင်ပဲ တော်တော် ကောင်းနေပါပြီ၊ သမာဓိ ပညာတရားတွေ အားထုတ်လို့လည်း ဖြစ်သွားပါပြီ။ ဒီဟာမှ တစ်ဆင့်တက်ပြီး အာဇီဝဋ္ဌမကသီလပါ ပြည့်စုံတယ်ဆိုရင်တော့ သာပြီး ကောင်းပါတယ်။

ငါးပါးသီလထဲမှာ နှုတ်မှုနဲ့ပတ်သက်ပြီးတော့ မုသာဝါဒမှ ရှောင်ကြဉ်မှု တစ်မျိုးတည်း ပါတယ်။ အာဇီဝဋ္ဌမကသီလမှာတော့ မုသားပြောမှု, ရန်တိုက်မှု, ကြမ်းတမ်းတဲ့ စကားပြောမှုနဲ့ အဖျင်းအသိမ် အဓိပ္ပာယ်မရှိတဲ့စကားတွေပြောမှုဆိုတဲ့ ဝစီဒုစရိုက် (၄) ပါးမှ ရှောင်ကြဉ်တာတွေ ပါတယ်။ သူက သာပြီးတော့ ကောင်းပါတယ်။ ပြီးတော့ ထူးခြားတာကတော့ မိစ္ဆာဇီဝ=မမှန်ကန်တဲ့ မတရားတဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်တာပဲ။ အခု ယောဂီများက အဲဒီ အာဇီဝဋ္ဌမကသီလထဲမှာ ကာမေသုမိစ္ဆာစာရနေရာမှာ အဇ္ဈတ္တစရိယ ထည့်ထားတော့ သာပြီးတော့ မြင့်မြတ်သွားတယ်လို့ ဆိုရမှာပဲ။ အဲဒီ အာဇီဝဋ္ဌမကသီလထဲမှာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ=မူးယစ်ဆေးဝါး သောက်ရှုမှုဟာ သီးခြားအနေနဲ့တော့ မပါပါဘူး။ ဒါပေမယ့် ကာမေသုမိစ္ဆာစာရထဲမှာ ထည့်သွင်း

http://www.dhammadownload.com

ပြီးတော့ ယူပါတယ်။ ဘာဖြစ်လို့ ဒီထဲမှာ ထည့်ယူသလဲဆိုတော့ ကာမေသုမိစ္ဆာစာရက ဖောဋ္ဌဗ္ဗအာရုံကို ခံစားတာ။ ဒီမှာကတော့ ရသာရုံကို ခံစားတာ။ ကာမဂုဏ်ခံစားခြင်း အနေအားဖြင့် တူတာမို့ ကာမေသုမိစ္ဆာစာရထဲ ထည့်ပါတယ်။

တစ်နည်းအားဖြင့်လည်း မူးယစ်ဆေးဝါးသောက်ရှူမှုကို "ကာမေသုမိစ္ဆာစာရ" လို့ တစ်ချို့ကတော့ မိစ္ဆာလို့ မယူဆဘူး။ ဒါပေမယ့် မူးယစ်ဆေးဝါး သောက်ရှူတဲ့ ပုဂ္ဂိုလ်ဟာ နဂို စိတ်ကောင်းရှိပေမယ့် မူးယစ်ဆေးဝါး သောက်ရှူလိုက်တာနဲ့ စိတ်ကောင်းလေးတွေ ပျောက်သွားတယ်။ ကုသိုလ်ရေးမှာ မေ့ပြီးတော့ အကုသိုလ်တွေ ပြုဖို့ရန်အတွက် လွယ်ကူသွားတယ်။ မူးနေတဲ့အခါ ဒေါသမထိန်းနိုင်တော့ပါ။ အဲဒီ ဒေါသအလျောက် သူတစ်ပါးကို ညှင်းဆဲသတ်ဖြတ်ဖို့ရန် လွယ်ကူသွားတယ်။ သူ့ပိုင်ပစ္စည်းကို မတရားယူဖို့ရန်လည်း လွယ်ကူသွားပြီ။ ကိုယ်မပိုင်တဲ့ ကာမကိစ္စတွေ ကျူးလွန်ဖို့လည်း လွယ်ကူသွားပြီ။ မမှန်မကန်တဲ့စကား, ရန်တိုက်တဲ့စကား, ကြမ်းတမ်းတဲ့စကား, အကျိုးမရှိတဲ့ စကားတွေ ပြောဖို့လည်း လွယ်ကူသွားပြီ။ အသက်မွေးကြောင်း မမှန်ဖို့လဲ လွယ်သွားပြီ။ ဒီတော့ သူကိုယ်နှိုက်က ကာမေသုမိစ္ဆာစာရထဲလည်း မပါပေမယ့် အခြား ဒုစရိုက်တရားတွေ ဖြစ်ဖို့ရန်အတွက် သူက အရေးပါတဲ့ အပိုင်းက ပါနေတယ်။

ဥပမာ လူတစ်စု ရာဇဝတ်မှုတစ်ခု ကျူးလွန်တဲ့အထဲမှာ ကိုယ်တိုင်မပါပေမယ့် အကြံပေးတဲ့ ပုဂ္ဂိုလ် ဖြစ်နေတယ်။ အကြံ

http://www.dhammadownload.com

ပေးတဲ့ပုဂ္ဂိုလ်ဟာ ရာဇဝတ်မှုထဲမှာ ကိုယ်တိုင် မပါဝင်ပေမယ့် သူက အကြံပေးတာဖြစ်တော့ အရေးပါတယ်။ သူ့ကို တစ်တရားခံထဲမှာ ထည့်ထားတယ်။ ဒါလိုပဲ မူးယစ်ဆေးဝါး သောက်ရှူမှုဟာ အခြားဒုစရိုက်တွေ ဖြစ်ဖို့ရန် လွယ်ကူသွားတဲ့အတွက် သူက လမ်းမှားဖော်ပေးတဲ့အတွက် တစ်တရားခံသဘောမျိုး ဖြစ်နေတယ်။ အားလုံးနဲ့ ပတ်သက်နေတယ်။ ဒီလောက်ဆိုရင် အာဇီဝဋ္ဌမက သီလအကြောင်း ပြောလို့ လုံလောက်ပါပြီ။

ညစာ မစားရကျိုး

ရှစ်ပါးဥပုသ်သီလအကြောင်း ဆက်ပြောဖို့ပါပဲ။ ရှစ်ပါးသီလဆိုတာ ငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရ နေရာမှာ အဖြဟ္မစရိယထည့်လိုက်ပြီး နောက်ထပ် (၃) မျိုး တိုးလာတာသာထူးပါတယ်။ ကာမေသုမိစ္ဆာစာရကတော့ ကိုယ်မပိုင်ဆိုင်တဲ့ ကာမကိစ္စတွေ ခိုးပြီးတော့ ကျင့်တာ။ အဖြဟ္မစရိယသီလကတော့ ကိုယ်ပိုင်တဲ့ဟာတောင်မှ ရှောင်ထားတာ။ သူက သာပြီးတော့ မြင့်မြတ်ပါတယ်။ အဲဒီ ဖြဟ္မစရိယ သိက္ခာပုဒ်ကတော့ အခုလို အမြဲတစေ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အများကြီး အထောက်အကူ ပြုပါတယ်။ ပြီးတော့ (၆) ခုမြောက် ဝိကာလဘောဇနေ သိက္ခာပုဒ် ရှိပါတယ်။ နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်ခြင်း, ထမင်း မုန့် သစ်သီးခဲဖွယ် စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဒီလို ရှောင်ကြဉ်တဲ့အတွက် အကျိုးနှစ်မျိုး ပေါ်ထွက်

http://www.dhammadownload.com

လာတယ်။ အဲဒီ အကျိုး (၂) မျိုးကတော့ ကမ္ဘာပေါ်မှာ ရှိကြတဲ့ လူတွေဟာ ညစာကို အထူးတလည်လုပ်ပြီး စားကြပါတယ်။ ပြီးတော့ ကာမဂုဏ်တွေကို ခံစားကြတယ်။ ဒီတော့ ညစာဟာ ခမ်းခမ်းနားနား ပြုလုပ်ပြီးတော့ ကာမဂုဏ်ကို အားပေးတယ် ဆိုတာ သိထားဖို့ပါပဲ။

ပြီးတော့ တရားသမားတွေအတွက် ညစာကို အထူးတလည် ခမ်းခမ်းနားနား လုပ်နေရရင် တရားအားထုတ်တဲ့အချိန်တွေ အများကြီး လျော့သွားဖွယ်ရာ ရှိပါတယ်။ ဒါ့ကြောင့် တရားအားထုတ်ချိန်တွေ များများကြီး ရကြပါစေဆိုတဲ့အနေနဲ့ နေ့လွဲညစာ စားခြင်းမှ ယောဂီတွေ ရှောင်ကြဉ်နေရတာဟာ အကျိုးရှိတယ် လို့ သိထားဖို့ပါပဲ။ ညနေဘက် အစာစားနေကျ မစားရတော့ဆာလို့ ရှိရင် ဘယ်လိုလုပ်မှာတုန်း။ သက်သက်မဲ့ အကျိုး မရှိဘဲနဲ့ အငတ်နေရမှာလား လို့ မေးစရာရှိပါတယ်။ ဆာလို့ရှိရင် အဖတ်မပါတဲ့ ဖျော်ရည်ကို သောက်နိုင်ပါတယ်။ ဗိုက်နာ, လေနာ, အစာအိမ်ရောဂါတွေ ရှိရင် စတုမဓု (Four Sweet) ဆေးအဖြစ်နဲ့ စားနိုင်ပါတယ်။ စတုမဓု တစ်ဇွန်းလောက်ဆိုရင်ပဲ ပေါင်မုန့်နှစ်ချပ် သုံးချပ် စာလောက် အားရှိသွားတာ။ စတုမဓုက သိပ်ကောင်းတယ်။

တရားသမားတွေကို ဒီလို ညစာ ရှောင်ခိုင်းတာဟာ မြတ်စွာဘုရားက တရားတိုးတက်စေလိုလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ယခု ယောဂီတွေကို ကြည့်ပေါ့။ မနက်စာ ဗိုက်တင်းအောင် စားလိုက်ရင် ငိုက်တယ်။ နေ့လယ်စာ ဗိုက်တင်းအောင်

http://www.dhammadownload.com

စားရင်လည်း ခဏခဏ ငိုက်ငိုက်နေတယ်။ ငိုက်နေတော့ တရား မတက်ဘူး။ မှေးမှေးမှိန်မှိန် ဖြစ်နေတယ်။ ဒီတော့ အစာလေး နည်းနည်းနဲ့ ပေါ့ပေါ့ပါးပါး အားထုတ်ရတော့ တရားတွေ မြန်မြန် ရလွယ်ပါတယ်။ တရားတွေရပြီးတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ တွေ ဖြစ်စေချင်လွန်းလို့ ဒီလိုခြိုးခြံခိုင်းတဲ့ သဘောမျိုးပါ။ ဒီလို နေ့လွဲညစာ ခြိုးခြံ ရှောင်ကြဉ်ပြီး တရားအားထုတ်တော့ ထိနမိဒ္ဓ တွေကင်းပြီး သမာဓိတွေလည်း မြန်မြန်ဖြစ်တယ်။ ဉာဏ်တွေ လည်း မြန်မြန်ဖြစ်တယ်။

အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ်ပိုင်းလောက် ရောက်သွား တဲ့အခါ အမာနုသီ ရတိ ဟောတိ=ကာမဂုဏ်ချမ်းသာ လက်လှမ်း မမီတဲ့, စိတ်ကောင်းနဲ့ အသိဉာဏ်တိုးတက်လို့ မပစ်ရက်နိုင်တဲ့, တစ်မယ်ကောင်း အပျော်မျိုး ချမ်းသာမျိုး ရသွားရင် ထမင်းဆာ တွေတောင် ပြေသွားတယ်။ ပီတိဘက္ခ ခေါ်တယ်၊ တရားကြောင့် ဖြစ်ပေါ်လာတဲ့ နှစ်သိမ့်အားရမှု ပီတိဟာ ယောဂီရဲ့ အကောင်းဆုံး အစာတစ်မျိုးပါ။ တစ်ခါတည်းကို ပြည့်ဝနေတာ။ တစ်ချို့ ယောဂီ တွေဟာ ထမင်းတောင်မှ မစားတော့ဘူး၊ တစ်နပ် နှစ်နပ်တောင် မှ လွတ်သွားတာတွေ ရှိတယ်။ သိပ်အားရစရာ ကောင်းတယ်။ အဲဒီအခါမှာ ကိုယ်တိုင် သိလာပါလိမ့်မယ်။ တရားအလေးပေးတဲ့ သဘောလေးတွေလည်း ထင်ရှားပါလိမ့်မယ်။ ဒီလောက်ဆိုရင် နေ့လွဲညစာစားမှုနဲ့ ပတ်သက်ပြီး အကျိုးလေးတွေ ဖော်ပြလို့ လုံလောက်သွားပါပြီ။

http://www.dhammadownload.com

အပျော်အပါးနဲ့ အလှပြင်ခြင်းတို့မှ ရှောင်ကြဉ်ရခြင်းအကြောင်း

ပြီးတော့ (၇) ခုမြောက် သိက္ခာပုဒ်ကတော့ ကခုန်, သီဆို တီးမှုတ်မှုခေါ်တဲ့ အပျော်အပါး လိုက်စားမှုနဲ့ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း စတာတွေ, အချုပ်ကတော့ အပျော်အပါး လိုက်စားခြင်း အလှပြင်ခြင်းတို့မှ ရှောင်ကြဉ်ရတာပဲ။ အဲဒီ Music တွေကို ကိုယ်က ဝါသနာပါပြီး လိုက်စားရင် ပျော်ရွှင်မှုတော့ ရတယ်။ ဒါပေမယ့် အဲဒီ ပျော်ရွှင်မှုထဲ နစ်မွန်းသွားရင် တရားအရှိန်တွေလည်း ပျက်သွားနိုင်တယ်။ ပြီးတော့ စိတ်ဟာ တဖြည်းဖြည်း နုသေးသွားတယ်။ စိတ်ဟာ နုသေးသွားတော့ လောကဓံဒဏ် မခံနိုင်ဘူး။

အခု တရားအားထုတ်တယ်ဆိုတာ လောကဓံဒဏ်ခနဲငဖို့ ရန်အတွက် စိတ်တွေ ရင့်ကျက်အောင် ပြုလုပ်ပေးနေတာ။ စိတ်နုရာက ရင့်သွားအောင်, ငယ်ရာကနေ ကြီးထွားသွားအောင် လုပ်ပေးနေတာ။ ထို့အတူ အသိဉာဏ်တွေလည်း ငယ်ရာကနေ ကြီးထွားသွားအောင် လုပ်ပေးနေတာ။ အဲဒီလို လုပ်ငန်းမှာ နုငယ်စေတတ်တဲ့ အပျော်အပါး လိုက်စားမှုကို ရှောင်ကြဉ်တာဟာ သိပ်သဘာဝကျပါတယ်။ ပြီးတော့ ခန္ဓာကိုယ် အလှပြင်တဲ့ အလုပ်ကလည်း စိတ်ကို နုစေ, သေးငယ်စေတတ်ပါတယ်။ ပြီးတော့ အချိန်တွေလည်း အများကြီး ကုန်စေတတ်ပါတယ်။

အမျိုးသားနဲ့ အမျိုးသမီးနှစ်ဦးစလုံး လှချင်ကြတာပါပဲ။ အလှလည်းပြင်ကြတာပါပဲ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြင်ကြတာ

http://www.dhammadownload.com

ပါပဲ။ ဒါပေမယ့် အမျိုးသမီးတွေက အလှပြင်တာ ပိုများတယ်။ အလှပြင်ကိရိယာတွေလည်း စုံတယ်။ တစ်ခါတစ်ခါ အလှပြင်ရင် အတော်နဲ့ကို မပြီးနိုင်ဘူး။ ပြင်ရင် မှန်ရှေ့သွားပြီး တည့်တည့်ကြည့်ရတယ်။ ဘေးစောင်းကြည့်ရတယ်၊ အမျိုးမျိုးကြည့်ရတယ်။ နေရာမကျရင် ပြန်ပြီးတော့ ပြင်ရတယ်။ မသက်သာလှဘူး။

အခုလို စိတ်ဓာတ်နဲ့ အသိဉာဏ် ရင့်ကျက်အောင် ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေအဖို့ ဒီလို အလှအပတွေ ရှောင်ကြဉ်လိုက်တဲ့အတွက် အလှအပ ပစ္စည်းတွေအတွက် ငွေကုန်ကြေးကျလည်း သက်သာသွားတယ်၊ ချွေတာရေးလည်း ရသွားတယ်။ ဒါတွေကို အလေးထားပြီး မပြုပြင်ရတော့ဘူးဆိုတော့ တရားအားထုတ်ဖို့ အချိန်တွေလည်း အများကြီး ပိုထွက်လာတယ်။ အချင်းချင်း တုပြိုင်မှုတွေလည်း မရှိဘူး။ အကျိုးတွေ တွက်ကြည့်မယ်ဆိုရင် အများကြီးရှိတယ်။ ဒါကို ဘုန်းကြီးတို့ ယောဂီတွေ နားလည်ဖို့ ပါပဲ။ အလှမပြင်ရဘူးဆိုလို့ ရှုပ်ရှုပ်ထွေးထွေး မသန့်မရှင်းလည်း မနေရဘူး။ မြတ်စွာဘုရားကတော့ သန့်ရှင်းတာနဲ့ သပ်ရပ်တာ သိပ်ကြိုက်တယ်။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်တော့ နေရပါတယ်။ အတွင်းသန့်ရှင်းမှုလည်း ရှိပြီ။ အပြင်သန့်ရှင်းမှုလည်း ရှိပြီဆိုရင် စိတ်က ကြည်လင်ပြီးနေတော့ ဉာဏ်တွေ သိပ်တိုးတက်တယ်။ သိပ်ကောင်းတယ်။

http://www.dhammadownload.com

သန့်ရှင်းရေး (၂) မျိုး

ဉာဏ်ပညာဖြစ်ခြင်းရဲ့အကြောင်း (၇) ပါးထဲမှာ "ဝတ္ထု ဝိသဒကိရိယာ" လို့ပြထားတယ်။ အတွင်းဝတ္ထု သန့်ရှင်းအောင် ပြုခြင်းနဲ့ အပြင်ဝတ္ထု သန့်ရှင်းအောင်ပြုခြင်းလို့ နှစ်မျိုးပြထား တယ်။ "အတွင်းဝတ္ထု သန့်ရှင်းအောင်ပြုခြင်း" ဆိုတာ ဘုန်းကြီး တို့ ရဟန်းတော်များမှာဆိုရင် ဆံပင်ရှည်ရင် ရိတ်ပါတဲ့။ ခြေသည်း လက်သည်းတွေရှည်ရင် ဖြတ်ပါတဲ့။ ကိုယ်မှာ ချေးညှော်တွေ တင်ရင်, အနံ့အသက်တွေ ဆိုးဝါးလို့ရှိရင်လည်း ရေမိုးချိုးပါတဲ့။ ဝမ်းချုပ်ရင်လည်း နှုတ်ပါတဲ့။ ဗိုက်မှာ မအီမသာ ဖြစ်နေရင် သင့်တော်တဲ့ဆေးစားပြီး ရှင်းအောင်, နေသာထိုင်သာ ရှိအောင် လုပ်ပါတဲ့။ အဲဒါကို "အတွင်းသန့်ရှင်းမှု" လို့ ခေါ်ပါတယ်။

"အပြင်သန့်ရှင်းမှု" ဆိုတာတော့ အဝတ်တွေ နံစော်နေရင် လျှော်ဖို့ ဖွတ်ဖို့၊ စုတ်ပြတ်နေရင် ချုပ်ဖို့, သပ်သပ်ရပ်ရပ်ထားဖို့, သိုဖို့, ပြီးတော့ အခန်းတွေ ရှင်းလင်းဖို့, မြင်ကွင်းတွေ ကောင်းသွား အောင် လုပ်ဖို့, ဒါတွေဟာ အပြင်သန့်ရှင်းအောင် လုပ်ခြင်းပါပဲ။ ဉာဏ်တိုးတက်အောင် လုပ်ခြင်းရဲ့ အကြောင်းတွေပါပဲ။ တစ်ချို့ တစ်ချို့ပုဂ္ဂိုလ်များမှာတော့ ဆံပင် မဖြီးတာ, ဆံပင်အရှည်ထားတာ တွေ, လက်သည်း ခြေသည်း အရှည်ထားတာတွေ ရှိတယ်။ အဲဒါ မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာနဲ့တော့ တိုက်ကြည့် ပေါ့။

http://www.dhammadownload.com

မြင့်မြတ်သောနေရာတို့၌ မအိပ်၊ မထိုင်ရခြင်းနှင့် ရွှေ, ငွေကို မကိုင်ရခြင်း အကြောင်း

ပြီးတော့ နောက်ဆုံး ရှစ်ခုမြောက် သိက္ခာပုဒ်ကတော့ မြင့်သောနေရာ, မြတ်သောနေရာတို့၌ အိပ်ခြင်း, ထိုင်ခြင်းမှ ရှောင်ကြဉ်တာပဲ။ အဲဒီမှာ "မြင့်သောနေရာ" ဆိုတာ ခြေထောက်အရှည်ကြီးတွေ တပ်ထားတဲ့ ခုတင်, ကုလားထိုင်တွေပဲ။ ခြေထောက်အရှည်ကြီးတွေဆိုတော့ နှစ်ပေလောက်ရှည်တဲ့ ခြေထောက်လို့ ဆိုရမှာပေါ့။ "မြတ်သော နေရာ" ဆိုတာ ခမ်းနားဆန်းပြားတဲ့ အိပ်ရာနေရာတွေပါပဲ။ ခုတင်တွေကို ခမ်းခမ်းနားနား လုပ်ထားတာ။ လဲသွတ်ထားတဲ့ မွေ့ရာတွေ, မွေးရှည်ကော်ဇောကြီးတွေနဲ့ ခင်းအိပ်တာတွေ ရှောင်ကြဉ်ရတယ်။ ဘာကြောင့် ရှောင်ကြဉ်ရသလဲ ဆိုတော့ အဲဒါတွေက ဇိမ်ခံပစ္စည်းတွေ ဖြစ်လို့ပဲ။ ဇိမ်ခံပစ္စည်းတွေသုံးတယ်ဆိုတာ ကာမဂုဏ်ခံစားတဲ့ ပုဂ္ဂိုလ်တွေ သုံးတာပဲ။ ကာမဂုဏ်ကို အကြောင်းပြုပြီး တဏှာအပါအဝင် ကိလေသာတွေကို လှုံ့ပေးနေတဲ့ အခုလို ဘာဝနာလုပ်ငန်းမှာ ကာမဂုဏ်အားပေးတဲ့ အသုံးအဆောင်တွေကို ရှောင်ရတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရိုးရိုးလေးဟာတွေလောက်ပဲ သုံးရပါတယ်။ ရှစ်ပါးသီလ ဒီလောက်ဆို တော်လောက်ပါပြီ။

ဆယ်ပါးသီလ ဆိုတာကတော့ အဆန်းမဟုတ်ပါဘူး။ ရှစ်ပါးသီလထဲက (၇) ခုမြောက် သီလကို နှစ်ပိုင်းခွဲလိုက်တာပါပဲ။ ပြီးတော့ ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံကိုင်ခြင်းမှ ရှောင်ကြဉ်ရတဲ့

http://www.dhammadownload.com

သိက္ခာပုဒ် တစ်ခု ထည့်လိုက်တာပဲ ထူးပါတယ်။ အဲဒီမှာ ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံကိုင်ခြင်း, ရွှေ, ငွေ လက်ဝတ်လက်စား ဝတ်ခြင်းမှ ရှောင်တာဟာ ဘာအဓိပ္ပာယ်ရှိသတုန်းလို့ မေးစရာ ရှိပါတယ်။ သီလအခြေတည်ပြီးတော့ ကာမဂုဏ်နယ်ကထွက်လာတဲ့ ယောဂီပုဂ္ဂိုလ်မှာ အထူးအားဖြင့် ရဟန်းတော်တွေမှာ ကာမဂုဏ်ငါးပါးကို ဖန်တီးပေးတတ်တဲ့ ရွှေငွေတွေကို လက်ခံရင် ကာမဂုဏ်ကို လက်ခံရာရောက်တယ်။ ပိုက်ဆံတွေက နေပြီးတော့ အဆင်းကောင်း အသံကောင်း အနံ့ကောင်း အရသာကောင်း အထိအတွေ့ကောင်း ကာမဂုဏ် (၅) ပါး အကုန်ရနိုင်တယ်။ ကာမနယ်ပယ်ထဲမှ တရားနယ်ပယ်ထဲ ရောက်ပြီးတော့ ယောဂီအဖြစ် ခံယူထားတဲ့ ဘိက္ခုဟာ အဲဒါတွေ ပြန်ပြီးတော့ လက်ခံတယ်ဆိုရင် ကာမဂုဏ်ကို ပြန်လက်ခံရာ ရောက်ပါတယ်၊ ကာမနယ်က ထွက်ရာ မရောက်ဘူး။ ဒါကြောင့် ပိုက်ဆံ ကိုင်ခံမှုကို ရှောင်ကြဉ်ရတာ အဓိပ္ပာယ်ရှိပါတယ်။

အခု ပြောခဲ့တဲ့ သီလတွေထဲမှာ လူတွေအဖို့ ငါးပါးသီလ ပြည့်စုံရင် လုံလောက်ပါပြီ။ ငါးပါးသီလ ပြည့်စုံရင်ပဲ ယခု မျက်မှောက် သမ္မတ္တိ, တမလွန်သမ္မတ္တိ ရရှိဖို့ရာ အားကိုးရာ ဖြစ်သွားပြီ။ အဲဒီ အားကိုးရာနဲ့တူတဲ့ ကျန်တဲ့ အားကိုးရာ ဘာမှ မရှိဘူးလို့ ကျမ်းဂန်များမှာ ပြထားပါတယ်။ ယခုဘဝ စည်းစိမ်ချမ်းသာ နောက်ဘဝ စည်းစိမ်ချမ်းသာအတွက် ထောက်ရာတည်ရာ **ပတိဋ္ဌာ**လည်း ဖြစ်တယ်တဲ့။ အဲဒီ ပတိဋ္ဌာနဲ့တူတဲ့ ကျန်တဲ့

http://www.dhammadownload.com

ပတိဋ္ဌာ မရှိဘူးတဲ့။ ပြီးတော့ ဆွဲကိုင်စရာ **အာရမ္မဏ**ကြိုးနဲ့လည်း တူတယ်တဲ့။ ကိုယ်က သီလပြည့်စုံတော့ သီလဟာ **တာဏ**လည်း ဖြစ်တယ်တဲ့။ တာဏနဲ့တူတာ တခြား လောကကြီးမှာ မရှိဘူးတဲ့။ ပြီးတော့ **လေဏ** ခိုလှုံစရာလည်း ဖြစ်တယ်တဲ့။ ရောက်ရာ**ဂတိ**လည်း ဖြစ်တယ်တဲ့။ လဲလျောင်းရာ **ပရာယဏ**လည်း ဖြစ်တယ်တဲ့။ အဲဒီလို အရာတွေနဲ့ တူတာ လောကမှာ မရှိဘူးတဲ့။ ဒီမှာ အထူးပြထားတာတော့ သီလနဲ့ တူတဲ့ အဆင်တန်ဆာ မရှိဘူးတဲ့။ ပြီးတော့ သီလနဲ့တူတဲ့ တခြား ပန်းမရှိဘူး။ သီလနဲ့တူတဲ့ တခြား ရနံ မရှိဘူးလို့လည်း ပြထားပါတယ်။ ပြီးတော့ သီလအဆင်တန်ဆာ ရှိပြီး သီလရနံ မွှေးကြိုင်ပြီး သီလပန်းတွေ ပန်ထားသူဟာ တစ်လောကလုံးရဲ့ ကြည့်လို့မဝနိုင်အောင်တောင် ဖြစ်သွားပါတယ်တဲ့။

ဒီနေရာဌာနမှာ သီလနဲ့တူတဲ့ အဆင်တန်ဆာ မရှိဘူး ဆိုတာ နည်းနည်းချဲ့ပြီး ပြောချင်ပါတယ်။ အဆင်တန်ဆာအတုနဲ့ အဆင်တန်ဆာအစစ် နည်းနည်းခွဲပြီး ပြောချင်ပါတယ်။ အဲဒီ (၂) မျိုးထဲက ၁။ **ကုတ္တိမအဆင်တန်ဆာ**နဲ့ ၂။ **အကုတ္တိမအဆင်တန်ဆာ**လို့ ကျမ်းဂန်များမှာ ပြထားပါတယ်။ ကုတ္တိမ အဆင်တန်ဆာဆိုတာ ပုတီးနားတောင်း အစရှိတဲ့ လောက သုံးစွဲနေကြတဲ့ အဆင်တန်ဆာတွေဟာ ပြုပြင်ခြင်းကြောင့် ဖြစ်ပေါ်လာတာ ဖြစ်လို့ ကုတ္တိမအဆင်တန်ဆာ အတွက်လို့ ခေါ်ပါတယ်။ အကုတ္တိမ အဆင်တန်ဆာကတော့ လူတွေ ပြုပြင်လို့ရတဲ့ဟာမျိုး မဟုတ်ဘဲ

http://www.dhammadownload.com

အမြဲမပြတ် ကာလပတ်လုံး သီလရှိလျက် တင့်တယ်ခြင်း၊ ကြည့်လို့မဝနိုင်ခြင်း ဂုဏ်တွေဆောင်တဲ့အတွက် အကုတ္ထိမ အဆင်တန်ဆာ အစစ်လို့ ကျမ်းဂန်များမှာ ခွဲပြထားပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ လူတွေဟာ အများအားဖြင့် ကုတ္ထိမ အဆင်တန်ဆာခေါ်တဲ့ ပုတီးနားတောင်းစတဲ့ ပစ္စည်းတွေ ရရှိဖို့ အားစိုက်ကြတယ်။ ကုတ္ထိမ အဆင်တန်ဆာရဖို့ ဒါပဲ အလေးထားကြတယ်။ အကုတ္ထိမအဆင်တန်ဆာ ဆင်မြန်းဖို့အတွက် မေ့နေသူတွေများပါတယ်။ အဲဒီအဆင်တန်ဆာအတုတွေဟာ ဘယ်လောက်ပဲ ငွေကြေးကုန်ကျခံပြီးတော့ သူ့အရွယ်အလိုက်သာ တင့်တယ်တယ်။ အရွယ်တိုင်းနဲ့ မတင့်တယ်ဘူး။ အခါခပ်သိမ်းလည်း မတင့်တယ်ဘူး၊ အခါခပ်သိမ်း အရွယ်မရွေး ဆင်မြန်းလို့ရနိုင်တဲ့ အဆင်တန်ဆာကတော့ သီလအဆင်တန်ဆာပဲ။ အဲဒီ အဆင်တန်ဆာ အထူးကို အလေးထားပြီး ဆင်မြန်းကြလို့ အချိန်ကုန်တာတွေ ထင်တဲ့အတိုင်း မဟုတ်ပုံတွေ တကယ့် အဆင်တန်ဆာအထူးကို ဆင်မြန်းကြလို့ အမြဲတစေ အသရေရှိနေပုံတွေကိုတော့ နောက်တစ်ပတ်စနေကျမှ ဆက်လက်ပြောပါတော့မယ်။ ဒီနေ့ အချိန်စေ့သွားလို့ ဒီမှာပဲ ရပ်ကြပါစို့။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

လူဝိနည်း

ကြောက်လို့ရှောင်ကြဉ်ရတာထက်

ပြီးခဲ့တဲ့ စနေနေ့က သီလအကြောင်းအရာနဲ့ တရား အဆုံးသတ်ခါနီးမှာ ကုတ္တိမအဆင်တန်ဆာနဲ့ အကုတ္တိမ အဆင် တန်ဆာ ပြောသွားပါတယ်။ ကုတ္တိမအဆင်တန်ဆာဆိုတာ လူတွေ လုပ်ထားတဲ့ ပုတီးနားတောင်းအစရှိတဲ့ အဆင်တန်ဆာ အတုတွေပါပဲ။ ကိုယ်ကျင့်သီလတွေ ပြည့်စုံတယ်ဆိုရင် ဆင်ယဉ် ထုံးဖွဲ့မှု အထူးမပါဘဲနဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့အလယ်မှာ လှပပုံတွေ အဆင်တန်ဆာ အစစ်ကို ပြောပြီးတော့ တရား သိမ်းသွားပါတယ်။ အဲဒါကို ဒီနေ့ ဆက်လက်ပြီး ပြောပါမယ်။

လူ့ဝိနည်းဆိုတာ အကုသလ ကမ္မပထတရား (၁၀) ပါးမှ ရှောင်ကြဉ်ခြင်းပဲလို့ ကျမ်းဂန်များမှာ ပြဆိုထားတယ်။ အဲဒီ (၁၀) ပါးမှ မရှောင်ကြဉ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ တခြားလူ့စည်းကမ်းများကိုလဲ ရှောင်ကြဉ်နိုင်မှာ မဟုတ်ပါဘူး။ ချိုးဖောက်ဖို့ရန် သေချာသလောက်

http://www.dhammadownload.com

ပါပဲ။ အဲဒီ (၁၀) မျိုးမှ ရှောင်ကြဉ်နိုင်ရင် တခြား လူ့စည်းကမ်းများကိုလဲ လွယ်လွယ်နဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ ဖြစ်သွားပါပြီ။ ဒီတော့ အကုသလ ကမ္မပထ တရား (၁၀) ပါးမှ ရှောင်ကြဉ်ရတဲ့ အတွက် အရင်းခံ လူ့ကျင့်ဝတ်တွေ အလိုလို ပြည့်စုံသွားပြီဆိုတာ ဘုန်းကြီးတို့ပရိသတ် နားလည်ဖို့ပါပဲ။

အဲဒီ ဒုစရိုက် (၁၀) ပါးမှ ရှောင်ကြဉ်ခြင်းဆိုတဲ့အချက်ကို ထပ်ပြောပါဦးမယ်။ ကာယဒုစရိုက် (၃) ပါး, ဝစီဒုစရိုက် (၄) ပါး, မနောဒုစရိုက် (၃) ပါးအားဖြင့် (၁၀) ပါး ဖြစ်တယ်။ ရှောင်ကြဉ်ဆိုတာ အဲဒီ (၁၀) မျိုးလုံးကို မကျူးလွန်ခြင်းပါပဲ။ အဲဒီ (၃) ခုထဲက ကာယဒုစရိုက်မှ ရှောင်ကြဉ်ဆိုတာ ညှဉ်းဆဲသတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်း, ခိုးယူမှုရှောင်ကြဉ်ခြင်းနဲ့ ကိုယ်မပိုင်တဲ့ ကာမကိစ္စတွေမှာ မှောက်မှားစွာ ပြုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်တယ်။ မတော်မသင့်တဲ့ အပြုအမူတွေမှ ရှောင်ကြဉ်တဲ့ အလေ့ဟာ ကောင်းတဲ့အလေ့ဖြစ်နေတော့ သူ့ကို "ကာယသုစရိတ" လို့ဆိုပါတယ်။ နောင်တစ်ချိန် ကိုယ်ခံရမှာကို ကြောက်လို့ ရှောင်ကြဉ်ရတာထက် လူသားပီပီ စာနာညှာတာပြီးတော့ ရှောင်ကြဉ်ရတာ, အသိဉာဏ်လေး ပါပြီး ရှောင်ကြဉ်ရတာတို့က ပိုကောင်းပါတယ်။

သူ့နေရာမှာ ကိုယ်နေကြည့်ပါ

စာနာညှာတာပုံကတော့ – ညှင်းဆဲသတ်ဖြတ်မှု, ခိုးမှု,

http://www.dhammadownload.com

ကိုယ်မပိုင်တဲ့ ကာမကိစ္စပြုဖို့ရန် အခွင့်ကြုံလာရင် မိမိကိုယ်တိုင် ညှဉ်းဆဲသတ်ဖြတ်ခံပုဂ္ဂိုလ်ရဲ့နေရာမှာ နေကြည့်လိုက်၊ ပစ္စည်းပိုင်ရှင်ရဲ့ နေရာမှာ နေကြည့်လိုက်၊ ကာမဂုဏ်ပိုင်ရှင်ရဲ့ နေရာမှာ နေကြည့်လိုက်၊ နေကြည့်လိုက်လို့ ကိုယ်ကိုယ်တိုင် အပြုအမူခံရပြီဆိုရင် မကြိုက်နိုင်ဘူး။ ကိုယ် မကြိုက်တဲ့အလုပ်ကို လောဘ, ဒေါသအလိုလိုက်ပြီး ကျူးလွန်လို့ရှိရင် ဒါမတရားတာပဲ။ အဲဒီမတရားတဲ့အမှုမှ ရှောင်ကြဉ်ရတာဟာ တစ်ယောက်ယောက်က ဒီလို ရှောင်ကြဉ်ရမယ်လို့ အမိန့်ပေးထားလို့ ရှောင်ကြဉ်ရတာ မဟုတ်ပါဘူး။ ကမ္ဘာဓမ္မတာပဲ။ လူသားပီသတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ ဒီလို ရှောင်ကြဉ်ရမှာပဲ။ အဲဒီလို ရှောင်ကြဉ်မှုမျိုးမှာ စာနာညှာတာတဲ့ သဘောပါတယ်။ မေတ္တာပါတယ်၊ ကရုဏာပါတယ်၊ ဉာဏ်ပါတယ်။ အဲဒါမျိုးက ပိုပြီးတော့ အဆင့်အတန်း မြင့်ပါတယ်။

ထို့အတူ ဝစီဒုစရိုက် (၄) ပါးမှ ရှောင်ကြဉ်တာလဲပဲ စာနာညှာတာပြီးတော့ ဆင်ခြင်တုံ, မြော်မြင်တုံနဲ့ ရှောင်ကြဉ်ရတာပါ။ လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်ရတာ, ရန်တိုက်ခြင်းမှ ရှောင်ကြဉ်ရတာ, မယဉ်မကျေး ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်းမှ ရှောင်ကြဉ်ရတာ, အကျိုးမရှိတဲ့-အချိန်ဖြုန်းတဲ့ စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ရတာတွေဟာ ကိုယ်ခံရမှာ ကြောက်လို့ ရှောင်ကြဉ်ရတာထက် စာနာစိတ်ထားပြီးတော့ အမြော်အမြင်နဲ့ ရှောင်ကြဉ်ရတာက ပိုကောင်းပါတယ်။ ပြောစရာရှိရင် မှန်မှန်ကန်ကန် ပြောလို့, စေ့စပ်ရေး စကားပြောလို့, ချိုချိုသာသာ

http://www.dhammadownload.com

ယဉ်ယဉ်ကျေးကျေး ပြောလို့, သူတစ်ပါးရော မိမိပါ အကျိုးရှိတဲ့ စကားတွေပြောလို့ရှိရင် ဒါကောင်းတဲ့ နှုတ်အမှုအရာလေးတွေ ဖြစ်နေတာပဲ။

သူများကို လိမ်ဖို့, ညာဖို့အခွင့်ကြုံလာရင် အထူးအား ဖြင့် သူများ ဂုဏ်သိက္ခာကျအောင်, ဆင်းရဲအောင် လိမ်ဖို့, ညာဖို့ ကြုံလာရင် ကိုယ်ကိုယ်တိုင် အလိမ်အညာခံရတဲ့ပုဂ္ဂိုလ်နေရာမှာ နေကြည့်လိုက်။ မခံနိုင်ဘူးဆိုရင် ဒါကျူးလွန်တာပဲ၊ သူများမှာ နစ်နာသွားပြီ။ ကျန်တဲ့ဟာတွေလဲ ဒီအတိုင်းပဲ။ အဲဒီလိုအနေနဲ့ မတရားမှန်းသိပြီး စာနာညှာတာကာ ရှောင်ကြဉ်ရတဲ့အလုပ်က ပိုပြီးတော့ အဆင့်အတန်း မြင့်ပါတယ်။ ကောင်းတဲ့ နှုတ်အမှုအရာ အလေ့အထတွေရှိနေတယ်၊ အဲဒါမျိုးမှ သာပြီး အကျိုးရှိပါတယ်။

၆–မျက်နှာရှိတဲ့ အံစာတုံးနဲ့ ပစ်တိုင်းထောင်လို

ပြီးတော့ သူပိုင်ပစ္စည်းကို မတရားရယူလိုမှု, အပိုင်စီးလိုမှု= အဘိဇ္ဈာ၊ သူတစ်ပါး သေပျက်စေလိုမှု, ညှင်းဆဲလိုမှု=ဗျာပါဒ၊ ကောင်းတာလုပ်လဲ ကောင်းကျိုးမရ, ဆိုးတာလုပ်လဲ ဆိုးပြစ်မရ, ပြုသမျှ အလကားချည်းပဲလို့ လွဲမှားစွာယူဆမှု=မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောဒုစရိုက် (၃) ပါးမှ ရှောင်ကြဉ်ရတယ်။ ရှောင်ကြဉ်တော့ သူများကို ကူညီစရာရှိရင် ကူညီလို့, သူများအပေါ်မှာ မေတ္တာ, ကရုဏာတွေထားလို့, ကောင်းတာပြု ကောင်းကျိုးရ, ဆိုးတာပြု ဆိုးပြစ်ရ ဆိုတဲ့ မနောက် စိတ်နေစိတ်ထားတွေက မှန်လို့

http://www.dhammadownload.com

သွားတယ်။ အဲဒါကို "မနောသုစရိတ" လို့ ခေါ်ပါတယ်၊ ဒီတော့ ဒုစရိုက် (၁၀) ပါးမှ ရှောင်ကြဉ်ခြင်းဟာ လူ့ဝိနည်းပဲ။ အဲဒီ (၁၀) မျိုးမှ မရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်မှာ အခြား လူ့စည်းကမ်းတွေကိုလဲ ချိုးဖောက်ဖို့ လွယ်ကူပေမယ့် ရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်မှာတော့ သတ်မှတ်ထားတဲ့ လူ့စည်းကမ်းတွေ ထိန်းသိမ်းဖို့ရန်အတွက် ဘာမှ ဝန်မလေးတော့ပါဘူး။ အဲဒီ (၁၀) မျိုးမှ ရှောင်ကြဉ်ရတဲ့ အလုပ်ဟာ လူများအဖို့ သိပ်အရင်းခံကျတဲ့ ကျင့်ဝတ်တစ်ခုပဲလို့ နားလည်ဖို့ပါပဲ။

အဲဒီလို အခြေအနေရှိတဲ့ပုဂ္ဂိုလ်ရဲ့ဘဝကို ကျမ်းဂန်များမှာ အများလက်လှမ်းမီတဲ့ ဥပမာလေးတစ်ခု ပေးထားပါတယ်။ အဲဒီ ဥပမာကတော့ (၆) မျက်နှာရှိတဲ့ အံစာတုံးကို အပေါ်မြှောက် ပစ်တင်လိုက်စမ်းပါတဲ့။ ပြန်ပြီးတော့ ကျလာရင် အနေအထား မှန်မှန်နဲ့ ကျတယ်တဲ့။ အနေအထား ဘယ်တော့မှ မပျက်ဘဲ အပြားလိုက် သပ်သပ်ရပ်ရပ်လေး ကျတယ်တဲ့။ မရွေ့ရှားတော့ဘူးလို့ ဆိုလိုတာပါပဲ။ အဲဒီ ဥပမာလေး ပေးထားတယ်။ အခုလို ကောင်းတဲ့ အပြုအမူလေးတွေရှိထားတဲ့ ပုဂ္ဂိုလ်ဟာ ယခုဘဝမှာ ပညာရှိ သူတော်ကောင်းတွေ တောထဲမှာလဲ သူ့ဘဝအခြေအနေဟာ အဆင်ပြေနေတာပဲ။ အချိုးကျနေတာပဲ။ ဘယ်သွားသွား, ဘယ်ရောက်ရောက် အဆင်ပြေ အချိုးကျနေတာပဲ။ နောက်ဘဝသစ်သွားလဲ ဒီအတိုင်းပဲ အချိုးကျဖို့ရာ သေချာနေတာပဲ၊ အံစာတုံးဟာ လိမ့်မသွားသလို သူ့ဘဝဟာလဲ လိမ့်မသွားဘူးလို့ ဆိုလိုတာပေါ့။

http://www.dhammadownload.com

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာတော့ ပစ်တိုင်းထောင်ရပ်ဆိုတာ ရှိပါတယ်။ အပေါ်မြောက်ပစ်ပစ်, ဘေးပစ်ပစ်, ဘယ်လိုပဲ ပစ်လိုက်ပစ်လိုက် ပြန်ပြီးတည်မိတဲ့အခါ ရပ်လျက်ပဲ၊ ထောင်လျက်ပဲ။ အဲဒီအရပ်က တယ်ဟန်ကျတယ်။ ချိန်သားကိုက်လုပ်ထားတာကိုး။ တစ်ဖက်ဖက် စောင်းပြီးတော့ ဟန်ချက်မညီတာ မရှိဘူး၊ မြေကြီးပေါ်ကျတာနဲ့ တစ်ခါတည်း တည်မိလျက်သား ဖြစ်နေတယ်။ အခုကာလ အတိုင်းတိုင်းအပြည်ပြည်မှာ လူငယ်လူရွယ်တွေ, (လူကြီးတွေ တစ်ချို့ ပါပါတယ်) လူ့စည်းကမ်းတွေ ပျက်လို့ ဘဝထောက်တည်ရာမရဘဲ ဖြစ်ချင်တိုင်း ဖြစ်နေတာလဲ ကြည့်ပေါ့။ လူ့စည်းကမ်းမပျက်တဲ့ ပုဂ္ဂိုလ်များဟာ ပစ်တိုင်းထောင် သဘောမျိုးလို ဘဝအခြေအနေ ကျနနေတာလေးတွေ တွေ့ပါလိမ့်မယ်။

အရေးအကြီးဆုံးလုပ်ငန်းမှာ အင်္ဂါ (၄) ရပ် ရှိတယ်

လူသားများအတွက် အခုလိုအခြေခံကျတဲ့ ဒုစရိုက်မှုတွေမှ ရှောင်ကြဉ်ရတာဟာ မိမိအတွက် တစ်သက်လုံး အရေးကြီးတဲ့ အလုပ်ပဲဆိုတာ နားလည်ထားသင့်ပါတယ်။ မိမိအတွက် တစ်သက်လုံး အရေးကြီးဆုံး လုပ်ငန်းမှာ အင်္ဂါရပ်နဲ့ တွက်ကြည့်လိုက်ရင် အင်္ဂါ (၄) ရပ် ထွက်လာပါတယ်။ အဲဒီ အင်္ဂါ (၄) ရပ်ဆိုတာကတော့–၁။ **မရှောင်မဖြစ်ခြင်း၊** ၂။ **ကိုယ်တိုင်ရှောင်မှဖြစ်ခြင်း၊** ၃။ **အချိန်မရွေး, နေရာမရွေး, အချိန်မီရှောင်ရခြင်း**နဲ့ ၄။ **အကျိုးရများခြင်း**ပါပဲ။

http://www.dhammadownload.com

လောကမှာ ရှောင်ရမယ့်အရာတွေ အများကြီးရှိပါတယ်။ စားရေးသောက်ရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ရှောင်သင့်တဲ့ ဟာတွေကို သွားစားရင် ဒုက္ခဖြစ်တာပဲ။ အဲဒါတော့ ရှောင်ကို ရှောင်ရမယ်။ ရှောင်သင့်တဲ့ဟာမို့ ရှောင်တာပဲ၊ ဒီမှာ ရှောင်သင့်တဲ့ ကိုယ်, နှူတ်, စိတ်ထား အပြုအမူတွေ ရှောင်ရတာဟာ တစ်စုံတစ်ယောက်ရဲ့ အာဏာကြောင့် ရှောင်ရတာ မဟုတ်ဘူး။ လူ့ကျင့်ဝတ်တွေ ပျက်ကုန်မှာစိုးလို့, သူတစ်ပါးတွေ နစ်နာမှာစိုးလို့ ရှောင်ရတာ။

ပြီးတော့ ကိုယ်တိုင် ရှောင်ရတယ်။ မတည့်တဲ့အစာကို ကိုယ်တိုင်ရှောင်မှ ကိုယ်တိုင်ဘေး မဖြစ်တာဘဲ။ မိဘလုပ်သူက သားသမီးအတွက် မတည့်တဲ့အစာကို ရှောင်ပေးပါတယ်ဆိုရင် မိဘမှာပဲ အကျိုးရှိမှာပေါ့။ သားသမီးအတွက် ဘယ်သွားအကျိုး ရှိမလဲ။ သားသမီးကလဲ မိဘအတွက် ရှောင်ပေးလို့ ဖြစ်တာ မဟုတ်ဘူး။ ဆရာလုပ်သူများကလဲ တပည့်များအတွက် ရှောင်ပေးလို့ ရတာမဟုတ်ဘူး။ ကိုယ်တိုင်ရှောင်မှ ကိုယ်တိုင်အကျိုး ရှိတာ။ မိတ်ဆွေသူငယ်ချင်း အချင်းချင်းလဲ တစ်ဦးကရှောင်ပေးလို့ တခြားတစ်ဦးမှာ အကျိုးရှိတာမဟုတ်ဘူး။ ရှောင်တဲ့ပုဂ္ဂိုလ်သာ အကျိုးရှိတာပဲ။ ဒီတော့ ကိုယ်တိုင်ရှောင်မှ ဖြစ်နိုင်တယ် ဆိုတာဟာ အရေးကြီးတဲ့ အဂၤါရပ်တစ်ခုအနေနဲ့ ပါလာတယ်။

http://www.dhammadownload.com

အသက်ရှင်တုန်းလိမ္မာပါးနပ်စွာ ရှောင်နိုင်ပေမယ့်

အစားအသောက်, အနေအထိုင်စသည်မှာ မတည့်တာတွေ တင်ကြိုးပြီးရှောင်မှ ကိုယ်ထဲမှာ သွေးသားတွေ ညီညွတ်ပြီး ကိုယ်ခုခံအားတွေ ကောင်းနိုင်ပါတယ်။ တစ်ခါတစ်ခါ လူကြီးတွေရဲ့ရှေ့မှာတော့ ရှောင်နိုင်ပြီး ကွယ်ရာမှာ မရှောင်နိုင်ဘဲ မတည့်တာစားမယ်ဆိုရင်တော့ ဒုက္ခရောက်ဖို့ပဲ။ ဒါလိုပဲ မတည့်တဲ့အစာနဲ့တူတဲ့ ဒုစရိုက်တရားတွေ ရှောင်တယ်ဆိုတာ တစ်ခဏလေး မဟုတ်ဘူး။ တစ်ရက်လေး မဟုတ်ဘူး၊ တစ်လလေး မဟုတ်ဘူး။ အမြဲတစေပဲ။ ပြီးတော့ ဒီနေရာမှာသာ ရှောင်ရတာ၊ အခြားတစ်နေရာမှာ ရှောင်ဖို့မလိုဘူးလို့ မဟုတ်ဘူး။ အခြားတစ်နေရာမှာလဲ ရှောင်ရတာပဲ၊ အချိန်မရွေး၊ နေရာမရွေး ရှောင်ရတာ၊ ပြီးတော့ အချိန်မီလဲ ဖြစ်ရပါတယ်။ အသက်ကြီးမှ ဒါတွေ ရှောင်ရမယ်ဆိုရင် သိပ်မလွယ်ဘူး၊ မရှောင်နိုင်တဲ့အကျင့်ကပါသွားပြီ။ ဒီတော့ ငယ်ငယ်ရွယ်ရွယ်တည်းကိုက နားလည်ပြီး အချိန်မီဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။

နောက်ဆုံးအင်္ဂါရပ်ကတော့–အကျိုးရများခြင်းတဲ့၊ စာနာညှာတာပြီး ရှောင်ကြဉ်တဲ့ အလေ့အထကောင်းလေးတွေ ရှိထားတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ဘဝကိုပြန်ကြည့်ပေါ့။ ပြန်ကြည့်လို့ ကိုယ်, နှုတ်, စိတ်ထား အပြုအမူလေးတွေ အဆင်ချောမောတာလေးတွေ, သန့်ရှင်းတာလေးတွေ တွေ့ရင် သိပ်အားရတာ၊ တကယ်လို့ မသန့်ရှင်းဘူးဆိုရင် ကိုယ့်ကိုယ်ကို အပြစ်တင်တယ်။ အဲဒီ ကိုယ့်

http://www.dhammadownload.com

ကိုယ်ကို အပြစ်တင်တာကို "အတ္တာနုဝါဒဘေး" လို့ ခေါ်တယ်။ ကိုယ့်ကိုယ်ကို အပြစ်တင်တဲ့ ကြောက်စရာဘေးတဲ့။ အသက်ရှင်ဆဲကာလမှာတော့ အဲဒီဘေးကို လိမ္မာပါးနပ်စွာနဲ့ ရှောင်နိုင်ပေမယ့် သေခါနီးအခါမှာ ကိုယ်လုပ်ထားတဲ့ဟာတွေဟာ အကုန်လုံး ပြန်ပေါ်တာ။ အဲဒီလို ပြန်ပေါ်တဲ့အခါမှာ ဒုစရိုက်မကင်းတဲ့ ပုဂ္ဂိုလ်တွေ သေခါနီးအခါမှာ အော်ကြတယ်။ ဟစ်ကြတယ်။ မသက်မသာနဲ့ ဖြစ်ကြတာတွေ ရှိတယ်။ အဲဒါ အတ္တာနုဝါဒဘေး ဆိုက်တာပေါ့။ သုစရိုက် အကျင့်ကောင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ ညင်ညင်သာသာလေးနဲ့ ဘဝအသစ်ကူးသွားကြတာပေါ့။

ဒီတော့ သီလဟာ မိမိအတွက်အခြေခံကျကျ တစ်သက်လုံး အရေးကြီးဆုံးဆိုတာ ဒီအင်္ဂါရုပ် (၄) ခုနဲ့ စစ်ကြည့်ပေါ့။ ဒီအင်္ဂါ (၄) ရုပ်နဲ့ စစ်ကြည့်လို့ ဒီအင်္ဂါရုပ် (၄) ရုပ်နဲ့ ကိုက်ပြီဆိုရင် အဲဒါ အရေးကြီးပြီ။ အရေးမကြီးဘဲနဲ့ လုပ်ရတဲ့ကိစ္စ မဟုတ်ဘူး၊ တကယ်လိုအပ်လို့ လုပ်ရတာ။ အခြေခံပြည့်စုံရတယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် နားလည်ဖို့ပါပဲ။ ဒီနေ့ အချိန်ကျသွားပြီ။

ဒီလို ဟောပြောရတဲ့ တရားဒေသနာတွေကို ရိုသေစွာ နာခံမှတ်သားရတဲ့ ဓမ္မသဝနကုသိုလ်ကံစေတနာရဲ့ အစွမ်းအာနုဘော်ကြောင့် ဒုစရိုက်တရားတွေကို ရှောင်ကြဉ်ရင် လူ့ကျင့်ဝတ် အကျင့်တရားတွေကိုလဲ အလိုလို ထိန်းသိမ်းခြင်း ဖြစ်သွားတယ်ဆိုတာကို နားလည်ပြီး တကယ့် အရေးအကြီးဆုံး ပဲလို့ သဘောပေါက်ကာ အခြေခံကိုယ်ကျင့်သီလနဲ့ ပြည့်စုံ၍ နောက်ဆုံး စိတ်ဓာတ်နဲ့

http://www.dhammadownload.com

အသိညာဏ်တွေ တိုးမြှင့်နိုင်တဲ့အထိ ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

ဂန္ဓာရရဿေန့ ဝေဒဟရဿေ

လူ့ဝတ္တရားကို ကျေပွန်ရပါတယ်

ဒီနေ့ စနေနေ့ဆိုတော့ ပြီးခဲ့တဲ့ စနေနေ့ရဲ့ တရားအဆက်ကို ဟောပါမယ်။ ပြီးခဲ့တဲ့အပတ်က သီလအကြောင်း ဟောခဲ့ပါတယ်။ ဒီနေ့ မပြီးပြတ်သေးတဲ့ အဲဒီ သီလအကြောင်းကို ဟောပါမယ်၊ "သီလ" ဆိုရာမှာ အရင်အပတ်က လူ့ဝိနည်းကို ဟောသွားပါတယ်။ "အဂါရိကဝိနယော နာမ ဒဿ အကုသလကမ္မပထဝိရမဏံ=လူတွေရဲ့ဝိနည်းဆိုတာ အကုသလကမ္မပထ တရား (၁၀) ပါးမှ ရှောင်ကြဉ်နေတာပါပဲ" တဲ့။ လူ့ဝိနည်းတွေ မပြည့်စုံလို့ရှိရင် လူ့ကျင့်ဝတ်တွေ ပျက်သွားတတ်တယ် ဆိုတဲ့အကြောင်းကို ပြောသွားပါတယ်။ ဒီနေ့ အဲဒါကို ဆက်ပြီးဟောပါမယ်။

ပြီးတော့ ဒီဃနိကာယ် ပါထိကဝဂ် သီဂီါလောဝါဒသုတ္တန်မှာလည်း လူများ ရှောင်ကြဉ်ရမယ့် အကျင့်များ, လိုက်နာရမည့် အကျင့်များကိုလဲ ဟောထားတာရှိပါတယ်။ အဲဒီ သုတ္တန်

http://www.dhammadownload.com

မှာ ဟောထားတဲ့ ကျင့်ဝတ်တွေကတော့ မိဘနဲ့သားသမီး, ဆရာနဲ့ တပည့် စသည်တို့ ပြုရမည့်ကျင့်ဝတ်တွေပါပဲ။ အဲဒီ ကျင့်ဝတ်တွေကိုတော့ ဒီမှာ အပြည့်အစုံ မပြောနိုင်ပါဘူး။ ဆိုကြပါစို့၊ မိဘကသားသမီးတွေကို မကောင်းတာတွေ့က တားမြစ်ပေးရမယ်။ ကောင်းတာတွေ ညွှန်ကြားပေးရမယ်။ ဆရာကောင်းထဲ အပ်နှံပြီး အတတ်ပညာတွေ သင်ကြားပေးရမယ်။ ငွေကြေးစိုက်ထုတ်ပြီး တော့ စားဝတ်နေရေး ပြေလည်အောင် လုပ်ပေးရမယ်။ အရွယ်ရောက်ရင် ထိမ်းမြားပေးရမယ်၊ အဲဒီလို မိဘဝတ်တွေ ပြထားပါတယ်။ မိဘများက သားသမီးအပေါ်မှာ မေတ္တာကရုဏာထားပြီး တော့ ဝတ္တရားကျေရသလို ထို့အတူ သားသမီးများကလည်း ဝတ္တရား ကျေရပါတယ်။

သားသမီးဝတ် (၅)ပါး ရှိတယ်။ မိဘတွေ အိုမင်းမစွမ်းဖြစ်တဲ့ အခါ ကိုယ်က တုံ့ပြန်ပြီး ကျွေးမွေးရမယ်။ မိဘတွေရဲ့ အမှုကိစ္စ ရှိရင်လည်း ဆောင်ရွက်ပေးရမယ်။ အမွေခံထိုက်အောင်လည်း သားလိမ္မာ သမီးလိမ္မာတွေ ဖြစ်ရမယ်။ အလှူအတန်း လုပ်တဲ့အခါ မှာလည်း အမျှအတန်း ပေးဝေရမယ်။ ကိုယ့်အမျိုးအနွယ်ကိုလည်း စောင့်ရှောက်ထိန်းသိမ်းရမယ်တဲ့။ သိပ်ကောင်းပါတယ်။ ဒီအမေရိကလို ပေါကြွယ်တဲ့ တိုင်းပြည်တွေမှာတော့ လူအိုတွေကို အစိုးရကိုယ်တိုင်ကပဲ ဘာဝန်ယူထားတာ ဖြစ်တော့ သားသမီးတွေက မိဘတွေကို စောင့်ရှောက်ဖို့ရာ မလိုသလောက်တောင် ဖြစ်နေပါတယ်။

ပြီးတော့ ဆရာနဲ့တပည့် အပြန်အလှန် ကျင့်ဝတ်တွေ,

http://www.dhammadownload.com

လင်နဲ့.မယား အပြန်အလှန် ကျင့်ဝတ်တွေ, သခင်နဲ့.ကျေးကျွန် ကျင့်ဝတ်တွေ, ဆရာနဲ့.ဒကာ ကျင့်ဝတ်တွေလည်း အများကြီး ရှိပါတယ်။ ဒါတွေကို ကျကျနန ဟောရမယ်ဆိုရင် ကျယ်ကျယ်ပြန့်ပြန့်. ဟောရမှာပါ။ သိသာရုံအမြွက်လောက်ပဲ ဟောပါရစေတော့။ အခု ပြောခဲ့တဲ့ ကျင့်ဝတ်တွေဟာ လူများအဖို့. မပြုမနေပြုထိုက်တဲ့ လူ့ကျင့်ဝတ်တွေ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြုကိုပြုရမယ်လို့. ဆိုလိုပါတယ်။ ဒါပေမယ့် ဒီလိုပြောရတာကတော့ တစ်စုံတစ်ယောက်က အာဏာနဲ့.ပြုရမယ်ဆိုတာတော့ မဟုတ်ပါဘူး။ လူ့ဝတ္တရားဆိုတာ ကျေကို ကျေပွန်ရပါတယ်။ ဒါမှန်ပါတယ်။ လောကမှာ မပြုသင့်တဲ့ဟာကို ပြုလုပ်လို့.ရှိရင် အကုသိုလ် ဖြစ်သလို ပြုသင့်တာတွေကို မပြုဘဲ နေတာလည်း အကုသိုလ်လို့. ဆိုရမှာပါပဲ။

ဂဟေဆက် တရားများ

ပြောခဲ့တဲ့ ကျင့်ဝတ်တွေကို ကျင့်ခြင်းဖြင့် ဘာအကျိုးကျေးဇူးရှိသလဲဆိုတော့ အခု ပြောခဲ့တဲ့ ကျင့်ဝတ်တွေဟာ အချင်းချင်း ချစ်ခင်လေးမြတ် ဖြစ်ဖို့.ရန်နဲ့. စည်းစည်းလုံးလုံး ဖြစ်ဖို့.ရန်အတွက် ဆက်ပေးတဲ့ ဂဟေဆက်တရားတွေ ဖြစ်တယ်။ တာဝန်ရှိလို့. တာဝန်သိပြီး ဒီဝတ္တရားတွေ အချင်းချင်း ကျေပွန်လေလေ အချင်းချင်းအပေါ် မေတ္တာ, ကရုဏာ, မုဒိတာခေါ်တဲ့ ဗြဟ္မစိုရ်တရားတွေလည်း အားကောင်းလေလေပဲ။ စည်းရုံးသင့်မြတ်မှု

http://www.dhammadownload.com

ဖြစ်လေလေပဲ။ အဲဒီလိုဆိုရင် အင်မတန် ခိုင်ခိုင်မြဲမြဲ ဂဟေဆက်ထားလို့ ဘယ်နည်းနဲ့မှ မပြုတ်နိုင်တော့ဘူး။ မကျေပွန်တဲ့အတွက် ဘာအပြစ်တွေ ရှိနိုင်သတုန်းဆိုတော့ အဲဒီ ဝတ္ထုရားတွေ မကျေပွန်တဲ့ လူ့အဖွဲ့အစည်းတွေ သတိထားကြည့်ရင် ပြဿနာတွေ ပေါ်နေပါတယ်။ ကမ္ဘာအရပ်အရပ် အဲဒီလို ကြုံနေပါတယ်။ သတင်းစာဂျာနယ် စသည့် ကြည့်ရင် သိနိုင်ပါတယ်။ အဲဒီဝတ္ထုရားတွေ ကျေပွန်တဲ့ အဖွဲ့အစည်းတွေမှာတော့ အမြဲတမ်းလိုလို သာယာလျက် ရှိနေပါတယ်။

ပြီးတော့ အချင်းချင်းအပေါ်မှာ မေတ္တာ, ကရုဏာ, မုဒိတာတရားတွေ ထွန်းကားတဲ့ ခေတ်အခါမျိုးမှာဆိုရင် အဲဒီ ဝတ္ထုရားတွေမှာ အလိုလိုပြည့်ဝနေတာ ဖြစ်တော့ စည်းကမ်းတောင်မှ သတ်မှတ်ဖွယ် မလိုသလောက် ဖြစ်နေပါတယ်။ ပြီးတော့ နေပုံ, ထိုင်ပုံ, ပြောပုံ, ဆိုပုံ, စားပုံ, သောက်ပုံ, အချင်းချင်းဆက်ဆံပုံ စတဲ့ ကိစ္စအရပ်ရပ်တွေမှာ မရိုင်းပျရအောင် ယဉ်ကျေးအောင် လူမျိုးအလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းတွေလည်း ရှိပါတယ်။ အဲဒီ စည်းကမ်းတွေဟာ ဂိဟီဝိနယ=လူ့ဝိနည်းတွေ ခေါ်ပါတယ်၊ ပြီးတော့ ပြည်သူ့ကျင့်ဝတ်ခေါ်တဲ့ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ ဥပဒေအရာတွေမှာ လေ့လာရမယ့်, ဆောင်ရမယ့်, မှတ်သားရမယ့်, လိုက်နာရမယ့် စည်းကမ်းတွေလည်း ရှိပါသေးတယ်။ အဲဒီစည်းကမ်းများကိုလဲ **"ဂိဟီဝိနယ-လူ့ဝိနည်း"** လို့ပဲ ဆိုရမှာပါ။ စည်းကမ်းဝိနည်း နားလည်ပြီးတော့ လက်တွေ့လိုက်နာတဲ့သူ

http://www.dhammadownload.com

များမှာ ပညာရှိ သူတော်ကောင်းတွေရဲ့အမြင်မှာ ယဉ်ကျေးပြီး ဖြစ်နေလို့ ဝတ်စားတန်ဆာ အချိုးကျဆင်ထားတဲ့ ရှုချင်စဖွယ် တင့်တယ်တဲ့ ပုဂ္ဂိုလ်လို ဖြစ်နေပါတယ်။

မာနအခုအခံရှိတဲ့သူများကတော့

ဝိနည်းကျင့်ဝတ်လည်း မတတ်, တတ်ပေမယ့် လက်တွေ့ကျကျ မကျင့်သုံး, မလိုက်နာတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန်ပဲ ရိုင်းပျပြီးတော့ ပညာရှိသူတော်ကောင်းတို့ရဲ့ အမြင်မှာ စက်ဆုပ်ဖွယ်ရာတွေ, အကျိုးကျေးဇူးမဲ့နေတာတွေ တွေ့ရတတ်ပါတယ်။ ဒီအရေးနဲ့ ပတ်သက်ပြီး မိမိက ကျင့်ဝတ်တွေ မတတ်လို့ တစ်စုံတစ်ယောက်က ပြုပြင်ပေးရင် ယဉ်ကျေးမယ့်, လှပမယ့် အဆင်တန်ဆာကို ပေးကမ်းသလို သဘောထားပြီးတော့ ဝမ်းသာစွာနဲ့ လက်ခံထိုက်ပါတယ်။ ဒါပေမယ့်လို့ လူ့သဘာဝမှာ မာနအခံလေးတွေက ရှိတတ်ပါတယ်။ အဲဒီလို ပြုပြင်ပေးတာကိုပဲ မာနအခံရှိတဲ့သူများကတော့ ပြန်လှန်ပြီး ပြောဆိုတာတို့, ဆန့်ကျင်တာတို့ လောကမှာ ဖြစ်မြဲပါပဲ။ အဲဒီလူများမှာတော့ မိမိရမယ့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာကို ဖျက်ဆီးပစ်တာနဲ့ အတူတူပါပဲ။ "ငါက ဒါတော့ သိသားပဲ၊ ငါနားလည်ပြီးသားပဲ၊ စာပေတွေလည်း လေ့လာထားတာပဲ၊ ငါ့မှာ ပြည့်စုံနေသားပဲ၊ ငါ အားထုတ်လို့ ဒါတွေလည်း ထိုက်တန်သမျှ တွေ့ထားသားပဲ" စသည်ဖြင့် မာနအခုအခံလေးတွေ ရှိတတ်ပါတယ်။

http://www.dhammadownload.com

တိုင်းပြည်ကြီးကိုတောင်မှ စွန့်ခွာနိုင်ပါလျက်

ဒီနေရာဌာနမှာ အဆင်သင့်လို့ ဂန္ဓာရဇာတ်တော်ကို ပြောပါရစေ။ ဂန္ဓာရရဿေနဲ့ ဝေဒေဟရဿေ၊ အဲဒီ ရဿေနှစ်ပါးဟာ အတူနေကြပါတယ်။ ဟိမဝန္တာတောက ထွက်ခွာလာပြီးတော့ အစွန်အဖျားကျေးရွာတစ်ရွာကို သူတို့ ရောက်ကြပါတယ်။ လူတွေက ကြည်ညိုကြလို့ အဲဒီ နေရာဌာနမှာ ကျောင်းလေးတွေ ဆောက်ပြီး သူတို့ကို ကိုးကွယ်ထားကြပါတယ်။ အဲဒီ ရဿေနှစ်ပါးဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး၊ ဂန္ဓာရတိုင်းကို အစိုးရတဲ့ မင်းတစ်ပါးနဲ့ ဝိဒေဟတိုင်းကို အစိုးရတဲ့ မင်းတစ်ပါးပါပဲ။ ဂန္ဓာရတိုင်းဆိုတာ အခု ပါကစ္စတန်နယ်ထဲမှာ ရှိပါတယ်။ ဝိဒေဟတိုင်းဆိုတာကတော့ အိန္ဒိယအလယ်ပိုင်းမှာ ရှိပါတယ်။ သူတို့တိုင်းပြည်တွေကိုစွန့်ပြီးတော့ ရဿေပြုလာကြတဲ့ ဘုရင်ဟောင်းတွေလို့ ဆိုပါတယ်။ အဲဒီရွာမှာ သူတို့နေကြရင်း တစ်နေ့ ဝေဒေဟရဿေက ဆွမ်းခံက ရလို့ ပိုနေတဲ့ဆားကို ကျောင်းခေါင်မိုးမှာ သိမ်းထားပါတယ်။ ရဿေရဟန်းတွေဆိုတာ ဒကာ, ဒကာမတွေက ကြည်ညိုသဒ္ဓါ ဖြစ်လို့ လှူဒါန်းကြတယ်။

အဲဒီလို လှူဒါန်းတဲ့အခါမှာ ဆားပါတာလည်း ရှိတာပဲ။ ဆားမပါတာလည်း ရှိတာပဲ။ အဲဒီအရပ်ကတော့ ဆားလေးတွေ အထုပ်ပြုပြီးတော့ လှူတယ်ဆိုပဲ။ အဲဒီ ဆားထုပ်ထဲက ဂန္ဓာရရဿေကိုလည်း လိုသလောက် ခွဲပေးတယ်။ မိမိနဲ့ သင့်မြတ်ရုံ ယူထားပြီး ပိုနေတဲ့ ဆားထုပ်ကလေးကို နောင် ဆားမပါတဲ့အခါ

http://www.dhammadownload.com

ကြုံရင် အဆင်သင့် စားသုံးရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိမ်းထား ပါတယ်။ နောက်တစ်နေ့ ဆားမပါတဲ့ရက်နဲ့ကြုံတော့ အဲဒီ သိမ်းထားတဲ့ဆားကို ယူပြီးတော့ ဂန္ဓာရရသေ့အား ပေးပါတယ်။ ဂန္ဓာရရသေ့က "ဒီနေ့ ဆားမရပါလား၊ ဒီဆား ဘယ်ကရသလဲ" လို့ မေးတော့ "မနေ့က ပိုနေတဲ့ဆားလေး သိမ်းထားပါတယ်" လို့ ဝေဒေဟရသေ့က ပြန်ပြီးပြောပါတယ်။

အဲဒီလို ပြောတဲ့အခါ ဂန္ဓာရရသေ့က "တိုင်းပြည်ကြီးကို တောင်မှ စွန့်ခွာနိုင်ပါလျက် ဒီလောက်ဆားလေးကိုမှ မက်မက် မောမော ရှိနေရပါသေးသလား၊ သိမ်းထားရကောင်းလား" လို့ အပြစ်တင်ပါတယ်။ အဲဒီအခါ ဝေဒေဟရသေ့ဟာ မခံချင်တဲ့စိတ် ဖြစ်သွားတယ်။ စိတ်ဆိုးသွားတယ်။ ဟုတ်တယ်၊ မခံလည်း မခံချင်စရာပဲ။ သူ့ခမျာ စိတ်ကောင်းနှလုံးကောင်းနဲ့ သိမ်းထား တာပါပဲ။ သူ့ဘက်က ကြည့်မယ်ဆိုလည်း မှန်တာပဲ။ ဂန္ဓာရ ရသေ့ဘက်က ကြည့်မယ်ဆိုလည်း တိုင်းပြည်ကြီးတောင်မှ စွန့်ထားပြီးတော့ ဒီလောက်ဆားလေးကျမှ သိမ့်မိုးပြိုးမှ စားရမယ် ဆိုရင် အပြစ်လည်း အပြစ်တင်စရာပါပဲ။

ဆေးခါးကြီးကို အချိုလေးအုပ်ပြီး ကျွေးရမယ့်အစား

ဒီတော့ ပရိသတ်... ဘယ်ဘက်အနိုင်ပေးမလဲဆိုတာ ကြည့်ဆုံးဖြတ်ပေါ့။ လူတွေဆိုတာမျိုးက ချီးမွမ်း သိပ်ခံချင်တာ။ ကဲ့ရဲ့ရင် တယ်ပြီးတော့ မခံချင်ဘူး။ အခု ဂန္ဓာရရသေ့က အပေါ်စီးနဲ့

http://www.dhammadownload.com

ဆုံးမတယ် ဆိုတော့ ကဲ့ရဲ့သံလည်း ပါသွားတော့ ဟိုက မပြည့်ဝ သေးဘူးဆိုရင် မခံချင်တဲ့စိတ်တော့ ပေါက်မှာပဲ၊ ဒါ သဘာဝပဲ၊ ချိုချို သာသာလေးနဲ့ ပြီးနိုင်တဲ့ကိစ္စဆိုရင် ချိုချိုသာသာလေး ကောင်းတာပေါ့လေ။ အခုဟာက ဆေးခါးကြီးကို ဒီအတိုင်းကျွေးတော့ နည်းနည်းခါးသွားတာပေါ့။ တော်တော်လေး ခါးသွား တယ်။ ဆေးက ခါးလို့ အချိုလေးအုပ်ပြီး ကျွေးရမယ့်အစား အခါးချည်းပဲကျွေးတယ် ဆိုတော့ မကြိုက်နိုင်ဘူး။ စိတ်ဆိုးမှာပေါ့။ ဝေဒေဟရဿဟာ ဂန္ဓာရရဿရဲ့ ဆေးခါးကြီးအတိုက်ခံရတော့ သည်းမခံနိုင်တော့ဘူး။

ခြိမ်းခြောက်ပြီး ရွှေအိုးကိုပြတဲ့ပုဂ္ဂိုလ်ကိုပေါ့

သည်းမခံနိုင်ရင် ဆန့်ကျင်လာတော့တာပါ၊ ဆန့်ကျင်ပုံကတော့ “အရှင်ဘုရားဟာ ကိုယ့်အပြစ်ကို မမြင်ဘဲနဲ့ သူတစ်ပါးအပြစ်ကို မြင်ပြီးတော့ သူတစ်ပါးကို ဆုံးမဖို့ မလိုဘူး” တဲ့။ မိမိကိုယ်တိုင်ကိုပဲ ဆုံးမဖို့ရန် ထွက်လာပြီးတော့ အခုသူတစ်ပါးကို ဆုံးမရသလား” တဲ့။ ဒီလိုပြန်ပြီး ဆန့်ကျင်လာတယ်။ ဒီတော့ ဂန္ဓာရရဿက ဆက်ပြီးတော့ ပြောပါတယ်။ “ဝေဒေဟ... ငါဟာ တရားတွေကိုသာ ပြောခြင်း ဖြစ်ပါတယ်။ မတရားတာတွေကို မကြိုက်ပါဘူးတဲ့။ တရားကိုပြောတဲ့ ငါ့မှာ ဘာအပြစ်မှ မဖြစ်နိုင်ပါဘူးတဲ့။ မကောင်းမှု=ပါပ မပါလို့ ငါ့မှာ မနိမ့်ကျနိုင်ပါဘူး” တဲ့။ အမြော်အမြင်ရှိပြီး, သူတစ်ပါးအပေါ် မေတ္တာဘာဝနာထားပြီးတော့ နှိမ့်ချတဲ့ စကားလုံးပါတဲ့။

http://www.dhammadownload.com

မြတ်စွာဘုရားကလည်း မိန့်ကြားတော်မူခဲ့တယ်။ “ဆုံးမ ပြောဆိုတတ်တဲ့ပုဂ္ဂိုလ်ကို ဆည်းကပ်ရမယ်။ ဘာနဲ့တူလဲဆိုတော့ ခြိမ်းခြောက်ပြီး ရွှေအိုးကို ပြတဲ့ပုဂ္ဂိုလ်လိုပေါ့။ မတော်မသင့်တဲ့ ကိုယ်, နှုတ်, စိတ်ထားအပြုအမူတွေ ဖြစ်နေရင် တားမြစ်ရမယ်။ နည်းလမ်းညွှန်ပြရမယ်။ အဲဒီလို ညွှန်ပြတဲ့အခါမှာ စိတ်နေ စိတ်ထားကောင်းတဲ့ပုဂ္ဂိုလ်များကတော့ နှစ်ခြိုက်တယ်။ မကောင်းတဲ့ ပုဂ္ဂိုလ်များကတော့ မနှစ်ခြိုက်ပါဘူး။ နှစ်ခြိုက်တာ, မနှစ်ခြိုက်တာကို ထားပါ။ မတော်တဲ့ အမှုကိုတော့ ဟန့်တားရမှာပဲ” တဲ့။

တောထဲကကျွဲကန်းလိုပါပဲ

ခုန ဂန္ဓာရရသေ့ကို “တရားတာပြောတာဖြစ်လို့ ငါ့မှာ အကုသိုလ် မဖြစ်ပါဘူး။ ဘာမှ မနိမ့်ကျပါဘူး” လို့ ပြောလိုက်တော့ “ဘာကြောင့်ပဲဖြစ်စေ သူတစ်ပါးကို ထိခိုက်မယ်ဆိုရင် အကျိုးရှိတဲ့ စကားတောင်မှ မပြောသင့်ပါဘူး” တဲ့။ ပြန်ပြီးတော့ သူက ဆန့်ကျင်ပြန်တယ်၊ ဝေဒေဟရသေ့ရဲ့ ဂန္ဓာရရသေ့အပေါ်မှာ မြင်ပုံကတော့ ခေါင်းရိတ်တဲ့အခါမှာ ဆံပင်က ကြမ်းပြီး ဓားကတုံးနေပြီဆိုရင် အတင်းရိတ်ချရတော့ ခေါင်းကြိမ်းသွားတဲ့အနေမျိုး ဖြစ်ဟန်တူပါတယ်။

ဒီတော့ ဂန္ဓာရရသေ့က ဆက်ပြီးပြောပြန်တယ်။ “သူတစ်ပါးကို ထိခိုက်လို့ ဒီဖွဲပြာများလို ဘယ်လောက်ပဲ လွင့်စဉ်သွားစေတော့၊ တရားတဲ့အချက်ကိုတော့ ငါပြောရမှာပဲတဲ့။ တရားတဲ့

http://www.dhammadownload.com

အချက်ကို ပြောတဲ့ ငါ့မှာတော့ အပြစ်မရောက်နိုင်ပါဘူးတဲ့။ မြေအိုးလုပ်တဲ့အခါမှာ မြေအိုးကလေး လှလှပပ ဖြစ်စေချင်, သိပ်သိပ်သည်းသည်းလေး ဖြစ်စေချင်တဲ့ သဘောနဲ့ လက်ရိုက်ကလေးနဲ့ သိပ်သည်းအောင် ရိုက်ပေးသလို ဂန္ဓာရရဿေက ဒီလို ဆက်ပြောပြန်တယ်။ "ကိုယ်ပိုင်ဉာဏ်လည်းမရှိ, ဝိနည်းလည်း မတတ်တဲ့ ပုဂ္ဂိုလ်များဟာ တောထဲက ကျွဲကန်းကြီး မမြင်မစမ်းနဲ့ သွားနေသလိုပဲတဲ့၊ ဆရာသမားတွေထံမှာ သင်ကြားပြီး ဆုံးမခံယူမှုလည်း မရှိ, လိုက်နာမှုလည်း မရှိဘူးဆိုရင် တောထဲက ကျွဲကန်းကြီးလိုပါပဲတဲ့။ ဆရာသမားကောင်းထံမှာ နည်းခံပြီး ဝိနည်းတွေလည်း သင်ယူကာ ကိုယ်တိုင်လည်း လိုက်နာလို့ စိတ်တည်ငြိမ်မှု ရနေတဲ့ပုဂ္ဂိုလ်ဟာ သွားလာလှုပ်လည်တဲ့အခါမှာ အများရဲ့အမြင်မှာ တင့်တယ်နိုင်ပါတယ်" တဲ့။

အဲဒီ အဆုံးအမကို ကြားရတော့မှ ဝေဒေဟရဿေဟာ သူ့အမှားကို ဝန်ချတောင်းပန်ပါတယ်။ ဝန်မချဘဲ, သည်းမခံဘဲ ခုခံဆန့်ကျင်နေမယ်ဆိုရင် သူ့အတွက်တော့ အကျိုးနည်းသွားမှာပဲ။ ယခု ဝန်ချတောင်းပန်ပြီး ပြေအေးသွားတော့ ဂန္ဓာရရဿေရဲ့ အဆုံးအမကို ဆက်လက်နာခံပြီး တရားတွေ အားထုတ်တဲ့အခါ စျာန်သမာပတ်တွေ ရရှိကာ သူ့မှာ အေးချမ်းမှုတွေ ရသွားတယ်ဆိုတဲ့အချက် ရှိပါတယ်။

အဲဒီမှာ ပြထားတဲ့ သာဓကအတိုင်း ဘုန်းကြီးတို့တစ်တွေ ဘုန်းကြီးတို့ ယောဂီတစ်တွေ ကောင်းတဲ့ သင်ခန်းစာလေးတွေ

http://www.dhammadownload.com

ကိုယ့်ဆိုင်ရာဆိုင်ရာ ရဟန်းဝိနည်း, လူ့ဝိနည်းတွေ လေ့လာသင်ကြားကြပြီး ကိုယ်, နှုတ်အမူအရာတွေ ကောင်းပြီးတော့ သတိပဋ္ဌာန်တရား အားထုတ်ကြလို့ စိတ်တွေ အထူး စင်ကြယ်ပြီး နောက်ဆုံး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်တဲ့အထိ ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီနေ့ တရားအဆုံးသတ်လိုက်ပါတယ်။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

ဓမ္မစရိယာ

အပါယ်သွားလမ်း

ဒီနေ့ စနေနေ့ဆိုတော့ အရင်တစ်ပတ်က ဟောခဲ့တဲ့တရား အဆက် ဟောရမှာပဲ။ အရင် တစ်ပတ်က လူ့ဝိနည်းအကြောင်း ပြောသွားပါတယ်။ အဲဒီလူ့ဝိနည်းဟာ စာထဲက ဝိနည်းအကြောင်း မဟုတ်ဘူး။ ကိုယ်ထဲရောက်အောင် ကျင့်သုံးမှ ကိုယ်ပိုင် လူ့ကျင့်ဝတ်လို့ ဆိုနိုင်ပါတယ်။ ကိုယ်ထဲရောက်အောင် ပြည့်စုံအောင် ကျင့်သုံးမှုကို ပါဠိလို "ဓမ္မစရိယ" လို့ ခေါ်ပါတယ်။ အဲဒီ အဆင့်ရောက်သွားမှ ပိုပြီးတော့ အကျိုးရှိပါတယ်။ "ဓမ္မစရိယာ" ဆိုတဲ့ စကားစုမှ ဓမ္မရဲ့ဆန်ကျင်ဘက်တွေ အရင်ပြောမှ ဓမ္မအနက် အဓိပ္ပာယ် ပေါ်လာဖွယ် ရှိပါတယ်။ ဒါကြောင့် ရှေးဦးစွာ အဓမ္မ, ဓမ္မ နှစ်မျိုးခွဲပြီး ပြပါမယ်။ အဲဒီနှစ်မျိုးထဲက အဓမ္မကို အရင် ပြောပါ့မယ်၊ အဓမ္မဆိုတာကတော့ အကုသလကမ္မပထတရား (၁၀) ပါးကို ပြောပါတယ်။ ဒုစရိုက်တရား (၁၀) ပါးကို ပြောပါတယ်။

http://www.dhammadownload.com

အဲဒါတွေက ကာယဒုစရိုက်က သုံးပါး၊ ဝစီဒုစရိုက်က လေးပါးနဲ့ မနောဒုစရိုက်က သုံးပါး၊ အားလုံး ဒုစရိုက်ဆယ်ပါး ရှိပါတယ်။ အဲဒီ ဒုစရိုက်ဆယ်ပါးထဲက ကာယဒုစရိုက်သုံးပါး ဆိုတာ သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါး သားမယား ပြစ်မှား ခြင်းပါပဲ။ ဝစီဒုစရိုက်လေးပါး ဆိုတာက လိမ်ပြောခြင်း၊ ရန်တိုက် ခြင်း၊ ကြမ်းတမ်းရိုင်းပြစွာ ပြောဆိုခြင်းနဲ့ ပြိန်ဖျင်းတဲ့ အနက် အဓိပ္ပာယ် မရှိတဲ့ စကားပြောဆိုခြင်း၊ ဒီလေးမျိုးကို ဝစီဒုစရိုက် လေးပါးလို့ ခေါ်ပါတယ်။ မနောဒုစရိုက်သုံးပါး ဆိုတာ သူတစ်ပါး ဥစ္စာကိုရရန် ကြံခြင်း၊ စကားအတိုပြောရရင် သူ့ပိုင်ပစ္စည်းကို အပိုင်စီးလိုခြင်း၊ သူတစ်ပါး ပျက်စီးရန် ကြံစည်ခြင်း၊ အယူအဆ မှားခြင်းတို့ ဖြစ်ပါတယ်။ အဲဒီဆယ်ပါးကို ဒုစ္စရိုတ မကောင်း သော အကျင့်များလို့ ဆိုပါတယ်။ အပါယ်သွားလမ်း မကောင်းမှု များ ဖြစ်တဲ့အတွက် အကုသလကမ္မပထ ဆယ်ပါးလို့လည်း ကျမ်းဂန်မှာ ဆိုမိန့်ချက် ရှိပါတယ်။

သူတော်ကောင်းများ ကျင့်ရိုးတရား

ခုပြောခဲ့တဲ့ မကောင်းတဲ့အကျင့် အပါယ်သွားလမ်း မကောင်းမှုတွေက ရှောင်ကြဉ်ခြင်းကို ပါဠိလို “သုစရိတ” လို့ ခေါ်ပါတယ်။ ကောင်းသောအကျင့် လို့ ခေါ်ပါတယ်။ သုဂတိဘဝ သွားလမ်း ကောင်းမှုများ ဖြစ်တဲ့အတွက် “ကုသလကမ္မပထ” ကောင်းမှုလို့လည်း ဆိုမိန့်ချက်ရှိပါတယ်။ အဲဒီ ကုသလကမ္မပထ

http://www.dhammadownload.com

တရားဆယ်ပါးကို ကိုယ့်သန္တာန်မှာရောက်အောင် ကျင့်သုံးခြင်းကို "ဓမ္မစရိယာ" လို့ ခေါ်ပါတယ်။ ပြီးတော့ ဓမ္မဆိုတာဟာ သူတော်ကောင်းများ ကျင့်ရိုးတရား ဖြစ်ပါတယ်။ လူကောင်းသူကောင်းတွေ စိတ်ဓာတ်ကောင်းတဲ့ပုဂ္ဂိုလ်တွေ ကျင့်ရမြဲတရားဖြစ်ပါတယ်။ သူ့အသက်သတ်ခြင်း စသည့် အလုပ်မျိုးတွေကတော့ အဲဒီလို တရားကောင်းများမှ ကင်းကွာတဲ့အပြုအကျင့်မျှ ဖြစ်ပါတယ်။ အဲဒီလို သတ်မှု စသည်မှ ရှောင်ကြဉ်တာဟာ တရားနဲ့မကွာတဲ့ အပြုအကျင့် ဖြစ်တာမို့လို့ တရားနဲ့ မကင်းကွာသော အကျင့်လို့ ဆိုနိုင်ပါတယ်။

ဒါနှ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေလည်းပဲ ဓမ္မတော့ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ အဲဒီ ဓမ္မတွေက ကောင်းကျိုးချမ်းသာ ဖြစ်တယ်လို့ ဆိုနိုင်ပေမယ့် လက်တွေ့မတရားမှုမှ ရှောင်ကြဉ်တာလောက်တော့ အကျိုးသက်ရောက်မှု မရှိလှဘူး။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဘုရားလက်ထက်တော်က သာလေယျက ဒကာတွေ မြတ်စွာဘုရားထံမှောက် ရောက်ရှိပြီးတော့ ဓမ္မစရိယာဆိုတာ ဘာပါလဲလို့ လျှောက်ထားလို့ မြတ်စွာဘုရားက ဒီဒုစရိုက် (၁၀) ပါးတရားတွေကိုပဲ ဓမ္မစရိယာအနေနဲ့ မိန့်တော်မူပါတယ်။ ဒုစရိုက် (၁၀) ပါးကို ရှောင်ရှားပြီးတော့ ကောင်းတဲ့ အလေ့အထတွေ ကိုယ် နှုတ် စိတ်ထား အပြုအမူလေးတွေ ဖြစ်နေတာဟာ ဓမ္မစရိယာပါပဲလို့ ဒီလို မြတ်စွာဘုရားကိုယ်တိုင် မူလပဏ္ဏာသ သာလေယျက သုတ္တန်မှာ ဟောကြားတဲ့အချက် ရှိပါတယ်။

http://www.dhammadownload.com

အဲဒီလို ဓမ္မစရိယာအရ တရားကျင့်သုံးမှုဟာ နတ်ပြည်လောကမှာ ဖြစ်ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် ကောင်းကျိုးချမ်းသာတွေ ဖြစ်စေနိုင်ပါတယ်။ အဲဒီအချက်တွေဟာ အင်္ဂကထာများမှာ ပီပီသသ ဖွင့်ဆိုထားတာ ရှိပါတယ်။

ဘေး (၄) မျိုး

ပြီးတော့ ခုန သာလေယျကသုတ္တန်မှာ ဟောတော်မူချက်နဲ့လည်းပဲ ကိုက်ညီနေပါတယ်။ နတ်ရွာဖြစ်ကြောင်း အသားပေးပြီးတော့ တမလွန်ကောင်းကျိုးကိုသာ ပြဆိုထားပေမယ်လို့ အမှန်ကတော့ ဒီဘဝမှာလည်းပဲ ကောင်းကျိုး အမျိုးမျိုးတွေကို ရလျက်ရှိပါတယ်။ ယခုဘဝမှာပဲ ကောင်းကျိုး အမျိုးမျိုးကို ရနိုင်ပါတယ် ဆိုတဲ့အချက်ဟာ ယခုဘဝ ဒုစရိုက်တရားတွေ မကောင်းမှုတွေ ပြုကျင့်တဲ့ ပုဂ္ဂိုလ်မှာ ဘေး (၄) မျိုး ကြုံရပုံနဲ့ ယှဉ်ပြီးတော့ ပြောပြမှ ပိုပြီးတော့ နားရှင်းမှာပါ။ မကောင်းမှု ပြုကျင့်တဲ့ပုဂ္ဂိုလ်မှာ ဘေး (၄) မျိုး ကြုံပုံကတော့ **အတ္တာနုဝါဒဘေး=မိမိကိုယ်ကို စွပ်စွဲတဲ့ဘေး၊** မကောင်းမှုပြုထားတဲ့ ပုဂ္ဂိုလ်မှာ ငါမကောင်းတာတွေ ပြုတာပါလား ဆိုပြီးတော့ သူ မှားယွင်းခဲ့တဲ့အချက်တွေကို ပြန်လည်ပြီး စဉ်းစားမိတဲ့အခါမှာ မိမိကိုယ်ကို မိမိအပြစ်တင်တယ်။ အပြစ်တင်ပြီးတော့ စိတ်မကောင်း ဖြစ်နေတယ်။ ထပ်ကာထပ်ကာ စိတ်မကောင်းဖြစ်နေတယ်။ အဲဒါ ပထမဆုံး အတ္တာနုဝါဒဘေး ဆိုက်တော့တာပါပဲ။ ဒုတိယကတော့ **ပရာနုဝါဒဘေး=သူတစ်ပါး**

http://www.dhammadownload.com

စွပ်စွဲတဲ့ဘေးပါ။ ပရာနုဝါဒဘေးလည်း ဆိုက်တာပဲ။ ကိုယ်က မတော်တာတွေ ပြုထားပြီဆိုရင် သူတစ်ပါးက ဒီလူ လူဆိုးပဲ၊ မကောင်းတဲ့ ပုဂ္ဂိုလ်ပဲလို့ အပြစ်တင်ခံရတယ်။ အထူးသဖြင့် ပညာရှိသူတော်ကောင်းများရဲ့ ကဲ့ရဲ့ အပြစ်တင်တဲ့ဘေး ခံရတာပါပဲ။ အဲဒါကို ပရာနုဝါဒဘေးလို့ ခေါ်တယ်။

ကိုယ်စိတ်ချမ်းသာပြီဆိုရင် ဘာလိုသေးတုံး

ပြီးတော့ တတိယကတော့ **ဒဏ္ဍဘေး=မင်းပြစ်မင်းဒဏ်သင့်တဲ့ ဘေး**ပေါ့လေ။ လောကီဥပဒေက တရားဥပဒေက ခွင့်မပြုတဲ့ဟာတွေကို ကျူးလွန်မိပြီဆိုရင် ဆိုင်ရာ အစိုးရအာဏာပိုင်တွေက ဥပဒေနဲ့ အရေးယူပြီးတော့ အပြစ်တွေ ပေးတော့တာပဲ။ ထောင်ချရင် ချမယ်။ ငွေဒဏ်ရိုက်ရင် ရိုက်မှာပဲ။ ဒါမှမဟုတ် အင်မတန်ကြီးကျယ်တဲ့ အပြစ်တွေ ကျူးလွန်ထားလို့ရှိရင်လည်း သေစားသေမိန့်ပေးမှာပဲ။ အဲဒီထိလည်း ဖြစ်သွားနိုင်တယ်။

အဲ နောက်ဆုံးဘေးကတော့ **ဒုဂ္ဂတိဘေး=အပါယ်ရောက်ရတဲ့ဘေး**တဲ့။ သူကတော့ သိပ်ကြောက်စရာကောင်းတယ်။ အဲဒီလေးပါးထဲက ရှေ့သုံးပါးကတော့ မျက်မှောက်ဘဝမှာပဲ ကြုံရမယ့် ဘေးများဖြစ်လို့ ခုန ဓမ္မစရိယာကျင့်ချင်တဲ့ ပုဂ္ဂိုလ်များ အဲဒီဘေးများ ကင်းကွာပြီး သွားတော့တာပဲ။ အဲဒါ အကျိုးတွေပါပဲ။ အဲဒီဘေးသုံးမျိုးမှ ကင်းတယ်လို့ဆိုရင် ကင်းတဲ့ပုဂ္ဂိုလ်ရဲ့စိတ်ထားကို လေ့လာကြည့်ပါ။ စိတ်နေစိတ်ထားအခြေအနေကို လေ့လာ

http://www.dhammadownload.com

ကြည့်ပါ။ စိတ်ချမ်းသာမလား, ကိုယ်ချမ်းသာမလား၊ စိတ်ဆင်းရဲမလား, ကိုယ်ဆင်းရဲမလားဆိုရင် တကယ့်ကို ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်နေဖို့ကတော့ သေချာပါတယ်။ အဲဒီ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုက ကြေးငွေတစ်စုံတစ်ရာ ပေးပြီးတော့ ရရှိတဲ့ ချမ်းသာ မဟုတ်ဘူး။ မတရားတဲ့အမှုတွေက ရှောင်ကြဉ်လို့ တရားနဲ့ မကင်းမကွာဘဲနဲ့ ကျင့်သုံးလို့ ဓမ္မစရိယာအကျင့်မှ ရတဲ့ ချမ်းသာတွေပဲ။ တွေးကြည့်ရင် အင်မတန်ကောင်းတာပဲ။ ဒီ ချမ်းသာကို လူသားတွေမှာ အင်မတန်လိုလားတယ်။ စိတ်ချမ်းသာ ရှိပြီ၊ ကိုယ်ချမ်းသာ ရှိပြီဆို ဘာလိုသေးတုံး။

ငွေမကုန်တဲ့အချစ်ဆေး

လူတွေဟာ အများအားဖြင့် စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှု ရရှိရေးအတွက် နည်းအမျိုးမျိုးနဲ့ ပြုလုပ်ကြတယ်။ အဲဒီ နည်းအမျိုးမျိုးတွေနဲ့ ပြုလုပ်ကြမယ့်အစား ရိုးရိုးလေး ဒီတရားတွေနဲ့ ကျင့်သုံးကြည့်ပါ။ လူငယ်ကျင့်လို့ရှိရင် လူငယ်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်မယ်။ လူလတ်ပိုင်းကျင့်လို့ရှိရင် အဲဒီ လူလတ်ပိုင်းမှာ၊ လူကြီးပိုင်းကျင့်လို့ရှိရင် လူကြီးပိုင်းမှာ အကုန်လုံး မျှမျှတတ ရရှိနိုင်တဲ့ အကျိုးတွေပါ။ ဒါကြောင့်မို့လို့ သမစရိယာလို့လည်း ခေါ်တယ်။ တရားကျင့်တော့ အကျိုးတွေလည်းပဲ တစ်ခါတည်း ရရှိသွားနိုင်တယ်။ ဒုစရိုက်မကောင်းတဲ့ အပြုအမူတွေကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အများ ရွံမုန်းစက်ဆုပ်ခြင်း ခံရပေ

http://www.dhammadownload.com

မယ့်လို့ ခုနက ဓမ္မစရိယာအကျင့်ရှိတဲ့သူမှာဆိုရင် အများရဲ့ ချစ်ခင်လေးမြတ်ခံရဖို့ကတော့ သေချာတယ်။ လူ့လောကမှာ အများရဲ့ ချစ်ခင်လေးမြတ်ခြင်းကို သိပ်ပြီး မြတ်နိုးကြတာ။ သိပ် အလေးထားကြတာ။ ဒီတော့ မပင်မပန်းနဲ့ ကြေးငွေလည်း အကုန် အကျ မခံရဘဲနဲ့ လွယ်လွယ်လေးနဲ့ အများရဲ့ ချစ်ခင်လေးမြတ် ခြင်း ခံလိုက်ရတဲ့ ပုဂ္ဂိုလ်များမှာ ဓမ္မစရိယာ အကျင့်လမ်းစဉ် လိုက်ဖို့ သိပ်ကောင်းတာ။

စိတ်လှုရင် ရုပ်လည်းလှလာ

ခုန မတရားမှုတွေက ရောင်တယ်ဆိုတာ သူ့မှာ အခြေခံ စိတ်ဓာတ်ကောင်းတွေ တော်တော်လေး များနေပါပြီ။ အဲဒီ အခြေခံ စိတ်ဓာတ်တွေကတော့ အခြား မဟုတ်ပါဘူး။ မေတ္တာတို့ ကရုဏာ တို့ မုဒိတာတို့ ဒီတရားတွေပါပဲ။ အများ ချမ်းသာစေချင်တာ၊ အများရဲ့ အကျိုးစီးပွားကို လိုလားတာ ဒါ မေတ္တာ ခေါ်ပါတယ်။ အများ မဆင်းရဲစေချင်ဘူး၊ အများဆင်းရဲမှုကို ပယ်ရှားလိုတဲ့ ကြင်နာတဲ့ ကရုဏာစိတ်တွေ၊ အများတကာ ကောင်းကျိုးချမ်းသာ တွေ တွေ့ရတော့ ဝမ်းသာတာ၊ ကျေနပ်တာ၊ ထောက်ခံချက် ပေးတာတွေဟာ မုဒိတာတရားတွေ ပွားနေတာ။ အဲဒီလို မေတ္တာ ကရုဏာ မုဒိတာပွားနေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ ဘယ်လောက်ညစ်ညူးစရာ ရှိနိုင်တော့မှာလဲ။ အင်မတန် အေးမြချမ်းသာပြီပေါ့။ သိပ်ကောင်း တာပဲ။ အဲဒီလို ဗြဟ္မစိုရ်တရား လက်ကိုင်ရှိတဲ့ပုဂ္ဂိုလ်မှာ စိတ်က

http://www.dhammadownload.com

အလွန်အေးမြချမ်းသာနေတော့ အဲဒီစိတ်ရဲ့ တန်ခိုးနဲ့ ရုပ်တွေက လည်း ထူးထူးခြားခြားကြီး တောက်တောက်ပပ ကြည်ကြည်လင်လင်နဲ့ အင်အားတွေတိုးပြီးတော့ ကျန်းမာရေးတွေရ၊ အသက်တွေလည်း ရှည်လာနိုင်တယ်။ အင်မတန် ကောင်းပါတယ်။ နေ့တိုင်း နေ့တိုင်း အချိန်တိုင်း အချိန်တိုင်း ဓမ္မစရိယာအကျင့်တွေက ရှိနေတော့ အဲ့ဒီအကျင့်တန်ခိုးနဲ့ စိတ်အေးမြချမ်းသာပြီဆိုရင် အဲဒီစိတ်ဓာတ်ကြောင့် ကိုယ်ထဲက သွေးတွေဟာ ထူးထူးခြားခြားကြီး ကြည်လာတယ်။ Blood Circulation ဆိုတဲ့အတိုင်းပေါ့။ အဲဒီကြည်လာတဲ့ သွေးတွေဟာ တစ်ကိုယ်လုံး လည်ပတ်ပြီးတော့ အဆင်းတွေလည်းပဲ တောက်တောက်ပပ ဖြစ်နိုင်တာ သိပ်သဘာဝကျတယ်။

စိတ်ချမ်းသာပြီး အသက်ရှည်ချင်ရင်

သူများအပေါ်မှာ ဒေါသတွေ ပြင်းထန်ပြီးတော့ ညှဉ်းဆဲသတ်ဖြတ်လိုတဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်အဆင်း၊ အထူးအားဖြင့် မျက်နှာအဆင်းနဲ့ သူများအပေါ်မှာ ညှာညှာတာတာ စာနာပြီးတော့ သူများ ကိုယ်စိတ်ဆင်းရဲအောင် မပြုလုပ်တဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာယှဉ်ကြည့်ပေါ့လေ။ ဘယ်ပုဂ္ဂိုလ်ရဲ့မျက်နှာဟာ ကြည်လင်သလဲ၊ လှနေသလဲဆိုတာ ယှဉ်ကြည့်ပါ။ သိပ်ထင်ရှားပါတယ်။ ပြီးတော့ ကိုယ်ကလည်းပဲ လေးလံထိုင်းမှိုင်းခြင်းမရှိ၊ စိတ်လည်းပဲ လေးလံထိုင်းမှိုင်းခြင်း မရှိဘဲနဲ့ ပေါ့ပေါ့ပါးပါးနဲ့ အင်အားတွေလည်း

http://www.dhammadownload.com

ထူးထူးခြားခြား ပြည့်ဝပြီးတော့ လာနိုင်ပါတယ်။ အားတိုးဆေး အထူးမစားရဘဲနဲ့ စိတ်အား ဒီကမ္မတစ်ဆင့် ကိုယ်အားတွေ ရသွားနိုင်ပါတယ်။ ဒါပေမဲ့လို့ ဘုန်းကြီးတို့တော့ အမေရိကန်ရောက်မှ အားတိုးဆေးတွေ စားပါဆိုလို့ နေ့တိုင်း ဟိုကလာပို့ ဒီကလာပို့နဲ့ အားတိုးဆေးတွေ စားနေရတယ်။ ဒီလို အားတိုးဆေးတွေ စားနေရတဲ့အတွက် ဘုန်းကြီးတို့ သီလမပြည့်လို့ အားနည်းသွားပြီလို့ ဒီလိုတော့ သံသယ မဖြစ်ကြပါနဲ့။ ကိုယ်မှာ လိုအပ်တဲ့ ဓာတ်တွေကတော့ ဖြည့်ဖို့ရန်အတွက် တစ်ခါတစ်ခါမှာ မြတ်စွာဘုရားတောင်မှ ဆေးဆရာများ ညွှန်ကြားတဲ့ သူတို့ဆက်ကပ်တဲ့ဆေးမှီဝဲရပါသေးတယ်။ ပြီးတော့ ကိုယ်တွေကလည်း ပေါ့ပေါ့ပါးပါး ဖြစ်လို့ ကျန်းမာရေးတွေကလည်း ထူးထူးခြားခြားရတော့ စိတ်ကလည်း ချမ်းသာပြီ ဆိုလို့ရှိရင် အဲဒီ စိတ်ချမ်းသာစွာနဲ့ နေရတဲ့ပုဂ္ဂိုလ်ဟာ အသက်လည်း ပိုရှည်တယ်။ သိပ်ကောင်းတာပဲ။ လူတိုင်း လူတိုင်းဟာ အသက်ရှည်ချင်တယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပြီး အသက်ရှည်တဲ့ အမှုမျိုး ဆိုရင် သိပ်ပြီးတော့ မြတ်နိုးကြတာပေါ့။ သိပ်ကောင်းတယ်။

အခုပြောခဲ့တဲ့တရားတွေဟာ သူတော်ကောင်းများ ကျင့်သုံးတဲ့ တရားတွေမို့လို့ သူတော်ကောင်းတရားတွေလို့လည်း ဆိုနိုင်ပါတယ်။ အဲဒီလို သူတော်ကောင်းတရားတွေ ဆုတ်ယုတ်တဲ့ ခေတ်အခါ ကာလမျိုးမှာ ရောဂါတွေလည်းပဲ ထူပြောတယ်။ များတယ်။ အသက်တွေလည်း တိုတယ်။ သူတော်ကောင်းတရား

http://www.dhammadownload.com

ထွန်းကားတဲ့ ခေတ်အခါမျိုးမှာတော့ ရောဂါကင်းပြီးတော့ အသက်ရှည်ခြင်း အစရှိတဲ့ အကျိုးအာနိသင်တွေက ဓမ္မစရိယာရဲ့ အကျိုးအာနိသင်တွေပဲ။ သိပ်ကောင်းပါတယ်။ သုတ္တန်ပါတပါဠိတော်၊ ဗြာဟ္မဏဓမ္မိကသုတ္တန်မှာ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားလေး ရှိပါတယ်။ အဲဒါကတော့ **တယော ရောဂါ ပုရေအာသုံ၊ ဣဒ္ဓာ အနာသနံ** စရာလို့ ရှေ့အခါကာလက ရောဂါသုံးမျိုးပဲ ဖြစ်ခဲ့ဖူးတယ်။

အဲဒီ သုံးမျိုးထဲက– ၁။ လိုချင်ခြင်း–ဣဒ္ဓာ၊ ၂။ အနေသနံ–အစာဆာလောင်ခြင်း၊ ၃။ ဇရာ–အိုချိန်ကျလို့ အိုခြင်းတဲ့။ ဒီရောဂါသုံးမျိုးပဲ ဖြစ်ခဲ့ဖူးပါတယ်လို့ ဆိုမိန့်ချက် ရှိပါတယ်။ ခုနသူတော်ကောင်း တရားတွေ ထွန်းကားတဲ့အချိန်မျိုးမှာလို့ ဆိုလိုပါတယ်။ ဘယ်လောက် ကောင်းသတုံး။ ဘာဆေးမှ မှီဝဲဖို့ မလိုတော့ဘူး။ အဲဒီထဲက အိုဒုက္ခဒဏ်က မခံနိုင်လို့ အင်္ဂလန်က အပျိုကြီး အဖွားကြီးနှစ်ယောက် မျက်ရည် ခဏခဏ ကျဖူးတဲ့ဆိုတဲ့ အကြောင်း ဘုန်းကြီးကြားဖူးတဲ့ဟာနဲ့ ဆက်စပ်ပြီး နည်းနည်းပြောပါရစေ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဘုန်းကြီးတို့နဲ့ ရင်းနှီးတဲ့ ပညာရေးဆိုင်ရာ အမျိုးသမီးတစ်ယောက် အင်္ဂလန်သွားပြီး ပညာသင်ကြားပါတယ်။ ဟိုရောက်တဲ့အခါ အပျိုအိုကြီးနှစ်ယောက်နဲ့ တစ်အိမ်ထဲမှာ အတူနေရတယ်လို့ ပြောပါတယ်။ နေ့တိုင်း နေ့တိုင်း အဲဒီ အဖွားကြီးနှစ်ယောက်ဟာ မိတ်ကပ် အစရှိတဲ့ ပစ္စည်းနဲ့ အိုရာကနေပြီး ပျိုအောင်၊ အရေတွေ တွန့်ရာက

http://www.dhammadownload.com

နေပြီး လှပသွားအောင်၊ အမျိုးမျိုး ပြုပြင်ပြီး မှန်ရှေ့သွားသွားပြီး ရှေ့ကကြည့်လိုက်, ဘေးကကြည့်လိုက် အမျိုးမျိုးကြည့်လိုက်။ ဒါပေမယ့် ငယ်ငယ်တုန်းကလို စိတ်တိုင်းမကျတော့ မျက်ရည်ကျနေတယ်။ ဘုန်းကြီးတို့ ဗမာပြည်က အမျိုးသမီးက အသက်သုံးဆယ်ဝန်းကျင်ဆိုတော့ ငယ်သေးတယ်။ သူ့ကို အဖွားကြီးတွေက ပြောတယ်တဲ့– မင်းက အသက်ငယ်သေးတယ်။ ငါတို့လို လှလှပပနေပါလား။ ဘာဖြစ်လို့ မပြင်ဆင်သလဲပေါ့။ အမျိုးသမီးက ဗုဒ္ဓတရားတော်အရ သင့်တော်ရုံနဲ့နေရင် ပြီးပါပြီ။ သိပ်မလိုပါဘူးပေါ့။

ဒီတော့ အဖွားကြီးနှစ်ယောက်က ပြောတယ်တဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ လှလှပပ နေနိုင်တဲ့ အခြေအနေရှိရက်သားနဲ့ မနေတာမင်းကို သနားတယ်လို့ ဆိုတယ်။ ဘုန်းကြီးတို့ဆီက အမျိုးသမီးကလည်း အဖွားကြီးနှစ်ယောက်ကို သနားနေတယ်။ သနားပုံချင်းတော့ မတူဘူးပေါ့။ အဖွားကြီးနှစ်ယောက်က စိတ်တိုင်းမကျမျက်ရည်ကျတာ စစ်လိုက်လို့ရှိရင် အိုဒုက္ခတွေခံနေရတာ။ အိုတဲ့ဒဏ် မခံနိုင်တော့ ပျိုအောင် အမျိုးမျိုးလုပ်တယ်၊ စိတ်တိုင်းမကျတော့ သူ့မှာ ငိုရတာ မသက်သာဘူး။ ဒီတော့ အိုဒဏ်ခံရပြီးတော့ မသက်မသာဖြစ်နေတဲ့သူတွေဟာ ဓမ္မစရိယာအကျင့်တွေကျင့်တော့ အိုဒဏ်တွေ အများကြီး ကာကွယ်ပေးနိုင်တယ်။ မိတ်ကပ်မပါဘဲနဲ့ လှနိုင်တယ်၊ သိပ်ကောင်းတယ်။ အခုလို အဆင့်မြင့်တဲ့ တရားတွေ အားထုတ်ထားလို့ရှိရင် ရုပ်ရည်ပြည့်စုံတဲ့အတွက်

http://www.dhammadownload.com

လိုက်လျောတဲ့ တဏှာမျိုး အများကြီး သက်သာပါတယ်။ မပြည့်စုံ ပျက်စီးတဲ့အတွက် ဆန့်ကျင်ပြီး ဖြစ်နိုင်တဲ့ ဒေါသတွေ ထိန်းနိုင်ပါတယ်။ အင်မတန် ကောင်းပါတယ်။ အများကြီး သက်သာပါတယ်။ ခုန ဗြာဟ္မဏ ဓမ္မိကသုတ္တန်မှာပဲ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားလေးရှိပါတယ်။ လူတွေဟာ အကျိုးများတဲ့ နွားတွေကို သတ်ဖြတ် စားသောက်ရာက စပြီးတော့ ရောဂါအမျိုးမျိုးတွေ ဖြစ်လာပုံကို ကျယ်ကျယ်ပြန့်ပြန့် ဟောထားတာ ရှိပါတယ်။ အဲဒါတွေ ကျယ်ကျယ်ပြန့်ပြန့် ဟောဖို့ အချိန်မရပါဘူး။ ဒီနေ့ အချိန်ကျသွားပါပြီ။ နောက် စနေပတ်ကျမှာပဲ ဓမ္မပါလအမျိုး အန္ဓယ်မှာ ဘာဖြစ်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရသလဲဆိုတဲ့ အကြောင်း ဟောပါမယ်။ ဒါပဲ တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

လေ့လာရေးခရီးထွက်

အရင်စနေပတ်က ဟောသွားတဲ့ ဓမ္မစရိယ ကျင့်သုံးရတဲ့ အတွက် ရရှိတဲ့ အကျိုးလေးတွေကို ဓမ္မပါလဝတ္ထုနဲ့ ဆက်စပ်ပြီး ရှင်းပြပါမယ်လို့ "ပဋိညာဉ်" ပေးသွားပါတယ်။ အဲဒီ ပေးသွားတဲ့ အတိုင်း ဒီနေ့ ဓမ္မပါလဇာတ်ကို အတိုချုပ်ပြီးတော့ ဟောပါမယ်။ ဇမ္ဗူဒိပ်ကျွန်းခေါ်တဲ့ အိန္ဒိယနိုင်ငံမှာ ကာသိတိုင်း၊ ဓမ္မပါလရွာက ဓမ္မပါလလုလင်အမျိုးသားဟာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ သွားရောက်ပြီး ပညာသင်ကြားလို့ ဆရာကြီးရဲ့ လက်ထောက်တပည့်အနေနဲ့ လောကီပညာတွေ ပို့ချပြီးတော့ နေပါတယ်။ ဒီဝတ္ထုကြောင်း ဖြစ်ရခြင်းရဲ့ အကြောင်းကတော့ တစ်နေ့မှာ အဲဒီဆရာကြီးရဲ့ သားကြီးတစ်ယောက် သေဆုံးလို့ ပူဆွေးကြရတယ်။ အဲဒီ အရေးနဲ့ ပတ်သက်ပြီးတော့ ပြောဆို ဆွေးနွေးရာကနေပြီးတော့ ဓမ္မပါလထံက သူတို့အမျိုးမှာ ငယ်ငယ် ရွယ်ရွယ်နဲ့ သေဆုံးတာမရှိဘူးဆိုတဲ့သတင်း ကြားရလို့ ဆရာကြီး က ခေါ်ပြီးတော့ မေးပါတယ်။ အဲဒီလို ခေါ်မေးလို့ ဓမ္မပါလက

http://www.dhammadownload.com

ဆရာကြီးကို “သူတို့အမျိုးအနွယ်ထဲမှာ ခုနစ်ဆက်အထိ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြောင်း ပြောလို့ ကြားရတော့ ဆရာကြီး သိပ်အံ့သြသွားပါတယ်။ အဲဒီလို အံ့သြဖွယ်အချက်ကို ဆရာကြီးသိရတော့ လက်တွေ့ကိုယ်တိုင် စုံစမ်းချင်တာနဲ့ တပည့်အနည်းငယ်နဲ့ ခရီးထွက်ပါတယ်။ အဲဒီလို့ ခရီးထွက်တဲ့အခါမှာ အိတ်ထဲမှာ ဆိတ်အရိုးတွေ ထည့်သွင်းပြီးတော့ ယူသွားပါတယ်တဲ့။

လက်ထောက်တပည့် ဓမ္မပါလ

အခုကာလနိုင်ငံတွေမှာ တီထွင်ထားတဲ့သိပ္ပံက ထွန်းကားနေပြီဆိုရင် အခြားနိုင်ငံတွေက ပညာရေးဆိုင်ရာဆရာ ကိုယ်တိုင်ပဲဖြစ်ဖြစ် (သို့မဟုတ်) စိတ်ချရတဲ့ ဆရာပဲဖြစ်ဖြစ် အဲဒီပညာရပ်ကို သေသေချာချာ သိရအောင် လာပြီးတော့ လေ့လာတဲ့အနေမျိုးပေါ့လေ။ သို့သော် အခုခေတ်ကတော့ သိပ္ပံပညာအတွက် လာပြီးတော့ လေ့လာကြတာ။ ဟိုဟာကတော့ ဘာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေသလဲဆိုတော့ သိချင်လို့ လေ့လာရတဲ့ သဘောပါပဲ၊ ဆိုကြပါစို့၊ ဆေးပညာလောကမှာ ဆေးပညာတစ်ရပ်ကို တီထွင်လိုက်ပြီဆိုရင် ကမ္ဘာအရပ်ရပ်မှ ဆေးပညာရှင်တွေ လာရောက်သလိုပေါ့လေ။ လူ ကျန်းမာစေတတ်တဲ့ဆေးတွေ, အသက်ရှည်စေတတ်တဲ့ဆေးတွေ, မသေစေတတ်တဲ့ဆေးတွေ လာရောက်လေ့လာသလို ဆရာကြီးလည်း သွားလေ့လာတာပါပဲ။ အဲဒီလို ခရီးထွက်ခါနီးမှာ ဆရာကြီးက သူ့လက်ထောက်တပည့်ဖြစ်သူ

http://www.dhammadownload.com

ဓမ္မပါလကို ခေါ်ပြီး ဒီယူနီဗာစီတီကြီးမှာ စာပေပညာလေ့လာတဲ့ တပည့်များကို သူ့ကိုယ်စား စာပေတွေ ပို့ချဖို့ရန် မှာကြားပြီးတော့ ခရီးထွက်သွားပါတယ်။ မကြာမီပဲ ဓမ္မပါလရွာ ဓမ္မပါလရဲ့အိမ်ကိုပဲ ဆိုက်ရောက်သွားပါတယ်တဲ့။ စာပေထဲမှာတော့ ဘယ်လောက်သွားရတယ် ဆိုတာတော့ မပါပါဘူး။

လက်ခုပ်လက်ဝါးတီးပြီး ရယ်တယ်တဲ့

အခု တက္ကသီလဆိုတဲ့ နေရာဟာ ပါကစ္စတန်နယ်ထဲမှာ ရှိပါတယ်။ အခု ကာသိတိုင်းဆိုတာ အိန္ဒိယဘီဟာနယ်ထဲမှာ ရှိပါတယ်။ မိုင်ပေါင်းတော်တော်လေး ဝေးပါတယ်။ ဟိုခေတ်ကတော့ ကုန်းလမ်းကနေ လာလိမ့်မယ်ထင်ပါတယ်။ အဲဒီလို ခရီးဆိုက်ရောက်ရှိလာတဲ့ တက္ကသိုလ်ဆရာကြီးအား ဓမ္မပါလ အိမ်သူအိမ်သားတွေက ဝတ္ထာရားတွေ ကျေပွန်စွာနဲ့ ဧည့်ခံကြ, ကျွေးမွေးကြ, အစစအရာရာ နေရာပေးကြ, နောက် စားဖွယ်သောက်ဖွယ်တွေ ကျွေးပေါ့။ လူမှုဝတ္ထာရားတွေ ပြည့်စုံအောင် ဆောင်ရွက်ပေးပါတယ်။ အဲဒီလို ထမင်းသုံးဆောင်ပြီး ဧည့်သည်ဆရာကြီးနဲ့ အိမ်သားဖြစ်တဲ့ ဓမ္မပါလ ဖခင်ကြီးတို့ စုပြီးတော့ အေးအေးဆေးဆေး စကားပြောဆိုတဲ့အခါမှာ ဆရာကြီးက ဓမ္မပါလရဲ့ဖခင်ပုဏ္ဏားကြီးကို "ဓမ္မပါလတော့ အခု ကွယ်လွန်ပြီးဖြစ်ကြောင်း" စတင်ပြီး စကားပြောပါတယ်။ သူတို့ကို ဟန်ဆောင်ပြီး နှစ်သိမ့်ပါတယ်၊ နှစ်သိမ့်ပုံကတော့ "ရုပ်နာမ်သဒ္ဓါရမ္ဘန်သမျှ မမြဲတဲ့တရား

http://www.dhammadownload.com

တွေချည်းပဲ။ ဒါကြောင့်မို့လို့ မစိုးရိမ်ပါနဲ့။ မပူဆွေးပါနဲ့၊ ဖြစ်မြဲဓမ္မတာပဲ" ဆိုပြီးတော့ ဟန်ဆောင်တရားချပါတယ်။ ယူနီဘာစိတီတစ်ခုက ဆရာကြီးတွေလည်း ညာသေးတာပဲပေါ့လေ။ အခုကာလက ဆရာကြီးတွေကတော့ ညာလား မညာလား မသိဘူး။ အဲဒီလို ဟန်ဆောင်နှစ်သိမ့်မှုတရား ကြားတဲ့အခါ ဓမ္မပါလရဲ့ ဖခင် ပုဏ္ဏားကြီးက လက်ခုပ်လက်ဝါးတီးပြီးတော့ အင်မတန်ကို ပြင်းပြင်းပျပျ ရယ်မောတော့ အံ့သြသွားပါတယ်။

အဲဒါလေးကို သိပါရစေ ပြောပြစမ်းပါ

ဆရာကြီးက "ဘာကြောင့် ရယ်ပါသလဲ" လို့ အဲဒီလို မေးမြန်းတဲ့အခါ ပုဏ္ဏားကြီးက "ကျွန်တော့်သားဟာ မသေပါဘူး ဆရာကြီး၊ တခြားသူတစ်ယောက်ယောက် သေတာ ဖြစ်ပါလိမ့်မယ်" အဲဒီလို ရဲရဲတင်းတင်းနဲ့ ပြောပါတယ်၊ ပြောပြီးတဲ့အခါမှာ ဆရာကြီးက တစ်ဆင့်ယုံရအောင် ဆိုပြီးတော့ ဟန်ဆောင်တစ်ခုလုပ်ပြန်တယ်။ အဲ့ဒါကတော့ အခြားမဟုတ်ပါဘူး။ သူ အသင့်ဆောင်ယူလာတဲ့ ဆိတ်ရိုးတွေကို ထုတ်ပြီးတော့ "ဟောဒါ သင့်သားရဲ့အရိုးပါပဲ" ဆိုတော့ ဆရာကြီးကို ပြန်ပြီးတော့ "ဒီဟာ ကျုပ်သားရဲ့အရိုးတွေ မဟုတ်ပါဘူးတဲ့၊ ဆိတ်ရိုးတွေ ခွေးရိုးတွေပဲ ဖြစ်ပါလိမ့်မယ် ဆရာကြီး" လို့ ပုဏ္ဏားကြီးက ပြန်ပြီးတော့ ပြောပြန်တယ်။ "ကျွန်တော့်သားတော့ ဘယ်နည်းနဲ့မှ မသေပါဘူးဗျာ၊ ကျွန်တော်တို့ အမျိုးအနွယ်မှာဆိုရင် ဆွေခုနစ်ဆက်အထိ ငယ်ငယ်

http://www.dhammadownload.com

ရွယ်ရွယ်နဲ့ သေတာမရှိပါဘူး" ဆိုပြီး ခပ်တင်းတင်း ရဲရဲဝံ့ဝံ့ ပြော ပြန်တယ်။ အဲဒီလို ဒုတိယအကြိမ် အံ့သြစရာ ကြားပြန်တော့ ဆရာကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရခြင်းရဲ့အကြောင်းတွေ သိချင်တာနဲ့မို့လို့ စပြီးတော့ ပုဏ္ဏားကြီးကို မေးခွန်းထုတ်ပါတယ်။

ကီ တေ ဝတံ ကီ ပန ဗြဟ္မစရိယံ၊
ကိသ သုစိဏ္ဏသ အယံ ဝိပါကော။
အက္ခာဟိ မေ ဗြာဟ္မဏ စေတမတ္ထံ၊
ကသ္မာ န တုမ္ဟံ ဒဟရာ န မီယျရေ။

မြန်မာလိုတော့ "ပုဏ္ဏားကြီး ... ဘယ်လိုအကျင့်မျိုးတွေကို ကျင့်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သင်တို့အမျိုးအနွယ်မှာ မသေရပါ သတုံး။ အဲဒါကို သိပါရစေ ပြောပြစမ်းပါ" တဲ့။

အသက်ငယ်ငယ်နဲ့ မသေရ

ဒီတော့ ဆရာကြီး ... ကျွန်တော်တို့အမျိုးမှာ တရားတွေ ကျင့်ကြပါတယ်တဲ့။ **ခမ္မံ စရာမ**–တရားတွေလည်း ကျင့်ကြပါ တယ်။ မတရား မကျင့်ဘူးပေါ့။ **နာ မုသာ ဘဏာမ**–မမှန်မကန်တဲ့ စကားလည်း မပြောကြဘူးတဲ့။ ပြောစရာရှိရင်လည်း မှန်မှန် ကန်ကန် ပြောတယ်။ ပြီးတော့ ရန်တိုက်တဲ့စကားလည်း မပြော ဘူး။ ချိုချိုသာသာ ပြောတယ်။ ဒါတွေလည်း အကုန်လုံးပေါ့။ **ပါပါနိ ကမ္မာနိ ပရိဝဇ္ဇေယျာမ**–မကောင်းတဲ့အမှုတွေကိုလည်း

http://www.dhammadownload.com

မပြုကြဘူးတဲ့။ အရိယာတို့ ရွံမုန်းစက်ဆုတ်တဲ့ အကျင့်မှန်သမျှ ဆိုရင် ကျွန်တော်တို့ တစ်မျိုးလုံး ရောင်ကြဉ်ကြပါတယ်တဲ့။

နောက် ဆက်လက်ပြီးတော့လည်း ပြောပါသေးတယ်။ ကျွန်ုပ်တို့မူ(သီအိုရီ)အနေနဲ့ တရားမှန်သမျှကို နာယူပါတယ်။ "မသူတော်တရားတွေလည်း နာယူပါတယ်။ သူတော်ကောင်းတရားတွေလည်း နာပါတယ်တဲ့။ ဒါပေမဲ့လို့ မသူတော်တရားတွေကိုတော့ လူမှုရေးအရ အားနာပါးနာနဲ့ မဆန့်ကျင်အောင် နာပေမယ့်လို့ အဲဒီမသူတော်တရားအတိုင်းတော့ မကျင့်သုံးပါဘူးတဲ့။ သူတော်ကောင်းတရားတွေပဲ ကျင့်သုံးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အမျိုးတွေမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါဘူးတဲ့။ အဲဒီခေတ်ထဲကိုက အိန္ဒိယမှာ အယူဝါဒ အမျိုးမျိုးတွေ ရှိပုံရပါတယ်။ ဒါပေမဲ့ ပုဏ္ဏားကြီးက ဉာဏ်ရှိတဲ့ ပုဏ္ဏားကြီးဆိုတော့ ဘယ်အယူဝါဒဟာ မှန်တယ်၊ အပြစ်ကင်းတယ်။ ဘယ်အယူအဆဟာ မမှန်ဘူး၊ အပြစ်မကင်းဘူး။ မမှန်ကန် အပြစ်မကင်းတဲ့ အယူဝါဒကို ရှောင်ရှားပြီးတော့ အပြစ်ကင်း မှန်ကန်တဲ့ အယူဝါဒကို ဆောင်ပြီးတော့ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းရမယ်ဆိုတဲ့ အချက်ကိုတော့ သူတို့ နားလည်တယ်။ ဒီအချက်ဟာ သိပ်အရေးကြီးတယ်။ ဒီတော့ ဒီပုဏ္ဏားကြီးမှာတော့ လူမှုရေးကျင့်ဝတ်တော့ ရှိပါတယ်။ လူမှုဆက်ဆံရေး ကောင်းတယ်လို့ ဆိုရမှာပဲ။ လာသမျှ ပြောသမျှ အယူဝါဒတွေတော့ အားနာပါးနာနဲ့ နားထောင်တာလည်း ရှိမှာပါပဲ။ ကောင်းဆိုး, မှန်မမှန် နားထောင်တာလည်း

http://www.dhammadownload.com

ရှိချင်ရှိမှာပေါ့။ တစ်နည်းနည်းတော့ ရှိမှာပဲ။ ဒါပေမဲ့ မကောင်းရင် သူ ရှောင်ကြဉ်တယ်၊ ရွေးပြီးတော့ လက်ခံ မကျင့်သုံးဘူး ဆိုရင် ပုဏ္ဏားကြီးမိသားစုမှာ ဝါဒဟင်းလေးအိုးကြီး ဖြစ်နေဖို့ကတော့ သေချာတာပဲ။

ဒီပုဏ္ဏားကြီးမိသားစုက အဲဒီဝါဒဟင်းလေးအိုးကြီးတော့ အဖြစ်မခံဘူး။

ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ၊
ဒတ္ဝာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊
တသ္မာဟိ အမုံ ဒဟရာ နမိယျရေ။

ပြီးတော့ ဆက်လက်ပြီးတော့ ပုဏ္ဏားကြီးက ဆရာကြီးကို တင်ပြပါသေးတယ်။ ဆရာကြီး... ကျွန်တော်တို့ လှူစရာ တန်းစရာ ရှိလို့ရှိရင် မလှူခင်ကတည်းကိုက တင်ကြိုပြီးတော့ "မိမိတို့ လှူရတော့မယ်၊ ကိုယ်ပိုင်တဲ့ပစ္စည်းနဲ့ သူများကို အကူအညီ ပေးရတော့မယ်။ သူများအလိုဆန္ဒတွေ ဖြည့်ရတော့မယ်" လို့ လှူရမယ့် အရေးကို တွေးပြီးတော့ ဝမ်းသာကြတယ်တဲ့။ လှူဆဲကာလမှာလည်း စိတ်တွေ ကြည်ကြည်လင်လင်နဲ့ လှူကြတယ်။ လှူပြီးတဲ့နောက်ပိုင်း "ငါလှူရတာ မှားပြီ" ဆိုပြီးတော့ နောင်တ မပူပန်ကြဘူးတဲ့။ အဲဒီလို အကြောင်းအချက်တွေအရ ကျွန်တော်တို့ အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတာမရှိပါဘူး ဂုဆရာကြီး၊

http://www.dhammadownload.com

ပြီးတော့ နောက်တစ်ခုလည်း ဆက်ပြီး ဖြေပြန်တယ်။ "ဆရာကြီး... သမဏာခေါ်တဲ့ သူတော်၊ ဗြာဟ္မဏာခေါ်တဲ့ သူမြတ်၊ ပြီးတော့ ခရီးသွားတွေ၊ ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်တွေ၊ တောင်းစားတဲ့ပုဂ္ဂိုလ်တွေလာရောက်ပြီး အလှူခံလို့ရှိရင် စားဖွယ်ရာ သောက်ဖွယ်ရာတွေနဲ့ ကျေကျေနပ်နပ်ကြီး ဖြစ်အောင်လို့ သူတို့ လှူဒါန်းကူညီကြတယ်။ အဲဒီလို အကြောင်းတွေကြောင့်လည်း ကျွန်တော်တို့ မိသားစုဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါဘူး။ ပြီးတော့ နောက်တစ်ခုလည်း တင်ပြပါသေးတယ်။

မယဉ္စ ဘရိယံ နာတိက္ကမာမ၊
အမှေ စ ဘရိယာ နာတိက္ကမန္တိ။
အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊
တသ္မာ ဟိ အမှံ ဒဟရာ နု မီယျရေ။

"ဆရာကြီး ... ကျွန်တော်တို့ အမျိုးသားတွေ ဆိုင်ရာကလည်း ကိုယ့်ဇနီးနဲ့သာ ကျေနပ်ပြီးတော့ ဇနီးမယားတွေဟာ ကိုယ့်လင်သားနဲ့ ကျေနပ်နေကြတယ်။ ကိုယ်ပိုင်တဲ့ဟာကို ကျော်ပြီး အခြားမှာကို မကျင့်ကြဘူး၊ မြတ်သောအကျင့်ကို သူတော်စင် သူတော်ကောင်းတွေ ချီးမွမ်းတဲ့အကျင့်ကို ကျင့်ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ် သေတာမရှိပါဘူးလို့ တစ်ချက် တင်ပြပြန်တယ်"။

ပြီးတော့ ဆက်ပြီး တင်ပြပြန်တယ်။ "ဆရာကြီး...

http://www.dhammadownload.com

ကျွန်တော်တို့ဟာ ညှင်းဆဲသတ်ဖြတ်မှုမှလည်း ရှောင်ပါတယ်တဲ့။ သူပိုင်ပစ္စည်းကို မတရားယူခြင်းမှလည်း ရှောင်ပါတယ်တဲ့။ ကုသိုလ်ပြုဖို့ မေ့လျော့ခြင်းအကြောင်းဖြစ်တဲ့ မူးယစ်ဆေးဝါးတွေ သောက်ရှူးခြင်းမှလည်း ရှောင်ပါတယ်တဲ့။ အဲဒီလို ဟာတွေ ရှောင်တဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါဘူး။ ပြီးတော့လည်း နောက်ပြီး ဆက်တင်ပြပြန်တယ်။ "ဆရာကြီး ... ကျွန်တော်တို့ဟာ အခု ပြောခဲ့တဲ့ တရားတွေ ပြည့်ပြည့်စုံစုံ ကျင့်သုံးကြရပါတယ်။ ကျွန်တော်တို့ဇနီးတွေရော ကျွန်တော်တို့မှာပါ မြင့်မြတ်တဲ့တရားတွေ ရှိလေတော့ နှစ်ဦးပေါင်း ရရှိတဲ့ သားတွေဟာ ပဋိသန္ဓေရရှိတဲ့ ကာလက စပြီးတော့ သန့်သန့်ရှင်းရှင်း မွေးဖွားလာတဲ့အခါ ဝေဒကျမ်းတတ် ခေတ်ပညာတတ် ပညာရှိတဲ့သူတော်ကောင်းလေးတွေ မွေးလာပါတယ်တဲ့။ အဲဒါကြောင့်မို့ ကျွန်တော်တို့ အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြပါဘူးတဲ့။

ဒီအချက်ဟာ လေးလေးနက်နက် စဉ်းစားရမယ့်အချက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်း လူတိုင်းဟာ မိသားစုနဲ့ ချမ်းချမ်းသာသာနဲ့ ရွှင်ရွှင်ကြည်ကြည်နဲ့ နေချင်ကြတယ်။ ကိုယ့်သားတွေ သမီးတွေနဲ့ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး နေချင်ကြတာပဲ။ သားသမီးတွေ မွေးဖွားလာပြီဆိုရင် မိဘဖြစ်တဲ့ ပုဂ္ဂိုလ်တို့ဟာ ကိုယ့်သားသမီးတွေကို ငယ်ငယ်ရွယ်ရွယ်ကစပြီး သားလိမ္မာသမီးလိမ္မာတွေ ဖြစ်စေချင်ကြပါတယ်။ လိမ္မာတဲ့ သားသမီးတွေ

http://www.dhammadownload.com

ရပြီဆိုရင် မိဘတွေ ဘယ်လောက် ပျော်မလဲဆိုတာကို မျှော်မှန်းကြမှာပါပဲ။ ဒီအချက် လေးလေးနက်နက် စဉ်းစားဖို့ပါပဲ။ အဲဒီလို သားကောင်း သမီးကောင်းလေးတွေ ဖြစ်ရေးအတွက် လောကီအတတ်ပညာတွေကိုလည်း သင်ပေးမယ်။ သင်ပေးတဲ့အခါမှာလည်း ကိုယ် နှုတ် စိတ်ထားလေးတွေ ကောင်းအောင်ဆိုပြီးတော့ ကျင့်သုံးလို့, အကျိုးရှိတဲ့တရားတွေ သင်ပြပေးလို့, ကလေးတွေဟာ သူတော်ကောင်းအင်္ဂေ.ဓာတ်လေးတွေ သူတော်ကောင်း အလေ့ဓာတ်လေးတွေ ရပြီဆိုရင် ငယ်ငယ်ရွယ်ရွယ်ကစပြီး အလေ့ကောင်းလေးတွေဖြစ်ပြီး တဖြည်းဖြည်း လူကြီးလူကောင်းတွေ ဖြစ်သွားနိုင်တယ်။ နိုင်ငံတော်ဝန်နဲ့ အများရဲ့အကျိုးကိုလည်းပဲ ထမ်းဆောင်မယ်၊ သိပ်ကောင်းတယ်။ ပြီးတော့ ပုဏ္ဏားကြီးက ဆရာကြီးကို တင်ပြပြန်တယ်။

"ဆရာကြီးတဲ့၊ အမိအဖ ညီအစ်ကိုမောင်နှမ သားမယားဆွေမျိုးညာတိတွေ အားလုံးဟာ နောင်တမလွန် အရေးငဲ့ပြီးတော့ မမှန်ကန်တဲ့ အပြုအမူတွေကို မတရား မပြုရဘူးတဲ့။ အားလုံးပဲ ဒီအကျင့်တွေ ကျင့်ကြပါတယ်။ ဒါကြောင့် သူတို့အမျိုးအနွယ်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြဘူးတဲ့။ အစဉ်အဆက် ကောင်းတဲ့တရားတွေ ရဖူးအောင် မျိုးဆက်တွေ ချထားခဲ့တယ် ဆိုတဲ့သဘောပါပဲ။ မျိုးဆက်တစ်ခုတင် မဟုတ်ဘဲ မျိုးဆက်အဆက်ဆက် ဖြစ်သွားအောင် ဒီလိုလုပ်တဲ့သဘောပါပဲ။

ပြီးတော့ နောက်ဆုံးတင်ပြတာကတော့ "ဆရာကြီး ...

http://www.dhammadownload.com

ကျွန်တော်မိသားစု ဆွေမျိုးစုတွေတင် ကွက်ပြီးတော့ သူတော်ကောင်းတရားတွေ ပြန့်ပွားအောင် လုပ်တာမဟုတ်ပါဘူးတဲ့။ ကိုယ့်ကိုအမှီပြုနေကြတဲ့ ကျေးကျွန်တွေ, အမှုအလုပ်သမားတွေ, နောက်လိုက်နောက်သားတွေ, ကိုယ်နဲ့အတူတကွ နေရတာဖြစ်တော့ မိသားစုထဲမှာ ထည့်သွင်းပြီးတော့ နောက်ဘဝကောင်းစားရေးအတွက် သူတို့အပေါ်မှာ ကြင်နာသနားပြီးတော့ ညွှန်ကြားပါတယ်တဲ့။ သူတို့တစ်တွေလည်း ကျင့်ကြပါတယ်တဲ့။ ဒါကြောင့် ဒီတရားတွေ ပြန့်ပွားပြီးတော့ သူတို့အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ် မသေကြပါဘူးတဲ့။ "ဒီအကျင့်များဟာ ကျွန်တော်တို့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရခြင်းရဲ့ အကြောင်းရင်းတွေပါပဲလို့ ဓမ္မပါလဖခင် ပုဏ္ဏားကြီးက ဆရာကြီးကို ပြောပြတဲ့အခါမှာ သူဟာ စုံစမ်းလိုလို့ လာရတဲ့အကြောင်း, ဓမ္မပါလဟာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ရှိတယ်ဆိုတဲ့အကြောင်း ပြောပြပြီး အဲဒီ ပုဏ္ဏားကြီး တင်ပြတဲ့တရားတွေကို အားလုံးမှတ်သား ရေးယူပြီး ထားပါတယ်လို့ ဆိုပါတယ်။

ပြီးတော့ ဆရာကြီးလုပ်သူဟာ ရုပ်ဓာတ်ရေးရာဆိုင်ရာလေးတင် ကျွမ်းကျင်ပြီး တပည့်တွေကို ပို့ချတာ မဟုတ်ဘူး။ တပည့်တွေကို စိတ်ဓာတ်ရေးရာမှာလည်း လူတွေမှာ တကယ် လိုအပ်တဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရခြင်းအကြောင်း, အဆင်းလှရခြင်းအကြောင်း, ကျန်းမာခြင်းရဲ့အကြောင်းဖြစ်တဲ့ အချက်အလက်တွေကို ကိုယ်တိုင်ကိုယ်ကျ စုံစမ်းပြီးတော့ လေ့လာဖော်ရ

http://www.dhammadownload.com

တယ်။ ဆရာကြီးလည်း တော်တော်ချီးမွမ်းစရာ ကောင်းတယ်။ အခုကာလ ပညာပိုင်းဆိုင်ရာပုဂ္ဂိုလ်တွေ ရုပ်ဓာတ်ဆိုင်ရာ အတတ်ပညာမှာသာ အလေ့အလာများပြီး စိတ်ဓာတ်ဆိုင်ရာ အတတ်ပညာတွေ လေ့လာမှု နည်းကြပါတယ်။ ဒါပေမဲ့ အမေရိကန် တိုင်းပြည်ကြီးကတော့ ရုပ်ဓာတ်ရေးရာမှာလည်း အစွမ်းကုန် လေ့လာသလို စိတ်ဓာတ်ရေးရာမှာလည်း တော်တော်ပဲ လေ့လာလိုက်စားကြပါတယ်။

အဲဒီလို ဆရာကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေခြင်းရဲ့ အကြောင်းတရားတွေကို မှတ်တမ်းပြုပြီး မေးတဲ့အခါ ပုဏ္ဏားကြီးက နောက်ဆုံး ဂါထာ (၂) ခုနဲ့ မှတ်ချက်ချပါတယ်။ "ဆရာကြီး... အဒလု ကျင့်သုံးရတဲ့ တရားဟာ တရားကို တကယ် ရှုရသေသေနဲ့ လိုက်နာတဲ့ ပုဂ္ဂိုလ်ကို တကယ် စောင့်ရှောက်ပါတယ် ဆရာကြီး။ ပြီးတော့ တရားတော်ဟာ လက်တွေ့ ပြည့်ပြည့်ဝဝ ကျင့်သုံးလို့ ရှိရင် ချမ်းသာမှုအပြည့်ကို ဖြစ်စေနိုင်ပါတယ် ဆရာကြီး။ ပြီးတော့ တရားကျင့်သုံးတဲ့ပုဂ္ဂိုလ်ဟာ မကောင်းတဲ့ ဒုဂ္ဂတိဘဝ မလားနိုင်ပါဘူးတဲ့။ ဤသည်ကား ကောင်းစွာ ကျင့်သုံးရတဲ့ တရား၏ အကျိုးအာနိသင်တွေပါပဲ။ ကျွန်တော်ရဲ့သားဟာ လက်တွေ့တရားတွေ ကျင့်သုံးနေတာ ဖြစ်တော့ သူ ကျင့်သုံးတဲ့ တရားက သူ့ကို စောင့်ရှောက်နေမှာပါတဲ့။ ဥပမာ-မိုးရွာတဲ့ အခါမှာ လုံတဲ့ထီးကြီး ဆောင်းထားသလို အစောင့်အရှောက် အကာအကွယ်ရနေတဲ့ သားဟာ ဘယ်နည်းနှင့်မှ မသေဘူး

http://www.dhammadownload.com

ဆိုတာ သိပါတယ်တဲ့။ အခု ဆရာကြီး ယူလာတဲ့ဟာကတော့ လူရိုးမဟုတ်ဘူး။ ဆိတ်ရိုးတွေပါပဲတဲ့။

အဲဒီ ဓမ္မပါလဝတ္ထုကြောင်းအရဆိုရင် ဘုန်းကြီးတို့တစ်တွေဟာ တကယ် လက်တွေ့ ဟုတ်/မဟုတ်ဆိုတာ သိဖို့ရန်အတွက် တရားတွေ ကျင့်သုံးဖို့ အရေးကြီးပါတယ်။ လိုတဲ့ဟာတွေလည်း ဖြည့်၊ ဖြည့်ပြီးတာတွေလည်း အားရအောင် ပြည့်သည်ထက် ပြည့်သွားအောင် ကျင့်သုံးသွားမယ်ဆိုရင် အခုပြောခဲ့တဲ့ အကျိုးအာနိသင် ရဖို့ သေချာပါတယ်။ အဲဒီအပေါ်မှာ စိတ်ဓာတ်လည်းပဲ တိုးမြှင့်ပေး, အသိဉာဏ်တွေလည်း ပွားများအောင် အဆင့်မြှင့်တဲ့ တရားတွေ အားထုတ်လိုက်ပြန်ပြီဆိုလို့ရှိရင်တော့ အထူးပြောစရာ မလိုပါဘူး။ အဲဒီတော့ အခု ပြောခဲ့တဲ့အချက်တွေ သိနားလည်ပြီးတော့ ဘုန်းကြီးတို့ တစ်တွေဟာ ဓမ္မစရိယခေါ်တဲ့ အခြေခံတရားတွေ ပြည့်စုံပြီးတော့ အဆင့်မြင့် သတိပဋ္ဌာန် တရားတွေ အားထုတ်လို့ အဆင့်ဆင့် စိတ်ဓာတ်တွေ မြင့်ပြီးတော့ ဝိပဿနာဉာဏ်တွေ တိုးတက်ပြီး နောက်ဆုံး ပြီးပြည့်စုံတဲ့အထိ ကြိုးစားနိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

နတ်ပြည်

လွန်ခဲ့တဲ့ သီတင်းပတ်တွေက သီလကထာအထိ အကျဉ်း ချုပ်ပြီး ဟောခဲ့ပြီးပါပြီ။ ဒီနေ့ သီလပြည့်စုံခြင်းကြောင့် ရနိုင်တဲ့ အကျိုးကို ပြောပါမယ်။ အဲဒီ အကျိုးဟာ ပြောပလောက်တဲ့အကျိုး မဟုတ်ပါဘူး။ တကယ့် ချမ်းသာအစစ် မဟုတ်သေးပါဘူး။ ရှင်ရဟန်းဘဝ ရောက်ရတာဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ တော့ အလွတ်လပ်ဆုံး, အချမ်းသာဆုံးပဲ ဆိုတာ ဆက်ဟောရ မှာပဲ။ ထူးခြားတာကတော့ ဒီနေ့ ပဗ္ဗဇ္ဇမဂ်လာ, ဥပသမ္ပဒမဂ်လာပွဲ နဲ့ အခုဟောမဲ့ တရားနဲ့က ဘယ်လို ဘယ်လိုသွားပြီးတော့ တိုက်ဆိုင်နေမှန်း မသိဘူး။ တော်တော့်ကို တိုက်ဆိုင်နေတယ်။ ဝမ်းသာရတာပါပဲ။

လူလည်းပဲ လူ့အလိုက်၊ ရဟန်းလည်းပဲ ရဟန်းအလိုက် ဆောက်တည်စောင့်ထိန်းထားတဲ့ သီလတွေ မပျက်မပြယ် စင်ကြယ်ရင် အဲဒီသီလ အမှီပြုပြီးတော့ ကာမဂုဏ်တွေ ပြည့်စုံတဲ့

http://www.dhammadownload.com

နတ်ဘဝ ရတတ်တယ်ဆိုတာ သီစေလိုလို့ မြတ်စွာဘုရားက သီလကထာရဲ့ အခြားမဲ့မှာ "သဂ္ဂကထာ" ဆက်ပြီးတော့ ဟောပါတယ်။ အဲဒီ နတ်ပြည်ဆိုတာ **လ္ဟုဋ္ဌ**–အလိုရှိအပ်ပါတယ်တဲ့။ **ကန္တိ**–နှစ်သက်ဖွယ်လည်း ဖြစ်ပါတယ်တဲ့။ **မနာပ**–မြတ်နိုးဖွယ်လည်း ဖြစ်ပါတယ်တဲ့။ အဲဒီ နတ်ပြည်မှာ အမြဲတမ်း နတ်စည်းစိမ်ချမ်းသာတွေနဲ့ ပျော်မြူးပြီး စည်းစိမ်ချမ်းသာ အမျိုးမျိုးတွေလည်းပဲ ရနိုင်ပါတယ်တဲ့။ အောက်ဆုံး နတ်ပြည်တောင်မှ လူ့သက်တမ်းနဲ့ဆိုရင် အနှစ်ကိုးသန်းတဲ့။ ဒီလောက်အထိ ရှည်ရှည်နေရတယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရားဒေသနာတွေထဲမှာ ပါပါတယ်။ အဲဒီအကျိုးတွေ ရနိုင်တယ်လို့ ဆိုပါတယ်။

ကလေးကို မုန့်ပေးပြီး

အဲဒီလို သီလရဲ့ အကျိုးအာနိသင် နတ်စည်းစိမ်ချမ်းသာတွေကို ဟောမယ်ဆိုရင် မြတ်စွာဘုရားများရဲ့ ခံတွင်းတော် မဆုံးသလောက် ဖြစ်ပါတယ်တဲ့။ မြတ်စွာဘုရားတောင် ဟောလို့ မကုန်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ ဒါ့ကြောင့် ဘုန်းကြီး ဟောလို့လည်းပဲ ဒီစခန်းကုန်သွားတဲ့အထိ ပြီးမှာ မဟုတ်ဘူး။ ဒီတော့ ရပ်တန်းက ရပ်လိုက်ရတယ်။ ဒီ့ပြင်လည်း ဟောစရာတွေက အများကြီး ရှိပါသေးတယ်။ ဒါကြောင့် ဒီနေ့ သီလကြောင့် ရရှိတဲ့ နတ်ဘဝ (သို့မဟုတ်) လူ့ဘဝဟာ ဘယ်လောက်အထိ ချမ်းသာသလဲဆိုတာ စိစစ်ကြည့်ကြရမယ်။

http://www.dhammadownload.com

ဒါပေမဲ့ သတ္တဝါတွေဆိုတာ အကျိုးတွေ မသိရဘူးဆိုရင် ပြောဆိုဆုံးမတဲ့ဟာကို လိုက်နာဖို့ တယ်မလွယ်လှဘူး။ ဒီတော့ လူမမယ်ကလေးတွေကို ကစား‌စရာလေးတွေ စား‌စရာလေးတွေ ပေးပြီး ဖြားယောင်းသွေးဆောင်သလို မြတ်စွာဘုရားက သီလတွေ ပြည့်စုံအောင်လုပ်ကြ၊ သီလတွေ ပြည့်စုံကြလို့ရှိရင် ဒီလို ကာမဂုဏ်တွေပေါတဲ့, အမြတမ်း ပျော်မြူးပြီးတော့ စိတ်၏ချမ်းသာတွေနဲ့ ပြည့်စုံတဲ့, နတ်ဘဝဆိုတာ ရတတ်တယ်ဆိုပြီး နတ်ဘဝနဲ့ စပ်တဲ့တရားနဲ့ ဖြားယောင်းသွေးဆောင်ပြီးတော့ ပေးရပါတယ်။

အဲဒီလို သွေးဆောင်ပြီး တစ်ဖန် မင်္ဂလာပွဲတော် အခမ်းအနားအတွက် ဆန်းဆန်းပြားပြား အဆင်တန်ဆာ ဆင်မြန်းထားတဲ့ ဆင်ကြီးကို လှလှပပ ဆင်ပြီးမှ နှာမောင်းကြီး ဖြတ်လိုက်သလို၊ ထို့အတူ ဒီကာမဂုဏ်ပေါတဲ့ နတ်ပြည်လောကဆိုတာ **အနိစ္စ**–မမြဲပါဘူး။ **အဓုဝ**–မခိုင်ခဲ့ပါဘူး။ အဲဒီလို မမြဲ၊ မခိုင်ခဲ့တဲ့ နတ်ပြည်လောကမျိုးမှာ လိုလားတပ်မက်တဲ့ ဆန္ဒရာဂ မပြုထိုက်ပါဘူး။ ပယ်ထိုက်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်တွေကို ပြချင်လို့ ကာမဂုဏ်ရဲ့ အပြစ်တွေကိုလည်း မြတ်စွာဘုရားက ဆက်လက်ပြီးတော့ မိန့်ကြားတော်မူပါတယ်။

ကာမဂုဏ်

ကာမဂုဏ်ချမ်းသာတွေဟာ **"အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယ္ယော။"** ကာမဂုဏ်

http://www.dhammadownload.com

တွေဟာ သာယာဖွယ်လေးက နည်းနည်းလေးပါ။ **ဗဟုဒုက္ခာ** ဆိုတာ ဆင်းရဲတွေက များတယ်တဲ့။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တွေက ကြုံရတယ်တဲ့။ ပြီးတော့ ပင်ပန်းမှုတွေကလည်း များပါ တယ်။ ဒီထဲမှာ အပြစ်အနာအဆာတွေကလည်း အလွန်များပါ တယ်တဲ့။ ဒီတော့ မြတ်စွာဘုရားက သီလကြောင့် ရရှိတဲ့ အကျိုး စည်းစိမ်ချမ်းသာတွေပေါ်မှာ အာဒီနဝ အပြစ်တွေ ညစ်နွမ်းမှုတွေ အဆင့်နိမ့်ကျမှုတွေကို ဖော်ပြလေ့ရှိပါတယ်။

ပြိတ္တာနဲ့တူတယ်

သတ္တဝါတွေဟာ ခုနပြောခဲ့တဲ့ အပြစ်အနာအဆာတွေ မသတီစရာတွေနဲ့ သံသရာခရီးတစ်လျှောက်မှာ ရုပ်ဓာတ် နာမ်ဓာတ် တွေ ဆက်စပ်ပြီး ဖြစ်နေတဲ့ သံသရာမှာ ညစ်နွမ်းနေတာပဲ။ နိုပ်စက်ခံရတာပဲ။ ပူပန်ဆင်းရဲနေတာပဲ။ ဒါတွေ မမြင်ကြလို့ပါ။ နတ်ပြည်လောကဟာ ကာမဂုဏ် အပျော်တွေ အမြဲတမ်း ရှိနေ တယ် ဆိုပေမယ့်လို့ သူတို့ မဝနိုင်ကြဘူး။ တစ်မျိုးပြီးတစ်မျိုး ကာမဂုဏ်ဗွက်ထဲ နစ်နေတာပဲ။ တချို့တချို့ နတ်တွေဆိုလို့ရှိရင် ကာမဂုဏ် အပျော်ကြူးပြီး စားသင့်တဲ့အချိန်မှာ မစားလို့ သေသွား တာတွေလည်း ရှိတယ်။ တစ်ဦးနဲ့တစ်ဦး မနာလို ဝန်တိုမှုတွေရှိပြီး ဒေါသတွေဖြစ်ပြီး သေသွားတာတွေလည်း ရှိတယ်။ နတ်ဘဝ ဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်။ ဒီတော့ မြတ်စွာ ဘုရားက အဲဒီလို ခံစားလို့ မဝနိုင်တဲ့နတ်ဘဝဟာ ပြိတ္တာဘဝနဲ့

http://www.dhammadownload.com

တူတယ်လို့ ဒီလိုလည်းပဲ မိန့်ကြားပါတယ်။ ပြိတ္တာတွေဟာ ဘယ်လောက်ပဲ စားရ စားရ မဝနိုင်ဘူး။ ဒီအမေရိက တိုင်းပြည်ကြီးဟာလည်း ရုပ်ဝတ္ထုတွေ အင်မတန်ကြွယ်ဝတယ်။ လောကနတ်ပြည်ကြီးလို့ ဆိုရမှာပါပဲ။ ဒါပေမယ့်လို့ တိုင်းသူပြည်သားတွေကတော့ ရုပ်ဝတ္ထုတွေ ကြွယ်ဝသလောက် အပျော်တွေ များသလောက် ဝသလား၊ မဝသလား ဆိုတာလည်း အမေရိကန်တွေ အသိဆုံးနေမှာပဲ။ သံဝေဂရသလား၊ မရဘူးလား ဆိုတာလည်း အသိဆုံးပါပဲ။ သံဝေဂတွေ ဖြစ်ပြီးတော့ တကယ့် ချမ်းသာကြီး ထွက်ရာလမ်း ရှာသလား၊ မရှာဘူးလား ဆိုတာလည်း အသိဆုံးပါပဲ။ အခု တရားအလေ့အလာရှိတဲ့ပုဂ္ဂိုလ်တွေကတော့ ကာမဂုဏ်အာရုံတွေဟာ ဘာမှမဟုတ်ဘူးဆိုတာ နားလည်ပြီးတော့ ကာမဂုဏ်က ထွက်ပြီးတော့ ဒီမှာ ချမ်းသာလမ်း ရှာနေကြတာ။ သိပ်ဝမ်းသာစရာ ကောင်းတယ်။ ဒါ ဘုရားအလိုတော်ကျပဲ။

ခဏာဒဏ ဥပုသ်ကျိုးတယ်

နတ်ပြည်လောကမှာ တရားထူးမရသေးတဲ့ နတ်တွေဆိုရင် သေတဲ့အခါမှာ များသောအားဖြင့် မကောင်းတဲ့ဘဝကို သာ လားကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူ့ပြည်လောကမှာ ပြုလုပ်သွားခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်လောကမှာ သူတို့အပျော်ကြူးတော့ နောက်ထပ် ကုသိုလ်အသစ်တွေ ထပ်ပြီးတော့ မဖြစ်ဘူး။ နည်းတယ်။ ဥပမာ–ဘာနဲ့တူသလဲဆိုတော့

http://www.dhammadownload.com

အရွယ်ကောင်းစဉ်က အလုပ်ကြိုးစားလို့ စီးပွားတွေ တော်တော်ဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းနဲ့ ခန့်ခန့်ညားညားနဲ့ ဇိမ်ခံပြီးတော့ နေတဲ့ပုဂ္ဂိုလ်များလိုပဲ။ နောက်ထပ် ဝင်ငွေက မရှိတော့ အရင်က စုဆောင်းထားတဲ့ဟာတွေလည်းပဲ စားလို့ ကုန်သွားတဲ့အခါ ငွေလည်းကုန်ရော လူကလည်း အိုသွား, အလုပ်ကလည်း မလုပ်နိုင်တော့ဘူးဆိုတော့ ပြတ်ငတ်သွားသလိုပဲ။ ဒီသဘောမျိုးပဲ။ ကုသိုလ်တွေ ကုန်သွားတော့ နောက်ထပ် ကုသိုလ်တွေ အကျိုးဆက်ဖို့ရန် မမြင်တော့ အပါယ်လားကြတာတွေ များတယ်။ နတ်ပြည်လောကမှာ အထက်တန်းစား ကုသိုလ်မဆိုထားနဲ့ အငယ်စား ဒါနကုသိုလ်ကိုတောင်မှ အလှူခံပုဂ္ဂိုလ်ကောင်းမရှိလို့ ပြုခွင့်မရလှပါဘူး၊ ငါးပါးသီလကတော့ ပြည့်စုံတာလေးတွေ ရှိပါတယ်။ ဒါပေမယ့်လို့ ဥပုသ်သီလ ဆောက်တည်ဖို့ဆိုတာ သိပ်မလွယ်ဘူး။ သိကြားမင်း တစ်ခါတစ်ခါ ဥပုသ်ဆောက်တည်ဖို့ဆိုရင် နတ်သမီးတွေက ဝန်းကျင်မှာ ဝိုင်းပြီး အလှတွေပြကြလို့ ပွတ်သီးပွတ်သပ်တွေ လုပ်ကြတော့ ခဏခဏ ဥပုသ်ကျိုးတယ်တဲ့။ လူ့ပြည်လောက ဆင်းပြီးတော့ ဥပုသ်စောင့်ရတယ်။ သမာဓိဘာဝနာ ပညာဘာဝနာကတော့ ဆိတ်ငြိမ်ရာ မဟုတ်တော့ တော်တော်ခက်ပါတယ်။ အထက်တန်းစားကုသိုလ်တွေ ပြုဖို့ဆိုတာကတော့ သိပ်မလွယ်ဘူး။ အဲဒါတွေအခြေခံ နားလည်ထားဖို့ သိပ်အရေးကြီးပါတယ်။

http://www.dhammadownload.com

နတ်ပြည်က ကုသိုလ်

ဒေဝလောကမှာ ကုသိုလ်ရနွင့် (၂) ချက်ပဲ ရရှိတယ်။ သုဓမ္မာဇရပ်ကြီးမှာ တရားနာရတဲ့ ကုသိုလ်တစ်ခုနဲ့ စူဠဂါမဏိစေတီမှာ စေတီပုံတော်ပေါ် ဂုဏ်တော်တွေ ထည့်သွင်းပြီးတော့ အာရုံပြုရတဲ့ ကုသိုလ်၊ အဲဒီ နှစ်ခုပဲ ရှိတယ်။ အဲဒီ ကုသိုလ်ကလည်း ဘာမှပြောပလောက်တဲ့ ကုသိုလ် မဟုတ်ဘူး။ အင်မတန် အားနည်းတဲ့ ကုသိုလ်ပါပဲ။

အခု အမေရိကတိုင်းပြည်ကြီး လူဦးရေအများကြီးပါပဲ။ ခုလို တရားနာရတဲ့ပုဂ္ဂိုလ်၊ အထူးအားဖြင့် တရားထိုင်တဲ့ပုဂ္ဂိုလ် တွက်ကြည့်ရင် အင်မတန် နည်းသလိုနေမှာပါပဲ။ နတ်ပြည်လောကမှာလည်း ဒီလို နည်းပါလိမ့်မယ်နဲ့တူတယ်။ ဒါကြောင့် အဂ်္ဂလိမာလမထေရ်ကြီးက တရားရပြီးတဲ့နောက်ပိုင်းမှာ သူကသံဃဂဏနေနဲ့ မှတ်ချက်ချတယ်။ **"သံကိလိဿန္တိ ဝတ ဘောသတ္တာ"** တဲ့။ သတ္တဝါတွေဟာ ကိလေသာတွေနဲ့ ပင်ပန်းဆင်းရဲပြီးတော့ အနှိပ်စက်ခံနေရတာချည်းပဲနော်တဲ့။ ဒီလို သံဃဂယူပါတယ်။ အဲဒီလို မြတ်စွာဘုရားက ကာမဂုဏ်အာရုံတွေပေါ်မှာ အပြစ်အနာအဆာတွေ ဖော်ပြခြိမ်းခြောက်ပြီးတော့ အဲဒီကာမဂုဏ်တွေက လွတ်မြောက်ရာနယ်ဖြစ်တဲ့ ရဟန်းဘဝမျိုးရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးကျူးတော်မူပါတယ်။

http://www.dhammadownload.com

ပမ္ဗဏ္ဍာ

လူ့ဘဝဆိုရင်လည်း သားမယား မိသားစုကိစ္စ, စီးပွားရေးကိစ္စ, အခြားလူမှုရေးကိစ္စ, ကာမဂုဏ်ကိစ္စ, အဲဒီ ကိစ္စတွေက ရှုပ်ယှက်ခတ်နေတော့ လူ့ဘဝအဖြစ်နဲ့ နေရတာဟာ အင်မတန် ကျဉ်းမြောင်းကျပ်တည်းတယ်တဲ့။ ပဗ္ဗဇ္ဇာဘဝက လွတ်လပ်တယ်တဲ့။ ဒီလို ယှဉ်ပြီးတော့လည်း ပြပါတယ်။ ကာမဂုဏ်က ထွက်မြောက်မှုရဲ့ အကျိုးအာနိသင်တွေကိုပြတယ်။ ပဗ္ဗဇ္ဇာရဲ့ အကျိုးအာနိသင်တွေ ပြတယ်။ ဗုဒ္ဓသာသနာမှာ အခုခေတ်တော့ ရသေ့ဘဝ, သီလရှင်ဘဝ, ယောဂီဘဝလည်းပဲ ပဗ္ဗဇ္ဇာထဲမှာ ထည့်နိုင်တယ်။ အမျိုးသားများလည်းပဲ ရသေ့ဘဝ, သူတော်ဘဝ, သာမဏေဘဝ, ရဟန်းဘဝ။ အဲဒါတွေ ပဗ္ဗဇ္ဇာလို့ ခေါ်ပါတယ်။

ပဗ္ဗဇ္ဇာဆိုတာဟာ **"ပဗ္ဗဇ္ဇာ သဗ္ဗကိစ္စစာဂေန ဝိစာရေန အာသမန္တရဂမနေ"** လို့ ကျမ်းဂန်များမှာ ပြထားတယ်။ ပဗ္ဗဇ္ဇာဆိုတာ လူမှုကိစ္စအဝဝတွေကို စွန့်ထားခြင်း အစီအစဉ်အရ လောဘ ဒေါသ အစရှိတဲ့ ကိလေသာအပူတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာနမှာ ကပ်ရောက်နေထိုင်ခြင်းလို့ ဒီလို အနက်ဖော်ထားပါတယ်။ အမျိုးသမီးတွေဆိုလို့ရှိရင် ခုနပြောတဲ့အတိုင်း ယောဂီအဖြစ်, သီလရှင်အဖြစ်၊ အမျိုးသားတွေဆိုရင်လည်း ယောဂီ အဖြစ်, ရသေ့အဖြစ်, သာမဏေအဖြစ်, ရဟန်းအဖြစ် ခံယူခြင်း၊ ခံယူပြီးတော့ ကိလေသာအပူတွေ အပြင်းအထန် ငြိမ်းသတ်ရာ ဌာန ကမ္မဋ္ဌာန်းကျောင်းမှာ ကပ်ရောက် နေထိုင်ခြင်းလို့ အဓိပ္ပာယ် ရပါတယ်။

http://www.dhammadownload.com

အသွင်ဆောင်နဲ့ အကျင့်ဆောင်

အဲဒီ ပဗ္ဗဇ္ဇာကလည်း (၂) ပိုင်း ရှိပါတယ်။ အသွင်သက်သက် ဆောင်တဲ့ ပဗ္ဗဇ္ဇာနဲ့ အကျင့်ဆောင်တဲ့ ပဗ္ဗဇ္ဇာ ဆိုပြီး (၂) ပိုင်း ရှိပါတယ်။ ယောဂီအသွင်, သီလရှင်အသွင်, ရဟန်းအသွင်လောက် သာ ဆောင်ပြီး အကျင့်မပါလို့ရှိရင် ဒါကို အသွင်ဆောင် သက်သက် ပဗ္ဗဇ္ဇာခေါ်ပါတယ်။ မြင့်မြတ်တဲ့အသွင် ဆောင်ထား လို့ရှိရင် ယုတ်ညံ့တဲ့အကျင့်ရောင်ပြီးတော့ မြင့်မြတ်တဲ့အကျင့် ကျင့်တာ။ ဒါကို အကျင့်ဆောင် ပဗ္ဗဇ္ဇာခေါ်ပါတယ်။ အဲဒီ အသွင်ဆောင် ပဗ္ဗဇ္ဇာကတော့ သီလတောင်မှ မရှိဘူး, သီလ တောင်မှ မကျင့်နိုင်ဘူးဆိုရင် အသက်မပါတဲ့ ပဗ္ဗဇ္ဇာ ခေါ်ပါတယ်။ သာသနာတော်မှာ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ဝိနယခေါ်တဲ့ သီလဟာ သာသနာတော်ရဲ့အသက်ပဲ။ သာသနာ့ဘောင် ဝင်လာ တယ်ဆိုကတည်းက သာသနာ့ဝန်ထမ်းပီပီ ယောဂီကလည်း ယောဂီ, သီလရှင်ကလည်း သီလရှင် စောင့်စည်းရမဲ့ စောင့်ထိန်း ရတဲ့သီလတွေ ပါလာရတယ်။ စောင့်လည်း စောင့်စည်းရတယ်။ အဲဒီလို ပါမလာဘူးဆိုရင်တော့ အသေမွေးတဲ့ ရှင်အဖြစ် ပဗ္ဗဇ္ဇာ လို့ ခေါ်ပါတယ်။ အရှင်မွေးတာ မဟုတ်ဘူးပေါ့လေ။ အသေမွေး ပါပဲ။ အဲဒီအသေမွေးကတော့ လူမှုကိစ္စတွေ ကာမဂုဏ်ချမ်းသာ တွေ စွန့်ရကျိုးမနပ်ဘူး။ အဲဒါတွေလည်း ဆုံးသွားတာပဲ။ ပြီးတော့ သမဏသုခခေါ်တဲ့ ရဟန်းချမ်းသာ, ပဗ္ဗဇ္ဇာချမ်းသာလည်း မရဘူး။ ချမ်းသာ (၂) မျိုး လက်လွတ်သွားတယ်။

http://www.dhammadownload.com

ရှင်သန်ဖို့ရာ

အသေလေးမွေးလာလို့ရှိရင် အဲဒီ အသေမွေးကလေးကို ရှင်အောင်လုပ်လို့ မရနိုင်သလို ထို့အတူပဲ ယောဂီဖြစ်စ၊ ရဟန်းဖြစ်စ သီလရှင်ဖြစ်စကတည်းကိုက သာသနာရဲ့အသက် သီလ မပါဘူး ဆိုလို့ရှိရင် သမာဓိ ပညာတရားတွေနဲ့ မိမိဘဝ တိုးတက်အောင် မြင့်မြတ်အောင် ရှင်သန်အောင် မလုပ်နိုင်တော့ဘူး။ ဘာမှလည်း အကျိုး မရနိုင်တော့ဘူး။ ဒီတော့ မြင့်မြတ်တဲ့အသွင်ဆောင်ထားသလောက် အခြေခံ သာသနာတော်ရဲ့အသက် အရှင်မွေးအနေနဲ့ ပါလာပြီဆိုရင် စိတ်ဓာတ်တွေလည်း တိုးမြှင့်ပေးတဲ့အနေနဲ့ သမာဓိသိက္ခာတွေလည်း ကျင့်ပြီ၊ ရုပ်နာမ်ပိုင်းခြားသိမှုကအစ ပညာသိက္ခာတွေလည်း ကျင့်လို့ အဆင့်ဆင့် ပြည့်စုံသွားပြီ။ သီလ သမာဓိ ပညာတွေနဲ့ ပြည့်စုံသွားပြီဆိုရင် အရှင်မွေးဖြစ်သလို ရှင်ရဟန်းဘဝ၊ ယောဂီဘဝဟာ အမြဲတမ်း ရှင်သန်နေတယ်။ ဖွံ့ဖွံ့ဖြိုးဖြိုး တိုးတိုးတက်တက်နဲ့ ကျက်သရေမင်္ဂလာတွေရှိနေတယ်။

လူမှုကိစ္စတွေကို စွန့်ထားခဲ့ပြီး လောဘ ဒေါသ အစရှိတဲ့ဘဝအဆင့်အတန်း နိမ့်စေတတ်တဲ့ ကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာနမှာ ယောဂီ၊ သီလရှင်၊ ရဟန်းအဖြစ် ပဗ္ဇာအဖြစ် ခံယူပြီး မြတ်စွာဘုရား အလိုတော်ကျအတိုင်း အရှင်မွေးပြီး အမြဲတမ်း ရှင်သန်ဖို့ရာ သီလ သမာဓိ ပညာ အကျင့်တရားတွေ ကျင့်တယ်။ ကျင့်တော့ အကြမ်း အလတ် အနု

http://www.dhammadownload.com

ကိလေသာတွေကို ပယ်ထုတ်တဲ့ အနေ ရောက်နေတာ။ ဒီတော့ ပဗ္ဗစ္ဆာဟာ အဓိပ္ပာယ်တစ်မျိုး တိုးလာတယ်။ ပဗ္ဗစ္ဆာ–သီလ သမာဓိ ပညာအကျင့်တရားဖြင့် ကိလေသာတွေကို ပယ်ထုတ်တော့ အပူတွေငြိမ်းတော့ အေးတာပေါ့။ နှိပ်စက်တတ်တဲ့ ကိလေသာတွေ ကိုယ့်မှာ ကင်းနေတော့ နေရထိုင်ရတာ ချမ်းသာတာပေါ့။ အဲဒါ သမဏသုခဆိုတာ ရလာတာပဲ။ အဲဒီရလာတဲ့ သမဏသုခဟာ ကာမဂုဏ်ချမ်းသာထက် အဆပေါင်း များစွာ သာတယ်ဆိုတာ ကိုယ်တိုင်ကိုယ်ကျ သိလာတယ်။ ကာမဂုဏ်ချမ်းသာကို စွန့်လွှတ်ရကျိုးနပ်ပြီ။ ဒီချမ်းသာမှ တကယ့် ချမ်းသာပဲဆိုပြီး အဲဒီ ချမ်းသာမှ လက်မလွှတ်တော့ဘဲနဲ့ ဆက်လက်ပြီးတော့ ကျင့်သုံး သွားရင် အပါယ်လေးပါး အပါအဝင် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်လောက်တဲ့အထိ အကျိုးကျေးဇူးတွေ ရရှိသွားနိုင်တယ်။ အဲဒီ အကျိုးကျေးဇူးတွေကို မြတ်စွာဘုရားက ဖော်ပြတယ်။ ဖော်ပြတဲ့အတိုင်း ကျင့်သုံးလို့ ရဟန်းဘဝခံယူရတဲ့ အကျိုးလေးတွေ ရရှိပြီဆိုရင်တော့ အဲဒီ ပဗ္ဗစ္ဆာဟာ ကောင်းကျိုးချမ်းသာ ဖြစ်စေတဲ့ မင်္ဂလာဖြစ်တော့တာပဲ။ ပဗ္ဗစ္ဆာနဲ့ မင်္ဂလာ ပေါင်းစပ်လိုက်တဲ့အခါကျတော့ ပဗ္ဗစ္ဆမင်္ဂလာတဲ့။ သိပ်ကောင်းတယ်။

ရခဲ၊ ရှားပါး

အဲဒီလို ကျက်သရေမင်္ဂလာနဲ့ပြည့်စုံတဲ့ ရှင်ရဟန်းဘဝမျိုးကို “**ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော**” လို့ မိန့်ကြားထားပါတယ်။

http://www.dhammadownload.com

ပဗ္ဗဇိတဘာဝေါ–လူမှုကိစ္စကို စွန့်ထားပြီးတော့ ကိလေသာအပူတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာန ကမ္မဋ္ဌာန်းကျောင်းကပ်ရောက်ပြီးတော့ သီလ သမာဓိ ပညာ အကျင့်တရားဖြင့် ကိလေသာကို ပယ်ထုတ်သော ရဟန်းဘဝမျိုး ရဟန်းအဖြစ်မျိုးကို၊ **ဒုလ္လဘော**–ခဲယဉ်းစွာ ရအပ်၏။ ဒုလ္လဘဖြစ်တယ်တဲ့။ ရခဲတဲ့ပစ္စည်းဆိုရင် လောကမှာ ရှားပါးပြီ။ ရှားပါးတဲ့ပစ္စည်းဟာ တန်ဖိုးတွေ တက်လာပြီ။ အဲဒီလို ရခဲရှားပါးပြီးတော့ တန်ဖိုးတက်တဲ့ဘဝမျိုးကို ရဟန်းဆိုလို့ရှိရင် သမဏပဗ္ဗဇ္ဇာ ခေါ်တာပေါ့။ သီလရှင်ဆိုရင် သီလရှင်ပဗ္ဗဇ္ဇာ ပရိဗ္ဗာဇိကာပဗ္ဗဇ္ဇာပေါ့။ ယောဂီဆိုရင် ယောဂီပဗ္ဗဇ္ဇာပေါ့။ သူ့အတိုင်းအတာနဲ့ သူ ပဗ္ဗဇ္ဇာမင်္ဂလာတွေ ဖြစ်ကြတာပဲ။ ဒီတော့ အဲဒီလို မင်္ဂလာအဖြစ် ကိုယ်တိုင်ခံယူတဲ့ ပုဂ္ဂိုလ်တွေလည်း အကျိုးရှိ၊ အားပေးတဲ့ပုဂ္ဂိုလ်တွေလည်း အကျိုးရှိပေါ့လေ။ အဲဒီလို အကျိုးရှိသွားလို့ရှိရင် သီလ သမာဓိ ပညာတရားနဲ့ ရှင်သန်ကြီးထွားပြီးတော့ ချမ်းသာမှုတွေ အများကြီး ရသွားမှာပါပဲ။ အဲဒီလို ချမ်းသာမှုတွေ ရနိုင်လောက်တဲ့အထိ အနည်းဆုံး အပါယ် (၄) ပါးက လွတ်မြောက်နိုင်လောက်အောင် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။ ကာမဂုဏ်က ထွက်ကာ ပဗ္ဗဇ္ဇာအဖြစ် ခံယူရကျိုးနပ်ပြီးတော့ ကာမဂုဏ်ချမ်းသာကို စွန့်ရကျိုးနပ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းလိုက်ပါတယ်။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

လူမှုရေးကျင့်ဝတ်

ဝါရှင်တန်ဒီစီက အငြိမ်းစားကာနယ် ဦးချစ်မြိုင်မိသားစုက သူ့သား ဒေါက်တာမောင်အောင်မြိုင် ရဟန်းခံကိစ္စနဲ့တိုက်ဆိုင်၊ ဘုန်းကြီးကလည်း နိုက္ခမ္မအာနိသံသ ဟောဖို့လည်း တိုက်ဆိုင်နေတယ်။ ဘုန်းကြီး ရည်ရွယ်ထားတာကတော့ ဓမ္မစရိယာဆိုတဲ့ အကြောင်းအရာလေး ပြောပြီးရင် တရားရေးရာနဲ့ ပတ်သက်တဲ့ ကျင့်ဝတ်ပြီးရင် လူမှုရေးကျင့်ဝတ် ဆက်ပြီးတော့ ပြောမယ်လို့ ရည်ရွယ်ချက် ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီစနေနေ့က လူမှုရေးကျင့်ဝတ် မဟောနိုင်ခဲ့ပါဘူး။ ဒီနေ့ ဆက်လက်ပြီးတော့ အဲဒီ လူမှုရေးကျင့်ဝတ်တွေ ပြောပါမယ်။

လူမှုရေးကျင့်ဝတ်ဆိုတာကတော့ မိဘများက သားသမီးများအပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ သားသမီးများကလည်း မိဘများအပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ လင်ယောကျ်ားများက ဇနီးအပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ ဇနီးကလည်း တုံ့ပြန်ပြီးတော့ လင်ယောကျ်ားပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ မိတ်ဆွေအချင်းချင်း

http://www.dhammadownload.com

ကျင့်ဝတ်၊ ဆရာနဲ့ ဒကာကျင့်ဝတ် စသည်ပေါ့လေ။ အဲဒါလေးတွေ တတ်နိုင်သမျှ ဟောသွားမယ်လို့ နဂိုက အစီအစဉ် ရှိခဲ့ပါတယ်။ အဲဒီတရားမဟောခင် ဘုန်းကြီးက ပရိသတ်ကို ရှေးဦးစွာ မေးချင်တာ လူ့လောကမှာ ဗြဟ္မာကြီးတွေ တွေ့.ကြဖူးသလားလို့ မေးချင်ပါတယ်။ ဘုန်းကြီးက ဗြဟ္မာကြီးတွေ ပြရင် ကြည့်ချင်ကြသလား? ကြည့်လိုကြသလား? ဒါပေမဲ့ ဘုန်းကြီးမှာတော့ ပြနိုင်တဲ့ တန်ခိုးမရှိဘူးဆိုတာ ယုံထားရမယ်။ မိုးဗြဟ္မာကြီးတွေ ခေါ်ပြီးတော့ မပြနိုင်ပေမဲ့လို့ ကမ္ဘာမြေကြီးပေါ်မှာ ရှိတဲ့ ဗြဟ္မာကြီးတွေတော့ ဘုန်းကြီးမှာ ပြနိုင်စွမ်းရှိပါတယ်။ ဘုန်းကြီးကို ယုံလား? မယုံရင်တော့ အခုကတည်းက မပြဖို့ပဲ။ ယုံရင်တော့ အခု ဗြဟ္မာအကြောင်း ဆက်ဟောဖို့ပဲ။ ဘယ်လိုတုံး၊ ယုံရင် လက်ညှိုးထောင်ကြပေါ့လေ...။ လက်ညှိုးထောင်တော့ မြင်ချင်တယ်ဆိုတဲ့ဆန္ဒကို ပြတာပဲ။ အဲဒီတော့ ဘုန်းကြီးက ဘယ်လိုလုပ်ပြရမလဲ။

ကမ္ဘာမြေကြီးပေါ်မှ ဗြဟ္မာတွေ

ဗြဟ္မာဆိုတာ အခြားမဟုတ်ပါဘူး။ မိဘများပါပဲ။ တွေ့.ပြီလား? ဒီလိုဆိုရင်တော့ အားလုံးပရိသတ်တွေဟာ ဗြဟ္မာတွေတွေ့.ဖူးပါပြီ။ တွေ့.ဖူးပြီဆိုတော့ ဘုန်းကြီးဆက်ပြဖို့ လိုသေးသလား? ဘာကြောင့် ဗြဟ္မာတွေလို့ ဆိုရသလဲ? ဘယ်လိုဗြဟ္မာတွေ ဖြစ်နေကြတယ်ဆိုတာတော့ ပရိသတ်သိဖို့ လိုပါလိမ့်မယ်။ ဘုန်းကြီးတို့ ထေရဝါဒ ဗုဒ္ဓသာသနာမှာ **"မာတာပိတုဥပဋ္ဌာနံ**

http://www.dhammadownload.com

မင်္ဂလ” ဆိုထားတယ်။ မိဘကို လုပ်ကျွေးပြုစုခြင်းဟာ အလွန်မွန်မြတ်တဲ့ ကောင်းမှုဖြစ်လို့ ကောင်းကျိုးချမ်းသာ ဖြစ်စေနိုင်တဲ့ မင်္ဂလာလို့ ဒီလိုဟောမိန့်ချက် ရှိပါတယ်။ ဒီမှာ ဘာဖြစ်လို့ မိဘတွေကို လုပ်ကျွေးရသလဲ ဆိုတာ အကြောင်း (၂) ချက် ရှိပါတယ်။ အဲဒီ အကြောင်း (၂) ချက်ထဲက ပထမဆုံးအကြောင်းကတော့ မိမိတို့အပေါ်မှာ တင်ရှိနေတဲ့ မိဘကျေးဇူးတွေ အလွန်များတာဟာ အကြောင်းတစ်ချက်ပါပဲ။ ဒုတိယအကြောင်းကတော့ ဂုဏ်ကြီးမားလှတဲ့မိဘများကို လုပ်ကျွေးပြုစုခြင်းအားဖြင့် အလွန် အကျိုးကြီးတယ်ဆိုတာ အကြောင်းတစ်ချက်ပါပဲ။ မိဘနှစ်ပါးဟာ မိမိတို့အပေါ် တကယ် လုပ်ကျွေးပြုစုလိုက်တဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်များဖြစ်တယ်လို့ ဒီလိုဆိုပါတယ်။ ဂုဏ်ကျေးဇူးကြီးမားပုံ ဆက်ပြီးရှင်းပြပါ့မယ်။

မြဟ္မဝိဟာရ လေးပါး

မိုးဇြဟ္မာများမှာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာခေါ်တဲ့ ဇြဟ္မစိုရ်တရား၊ ဘာဝနာလေးပါး မကင်းကွာဘူး၊ အမြဲရှိကြတယ်။ အဲဒီ ဇြဟ္မစိုရ်တရားလေးပါးထဲက **မေတ္တာ**ဆိုတာ အားလုံးသတ္တဝါတွေအပေါ်မှာ သူတို့ရဲ့ အကျိုးစီးပွားကို လိုလားတဲ့ စိတ်ဓာတ်တွေ ဖြန့်ပြီးတော့ ပွားပြီးတော့နေတာဟာ မေတ္တာလို့ ခေါ်ပါတယ်။ သတ္တဝါအများ ကောင်းစားချမ်းသာစေချင်တဲ့ စိတ်ဓာတ်ကို ခေါ်ပါတယ်။

http://www.dhammadownload.com

ကရဏာဆိုတာကတော့ ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါတွေ လက်ရှိ ခံစားနေရတဲ့ ဆင်းရဲဒုက္ခမှရော အဆင့်ဆင့် အဆက်ဆက် ကြုံရမယ့်ဆင်းရဲဒုက္ခမှရော လွတ်မြောက်စေချင်တဲ့ သဘော, အဲဒီ ဆင်းရဲဒုက္ခတွေကို ပယ်နုတ်ပေးချင်တဲ့သဘော, အဲဒီစိတ်ထားလေးကို ကရုဏာလို့ ခေါ်ပါတယ်။ ဗြဟ္မာတွေက အဲဒီစိတ်ဓာတ်တွေ အမြဲဖြန့်ပြီးနေကြပါတယ်။ ပြီးတော့ သတ္တဝါတွေ အစစအရာရာ ပြည့်စုံနေတာကို တွေ့မြင်ပြီးတော့ သိမြင်ပြီးတော့ ဝမ်းသာဝမ်းမြောက် ဖြစ်နေတာကို **မုဒိတာ**လို့ ခေါ်ပါတယ်။ ဗြဟ္မာတွေဟာ အားလုံးသတ္တဝါတွေအပေါ် သူတို့ပြည့်စုံမှုအာရုံပြုပြီးတော့ ဝမ်းသာတဲ့ မုဒိတာတရားတွေ ပွားပြီးတော့ နေပါတယ်။ ဒီလို ကြောင့်ကြထားပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားပေမယ့်လို့ အမှန်ကတော့ သတ္တဝါတွေဟာ ကိုယ့်ကံနဲ့ ကိုယ် လာကြတာ။ ကောင်းကံကြောင့် ကောင်းကျိုးတွေ ရကြ၊ ဆိုးကံကြောင့် ဆိုးပြစ်တွေ ရကြတာ။ ဘယ်လောက်ပဲ တောင့်တတယ်ဆိုပေမယ့်လို့ တောင့်တတဲ့အတိုင်း မဖြစ်ဘူး။ အဲဒီလို မဖြစ်တဲ့အချက်တွေအပေါ်မှာ သူ့ကံနဲ့သူပဲ ဒီလိုဖြစ်ရတာပါပဲ။ ဒါကတော့ မလွဲဘူး ဆိုပြီးတော့ စိတ်သက်သောင့်သက်သာ လျစ်လျူရှုတဲ့သဘော မျှရှုတဲ့သဘောလေးတွေ အဲဒါ**ဥပေက္ခာ**လို့ ခေါ်ပါတယ်။ အဲဒီ ဥပေက္ခာ ဗြဟ္မာစိုရ်တရားတွေလည်း သတ္တဝါတွေအပေါ်မှာ အမြဲတမ်း ပွားနေပါတယ်။

http://www.dhammadownload.com

မေတ္တာမိုးစွေ

အဲဒီ မိုးပြဟ္မာကြီးများလို မိဘများဟာလည်း သားသမီးတွေအပေါ်မှာ အဲဒီဘာဝနာလေးပါး မစွန့်ခွာဘဲနဲ့ အမြဲဖြစ်ပွားပြီးတော့ နေထိုင်ကြပါတယ်တဲ့။ အမျိုးသားနဲ့ အမျိုးသမီး အိမ်ထောင်ကျလို့ သားသမီးရလိုတဲ့သဘော၊ သားသမီးချစ်ခင်တဲ့စိတ်ဓာတ်တွေဆိုတာ သားသမီးမရခင်ထဲကိုက ထိုက်တန်သမျှ ရှိကြပါလိမ့်မယ်။ ပတ်ဝန်းကျင် မိဘများ သားသမီးအပေါ်မှာ ချစ်ခင်ကြတဲ့ဟာလေးတွေ တွေ့.ပြီးတော့ သူတို့လည်း သားသမီးရချင်ရာမယ်။ အဲဒီလို နေရင်းက မိခင်မှာ သားကိုယ်ဝန်လေးရှိလာပြီလို့ ဆိုကြပါစို့။ အဲဒီလို ကိုယ်ဝန်ရှိနေစဉ်မှာ မိဘနှစ်ပါးဟာ အထူးအားဖြင့် မိခင်မှာ ဒီသားကလေး ဘယ်အခါ အင်္ဂါခြေလက် ပြည့်ပြည့်စုံစုံနဲ့ ကျန်းကျန်းမာမာနဲ့ မွေးဖွားလာပါ့မလဲဆိုတာ မေတ္တာစိတ် တကယ် ရှိနေပါတယ်။ မိခင်မှာ ရှိသလို ဖခင်မှာလည်း တကယ် ရှိနေပါတယ်။ အဲဒီလို အင်္ဂါခြေလက် စုံစုံညီညီနဲ့ ကျန်းကျန်းမာမာနဲ့ မွေးဖွားလာတဲ့ သားသမီးကို တွေ့.ရပြီဆိုရင် မိခင် ဘယ်လိုဖြစ်သွားမလဲ၊ သိပ်ကို ဝမ်းသာနေမှာပဲ။ မြင်ရတာ အင်မတန် ချမ်းသာနေမှာပဲ။ ဖခင်လည်းပဲ ထိုနည်းလည်းကောင်း နေမှာပါပဲ။

မိဘများဟာ မြဟ္မာကြီးတွေ

ပက်လက်အိပ်တတ်ရုံ နှုန်းယ်တဲ့ကလေးအရွယ်မှာ အရွယ်

http://www.dhammadownload.com

က ငယ်လွန်းတော့ ပိုးကောင် မွှားကောင်တွေ ခြင်တို့ ဘာတို့ ကိုက်ခဲလို့ပဲဖြစ်ဖြစ် အအိပ်အနေ ဆင်းရဲလို့ပဲဖြစ်ဖြစ် ကလေးလေးက ငိုကြွေးလိုက်တဲ့အခါ အဲဒီ အသံကြားရင် မိဘများမှာ သနားကရုဏာစိတ်တွေ ဖြစ်ရတယ်။ အထူးအားဖြင့် မိခင်မှာ သနားကရုဏာစိတ်တွေ ဖြစ်ရတယ်။ တော်တော်လေး ကြီးထွားလာလို့ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြေးနိုင်လွှားနိုင် ကစားနိုင်တဲ့အရွယ် ရောက်လာပြီဆိုရင် သားသမီးကို ကြည့်နေရတဲ့ မိဘများရဲ့ စိတ်မှာ သိပ်ဝမ်းသာတာပဲ။ ငါ့သားလေးဟာ ငါ့သမီးလေးဟာ ကျန်းမာရေးတွေ ကောင်းတယ်။ ပြေးနိုင်တယ်၊ လွှားနိုင်တယ်၊ ကစားနိုင်တယ်၊ အိပ်နိုင်တယ်။ ပြီးတော့ တီတီတာတာနဲ့ ချစ်ဖွယ် စကားတွေလည်း ပြောတတ်တယ်။ ထိုက်တန်သမျှ လူမှုဆက်ဆံရေးမှာလည်း ကောင်းတယ် စသည်ဖြင့် ကလေးရဲ့ ပြည့်စုံမှုလေးတွေ တွေ့.ပြီဆိုရင် အင်မတန် ဝမ်းသာကြတယ်။ အဲဒီအခါမှာ မုဒိတာတရားတွေ ပွားကြတယ်။ နောက် ကျောင်းထားချိန် ကျောင်းထားဖို့ရန် စီမံကိန်းတွေချရတာ၊ ကြီးလာလို့ရှိရင် အတတ်ပညာတွေ တတ်ပြီးတော့ စားဝတ်နေရေး ပြေလည်ကြပါစေဆိုတဲ့ မေတ္တာ၊ အတတ်ပညာ မတတ်ဘူးဆိုလို့ရှိရင် စားဝတ်နေရေး အတွက် သူတို့ခက်မယ်၊ မဆင်းရဲကြပါစေနဲ့ လူ့လောကကြီးနဲ့ လည်း ဆက်ဆံနိုင်ကြပါစေဆိုပြီး အဲဒီလို မဆင်းရဲစေချင်တဲ့ ကရုဏာတရားတွေလည်း တဖွားဖွား ဖြစ်နေကြတယ်။

နောက် မေတ္တာ ကရုဏာထားပြီးတော့ မိဘများ ကြိုးစား

http://www.dhammadownload.com

ပေးလို့ သားသမီးတွေ ပညာတွေလည်းပဲ စုံလာပြီ၊ သူတို့ စီးပွားရေးနဲ့သူ ဖြစ်လာပြီ၊ အိမ်ထောင်တွေ ဘာတွေ ကျလာပြီဆိုတော့ သူ့အတွက်နဲ့ ငါတို့ အေးရပြီ။ ဘာမှ မကြောင့်ကြရတော့ဘူးဆိုပြီးတော့ အဲဒီလို သူ့ခြေထောက်နဲ့သူ ရပ်တည်တဲ့အပိုင်း ရောက်တဲ့အခါမျိုးမှာ မိဘနှစ်ဦးဟာ စိတ်အေးရတာ။ စိတ်ကလေး ဘက်မျှစွာ ထားနိုင်တယ်။ အဲဒါ ဥပေက္ခာ ခေါ်ပါတယ်။ အဲဒီလိုနည်းအားဖြင့် သားသမီးများရဲ့ အရွယ်အလိုက် သားသမီးများအပေါ်မှာ ဗြဟ္မဝိဟာရတရားလေးပါး ဖြစ်ပွားလျက်နေတဲ့အတွက် မိဘများဟာ ဗြဟ္မာကြီးတွေနဲ့ တူတယ်လို့ မြတ်စွာဘုရား မိန့်ကြားပါတယ်။ **"ဗြဟ္မာတိ မာတာပိတရော"** တဲ့။ ဗြဟ္မာဆိုတာ မိဘများပါပဲလို့ ဗုဒ္ဓကိုယ်တိုင် ဒီလိုမိန့်ကြားခဲ့ပါတယ်။ အခု ပြောပြီးတဲ့စကားအရဆိုရင် ဘုန်းကြီးတို့ပရိသတ် ဗြဟ္မာကြီးတွေ တွေ့ရပြီနော်။ ဘာကြောင့် ဗြဟ္မာလို့ ခေါ်တယ်ဆိုတာလည်း နားလည်ကြပြီနော်။ အခု ဗြဟ္မာတွေကို ပြလိုက်တာဟာ ဘုန်းကြီးက တန်ခိုးနဲ့ ပြလိုက်တာလား၊ လူ့လောကမှာရှိနေတဲ့ သဘာဝအတိုင်း ပြလိုက်တာလား၊ ဒါကြောင့်မို့လို့ ခုန ဘုန်းကြီးဝန်ခံခဲ့ပါတယ်။ ဘုန်းကြီးတကယ့် ဗြဟ္မာတွေပြဖို့ တန်ခိုးမရှိဘူးဆိုတာ အခု ပရိသတ်နားလည်သွားပါပြီ။ ဒီလို ဗြဟ္မာကြီးတွေနဲ့တူတဲ့ မိဘနှစ်ဦးဟာ ကျေးဇူးကြီးသလား၊ ကျေးဇူးရှိသလားဆိုတာ ဘုန်းကြီးတို့ ပရိသတ် နားလည်ပြီးသားပါ။

http://www.dhammadownload.com

မိဘများဟာ ရှေးဦးဆရာ

ပြီးတော့ တစ်ဆင့်ဆက်ပြီးတော့ ဘုန်းကြီးတို့ပရိသတ်ကို မေးရဦးမယ်။ အခု အရွယ်အသီးသီး ရှိကြပါတယ်။ မိမိတို့ ရှေးဦးဆရာဟာ ဘယ်သူလဲဆိုတာ မေးရင် ဘယ်သူလို့ လက်ညှိုးထိုးပြမလဲ?

အများစုအနေနဲ့တော့ ပြောကြပါတယ်။ လောကီပညာလောကရေးမှာပဲဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ် ဒီပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်ကြီးဟာ မိမိတို့ရဲ့ ရှေးဦးဆရာပါပဲဆိုတာ ပြောကြပါတယ်။ ဒါမှန်မမှန် ကြည့်ကြစို့။ မိဘတို့ဟာ သားသမီးတွေ အလွန်ငယ်ရွယ်တဲ့အခါက စပြီးတော့ ဒါ ဘာခေါ်တယ်၊ ဘယ်လိုပြောရတယ်၊ ဒါကတော့ အဖေခေါ်တယ်၊ အမေခေါ်တယ်၊ ဦးလေးခေါ်တယ်။ အဘိုးခေါ်တယ်၊ အဘွားခေါ်တယ် စသည်ဆိုတာ ပြောတတ်ဆိုတတ်အောင် သင်ပေးကြပါတယ်။ ဒါ မိုးကောင်းကင်ခေါ်တယ်။ ကြယ်တွေ လတွေ နေတွေ ကမ္ဘာမြေကြီးတွေ သစ်ပင်တွေ ခေါ်တယ်။ ဒါသားကောင်တွေ ခေါ်တယ်။ ကလေး လက်လှမ်းမီသမျှတွေ ကလေး သိနားလည်ရအောင် ဆိုပြီးတော့ ပထမဆုံး ကမ္ဘာနဲ့ ကမ္ဘာကြီးအကြောင်း နိုင်သမျှ သင်ပြတယ်။ ပြီးတော့ နေတတ် ထိုင်တတ် စားတတ် သောက်တတ်အောင် ကလေးအရွယ် အလိုက် သူ့နေရာနဲ့သူ သူ့အချိန်အခါနဲ့သူ စည်းကမ်းတကျ သင်ပေးပါတယ်။ မိဘများဟာ စည်းကမ်းရှိရင် ရှိသလောက် ကလေးတွေမှာ ဒီသင်ခန်းစာကလေးတွေ ရတော့တာပဲ။ ရတော့

http://www.dhammadownload.com

ကလေးတွေဟာ နေတတ် ထိုင်တတ် သွားတတ် လာတတ် စားတတ် သောက်တတ် အချိုးတကျ နေတတ်တယ်။ အဲဒီလို သင်ပေးနေရင်းက တစ်ခါတစ်ခါမှာ ကလေးက အလိုမကျ ဖြစ်ပြီး တော့ စိတ်ဆိုးရင် တုံ့ပြန်တဲ့အခါ ပါးစပ်က ပြောချင်ရာလည်း ပြောမယ်။ လက်ကလည်း ရောက်ချင်ရာလည်း ရောက်မယ်။ ဒါပေမဲ့လို့ မိဘဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ အထူးအားဖြင့် မိခင်ဟာ ကလေးစိတ်ဆိုးလို့ တုံ့ပြန်တဲ့အချက်ကို အင်မတန် အရသာရှိလို့ ဘာမှ သည်းမခံနိုင်တဲ့သဘော မရှိဘူး။ ခွင့်ပြုပြီး ကျေနပ်နေ တာပဲ။ မိခင်ရဲ့ မေတ္တာ ကရုဏာ ဘယ်လောက် ကြီးမားသလဲ၊ ချိန်ဆကြည့်ပါ။

ပြီးတော့ မစင်ကျင်ကြီးက အစပြုရတာတွေပါ။ တကယ် လို့သာ ကမ္ဘာပေါ်မှာ မိဘနှစ်ဦး မရှိဘူးဆိုလို့ရှိရင် အထူးအားဖြင့် မိခင် မရှိဘူးဆိုလို့ရှိရင် ယဉ်ကျေးတဲ့လူသားတွေနဲ့ သာယာစိုပြည် မှာ မဟုတ်ဘူး။ ပြီးတော့ တာဝန်တွေ နားလည်ပြီးတော့ လူမှုရေးကျင့်ဝတ်တွေ သိပြီးတော့ တိုင်းပြည် တာဝန်တွေ ကမ္ဘာ တာဝန်တွေနဲ့ နေနိုင်ကြမှာ မဟုတ်ပါဘူး။ ဒီတော့ မိခင်တွေက တာဝန်သိသိနဲ့ မွေးထုတ်ပေးလိုက်လို့ ကမ္ဘာလောကကြီးမှာ သတ္တဝါတွေနဲ့ ပြည့်စုံပြီးတော့ သာယာစိုပြည်နေတာ။ ပြီးတော့ သားသမီးတွေကို ဒါက ပြုသင့်တယ်။ ဒါကမသင့်ဘူး။ ဘယ်လူနဲ့ ပေါင်းသင့်တယ်၊ ဘယ်လူနဲ့ မပေါင်းသင့်ဘူး စသည်များကို နားလည်အောင် သင်ကြားပေးပါတယ်။ နောက်မှ တခြား ဆရာ

http://www.dhammadownload.com

များက လောကမှာ တတ်သင့်တတ်ထိုက်တဲ့ တခြားပညာတွေကို သင်ကြားပေးကြတာပါ။ အဲဒီလိုနည်းအားဖြင့် အခြားဆရာများထက် ရှေးကျတဲ့ ဆရာဖြစ်တဲ့ မိဘများဟာ လက်ဦးဆရာဖြစ်တယ်လို့ ဘုန်းကြီးက ပြောတာပါ။ ဒါကြောင့် မြတ်စွာဘုရားက "**ပုဗ္ဗာစရိယာ ဝုစ္စရေ**" လို့ မိဘများဟာ ရှေးဦးဆရာများလို့ ဆိုရပါတယ်လို့ ဒီလိုမိန့်ကြားပါတယ်။ အဲဒီတော့ အဲဒီလို ကျေးဇူးဂုဏ်ရှိရတာဟာ ကျေးဇူးအလွန်များတဲ့ အဖြစ်ကြောင့်ပဲ။ မိဘတို့ဟာ မိမိတို့ရဲ့ သားသမီးများ အသက်ရှည်ရန် နည်းအမျိုးမျိုးနဲ့ ပြုစုစောင့်ရှောက် ကြတယ်။

မကျေသေးဘူး အနှစ် ၁၀၀

အထူးအားဖြင့် မိခင်ဟာဆိုလို့ရှိရင် မိမိရဲ့သွေးမာတ်ကဖြစ်ပေါ်လာတဲ့ နို့ရည် တိုက်ကျွေးပြီးတော့ ကြီးပွားအောင် စောင့်ရှောက်မွေးမြူခဲ့ပါတယ်။ ပြီးတော့ သားသမီးများကို သူတို့ရဲ့ ပတ်ဝန်းကျင်ကအစ လောကကြီးရဲ့ အကြောင်းအရာတွေ သိကြရအောင် မြင်ကြရအောင် ဆိုပြီးတော့ မိဘတွေ မိသမျှ ပြကြတယ်။ ဒီလောက် ကျေးဇူးကြီးမားတဲ့အတွက်ကြောင့်လည်း လောကီနည်းနဲ့ ကျေးဇူးတွေ ဆပ်ကြပေမယ်လို့ ဘယ်နည်းနဲ့မှ ဆပ်လို့မကုန်ကြောင်းကို မြတ်စွာဘုရား ဟောခဲ့ပါတယ်။ မိဘကျေးဇူးကို ကျေလည်အောင်ဆပ်မယ်လို့ ဒီလို ရည်မှော်ချက်နဲ့ လက်ဝဲပခုံးပေါ်မှာ မိခင်ကိုတင်၊ လက်ယာပခုံးပေါ်မှာ ဖခင်ကို

http://www.dhammadownload.com

တင်ပြီးတော့ အမိနဲ့အဖကို အသက် (၁၀၀) ရှည်တဲ့ ပုဂ္ဂိုလ်ဟာ အသက် (၁၀၀) ပတ်လုံး ပြုစုကျွေးမွေးပေမယ့်လို့ ကျေးဇူးတွေ ဆပ်လို့ မကုန်နိုင်ပါဘူးတဲ့။ ဒီလို မြတ်စွာဘုရား မိန့်ကြားပါတယ်။

မိကို လက်ယာ၊ ဖကို လက်ဝဲ

အဲဒီအချက်မှာ မိခင်ကို လက်ယာပခုံးပေါ်မှာတင်၊ ဖခင်ကို လက်ဝဲပခုံးပေါ်မှာတင်ဆိုတဲ့ နေရာမှာ နည်းနည်းထူးဆန်းတယ်။ လက်ယာဟာ တော်တော်အရေးပါတဲ့အပိုင်းပဲ။ အလွန် အရေးပါလွန်းလို့ မိခင်ကို လက်ယာပခုံးပေါ်မှာ တင်ရတာပဲ။ အဲဒီဟာကို ထောက်လို့ရှိရင် မိခင်ဟာ ဖခင်ထက် သာပြီးတော့ ကျေးဇူးရှိတယ်ဆိုတဲ့ သဘောဟာ ထင်ရှားပါတယ်။

ပြီးတော့ နောက်တစ်ချက်လည်း ရှိသေးတယ်။ အာနန္တရိယကံကြီးငါးပါးဆိုတာ ရှိပါတယ်။ သေရင် မုချ မကောင်းကျိုးရနိုင်တဲ့ ကံကြီး။ အမိသတ်တာ၊ အဖသတ်တာ၊ ရဟန္တာသတ်တာ၊ ဘုရားကို သွေးစိမ်းတည်အောင်လုပ်တာ၊ ညီညွတ်နေတဲ့သံဃာတွေ ကွဲပြားအောင် လုပ်တာ၊ အဲဒီကံကြီး ငါးပါးထဲက မိဘနှစ်ဦးသတ်တဲ့ ပုဂ္ဂိုလ်ဟာ မိဘနှစ်ဦးက အကျင့်သီလချင်း တူမျှနေရင်ဘယ်ကံက အကျိုးပေးသတုံး ဆိုတော့ မိခင်သတ်တဲ့ကံက အရင် အကျိုးပေးပါတယ်လို့ အဲဒီလိုတောင် ဆိုမိန့်ချက် ရှိပါတယ်။ အခု အသက်တစ်ရာပတ်လုံး ခုနပြောတဲ့နည်းအရ ကျေးဇူးဆပ်

http://www.dhammadownload.com

ပေမယ့်လို့ ကျေးဇူးတွေ မကျေနိုင်ကြောင်း ပြပြီးတဲ့အပေါ်မှာ ဓမ္မကြောင်းအနေအားဖြင့် မိဘနှစ်ဦးကို ပြုစုဖို့ ဆက်ပြီး ပြောပါဦးမယ်။

အချိန်တော့ကျသွားပါပြီ။ ဒါပေမဲ့လို့ မိဘကျေးဇူးပြုပုံကို တစ်ထိုင်တည်း ဟောလိုတာကြောင့် အဲဒါပြီးတဲ့အထိ ဟောပါဦးမယ်။

ကျေးဇူး ကျေဖို့

သဒ္ဓါအစရှိတဲ့ သူတော်ကောင်းတရားများ မရှိသေးတဲ့ မိဘများကို သဒ္ဓါရှိသွားအောင်၊ အမှန်တရားတွေအပေါ်မှာ ယုံကြည်မှုတွေ ရသွားအောင်၊ ကိုယ်ကျင့်သီလတွေ ပြည့်စုံအောင်။ ပြီးတော့ ဓမ္မရေးနဲ့ ပတ်သက်ပြီးတော့ အသိအလိမ္မာဉာဏ်ပညာတွေလည်း ရရှိသွားအောင် ပြုပြင်ပေးခြင်းအားဖြင့် သာ မိဘကျေးဇူး ကျေရာရောက်ကြောင်းကို မြတ်စွာဘုရားက အဂုံတွာရနိကာယ်မှာ အတိအလင်း မိန့်ကြားခဲ့ပါတယ်။ ထိုမျှလောက် ကျေးဇူးကြီး ဂုဏ်ကြီးတဲ့အတွက် မိဘများကို အရိုအသေပေးရမယ်။ ရိုခိုးရမယ်၊ ထမင်းအဖျော် အဝတ်အစား အိပ်ရာနေရာပေးခြင်း၊ အိုမင်းမစွမ်း ဖြစ်ရင်လည်း ရေချိုးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း အစရှိတဲ့ ဝတ္တရားများနဲ့ ကောင်းစွာ ပြုစုရပါတယ်။ အဲဒီလို ပြုလုပ်ခြင်းအားဖြင့် ဝတ္တရားကျေပွန်ခြင်းအားဖြင့် ရနိုင်တဲ့အကျိုးတွေကတော့ ယခုဘဝမှာလည်း ပညာရှိ သူတော်

http://www.dhammadownload.com

ကောင်းများ အချီးမွမ်းခံရတယ်။ နောင်ဘဝတွေမှာလည်း နတ်ပြည်မှာ ပျော်မွေ့ရတယ်လို့လည်း မြတ်စွာဘုရားက မိန့်ကြားပါတယ်။

ဆိုလိုတာကတော့ မိဘတွေပြုစုရတဲ့အတွက် ဆုံးရှုံးနစ်နာမသွားပါဘူး။ အကျိုးကျေးဇူးတွေ ရှိပါတယ်လို့ ပြောလိုရင်းပါပဲ။ တာဝန်သိတဲ့ မိဘများနဲ့ ပတ်သက်ပြီးတော့ လူသားပီသတဲ့ ပုဂ္ဂိုလ်တွေမှာ သားသမီးတွေမှာ နောင်တ မဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။ ဘာဖြစ်လို့ ဒီဟာပြောရသလဲ ဆိုတော့ မိဘများကို ပစ်ထားတဲ့ သားသမီးအချို့လည်း ရှိတတ်ပါတယ်။ ပစ်ထားရုံသာမဟုတ်ဘဲနဲ့ ဒီထက်တိုးပြီး ကျေးဇူးကန်းနေတဲ့ သားသမီးတွေလည်း ရှိနေလို့ ဘုန်းကြီးက ပြောရတာပါ။ တချို့ သားသမီးတွေဆိုရင် မိဘဆိုတာ ဘာကျေးဇူးတင်ဖို့ လိုသတုံး။ သူတို့အချင်းချင်း မနေနိုင်လို့ ယူရင်းကနေပြီးတော့ မွေးဖွားလာတာပဲ။ ဘာကျေးဇူးတင်ရမှာလဲ ဆိုပြီး အဲဒီလို အခြေအနေတောင် အချို့ ကမ္ဘာအရပ်ရပ်က မိသားစုတွေမှာ ရှိကြပါတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကတော့ နောင်တစ်ချိန်မှာ ပူပန်မှု နောင်တတွေ ရတတ်တယ်။ ဒါပေမဲ့လို့ နောင်တရတဲ့အချိန်မှာ မိဘများက လူ့ပြည်မှာ မရှိတော့လို့ နောင်တသာ အဖတ်တင်ပြီးတော့ တစ်သက်လုံး စိတ်မချမ်းမသာ ဖြစ်နေရတတ်တယ်။ ပိုပြီးတော့ ထင်ရှားအောင်လို့ ဗုဒ္ဓလက်ထက်က သာဓကလေးတစ်ခု ထုတ်ပြီးပြောပါရစေ။

http://www.dhammadownload.com

အဇာတသတ်မင်းသားဝတ္ထု

အဇာတသတ်မင်းဟာ ဒေဝဒတ်နဲ့ပူးပေါင်းမိလို့ ခမည်းတော် သူတော်ကောင်း ကျောင်းဒကာ ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်းအကျဉ်းချထားပါတယ်။ သူဟာ စိတ်ရိုင်းတွေ ဝင်ပြီးတော့ ဖခင်ခြေဖဝါးကို ဓားနဲ့ မွန်းတဲ့အထိ ရက်စက်တဲ့အနေရောက်ခဲ့ပါတယ်။ နောင်အခါမှာ မိမိသားတော်လေး မွေးဖွားတာကို ကြားရတဲ့အခါ ရိုးတွင်းခြင်ဆီအထိ စိမ့်ပြီးတော့ မိမိသားလေးအပေါ်မှာ အလွန်ပီတိတွေဖြစ်ပြီး မေတ္တာဓာတ် ပေါ်လာတယ်လို့ ဆိုပါတယ်။ အဲဒီအခါမှာ စာနာစိတ်လေး သူ့မှာ နည်းနည်းဝင်သွားပြီး သြော်... ငါ့ခမည်းတော်လည်း ငါ့ကို ဒီလို ချစ်မှာပဲဆိုတာ သတိရသွားပါတယ်။ အဲဒီလို သတိရတဲ့အခါမှာ မယ်တော်မိဖုရားကြီးကို မေးတော့ မယ်တော်မိဖုရားကြီးက ဘယ့်နယ်ပြောပါလိမ့် သားရယ်၊ သားတော် ငယ်ငယ်က ဖခင်က သားအပေါ် ဘယ်လို ချစ်ခဲ့တယ်ဆိုတာ ရှင်းလင်းပြပါတယ်။ တစ်ချိန်မှာ သားတော်ရဲ့ လက်ညှိုး အင်မတန် ကိုက်ခဲတဲ့ရောဂါတစ်မျိုးဝင်လို့ သားတော်ရဲ့ ခမည်းတော်ဟာ အဲဒီလက်ညှိုးကို ပါးစပ်ထဲထည့်ပြီး ငုံထားရှာပါတယ်။ ပါးစပ်ထဲမှာ ပြည်ကပေါက်သွားတော့ ထွေးပစ်လို့ရှိရင် သားတော်လေး အိပ်ရာကနိုးသွားမှာစိုးလို့ ဆင်းဆင်းရဲရဲ ဖြစ်မှာစိုးလို့ ပြည်တွေတောင် မထွေးထုတ်ဘဲ ဝမ်းထဲ မျိုချလိုက်တယ်။ ဒီလောက် သားကို ချစ်ရှာတယ်ဆိုပြီး မယ်တော်မိဖုရားကြီးက ပြောပြလို့ သူ နားလည်

http://www.dhammadownload.com

ရတယ်။ အဲဒီလောက် သားအပေါ်မှာ ချစ်ရာတာလို့ပြောမှ သူ နောင်တရပြီး ခမည်းတော်ကို လွှတ်စေလို့ အမိန့်ချမှတ်လိုက် တယ်။ ဒါပေမဲ့လို့ အခါက နှောင်းသွားပါပြီ။ ခမည်းတော် နတ်ရွာစံ သွားရာပြီတဲ့။ ဒီအခါကျမှ နောင်တဆိုတာ ဖြစ်ရတယ်။ အဲဒီ နောင်တကြီးဟာ တစ်သက်လုံး သူနဲ့ ထပ်ချပ်မကွာ လိုက်ပါပြီး တော့ အမြဲတမ်း နှိပ်စက်တော့တာပဲ။

အခုခေတ်သားသမီးတွေလည်း ကျေးဇူးရှင်မိဘတွေကို ကိုယ်က တတ်နိုင်တဲ့အခါမှာ ပြုစုရမယ့်အစား မေ့လျော့ပြီးတော့ ကျေးဇူးကန်းပြီးတော့ အမှတ်တမဲ့နေရလို့ မိဘတွေ အခြေဆိုး အနေဆိုး ဖြစ်ပြီး ဆင်းဆင်းရဲရဲနဲ့ ကွယ်လွန်ရာပြီဆိုလို့ရှိရင် သြော် ငါ့မိဘများ ငါတို့ တတ်နိုင်လျက်နဲ့ မပြုစုလိုက်ရလေခြင်းဆိုပြီး တော့ နောင်တမဖြစ်ဖို့အတွက် သိပ်အရေးကြီးပါတယ်။ ဂုဏ်ကို သိသူမှာ ဂုဏ်လာတာပဲ၊ ကျေးဇူးရောက်လာတာပဲ။ ဘုရားရှင် ကတော့ မိဘများရဲ့ ဂုဏ်ကျေးဇူးကို အထူးမြှောက်စားပြီး ဟောခဲ့ ပါတယ်။ မိဘတွေ လုပ်ကျွေးရလို့ ဘေးရန်ကင်းရပုံတွေ အကျိုး ခံစားရပုံတွေ ဟောကြားခဲ့တာ ဇာတ်တော်များမှာလည်း အတော် များများ တွေ့ရပါတယ်။ အဲဒါတွေ ထုတ်ဖော်ပြောမယ်ဆိုရင် အများကြီး ရှိပါတယ်။ ပြီးတော့ အခြားပညာရှင်ကြီးများကလည်း မိဘရဲ့ဂုဏ်ကျေးဇူးတွေကို အထူးမြှောက်စားပြီးတော့ ရေးကြတာ တွေ အများကြီး ရှိပါတယ်။ အခုခေတ်ကတော့ အမှန်အပေါ်မှာ ယုံကြည်သူလည်း နည်းပါး၊ အမှန်ကို ပယ်ချင်တဲ့ပုဂ္ဂိုလ်က

http://www.dhammadownload.com

အတော်များများ ဖြစ်နေတော့ မိဘဂုဏ်ကျေးဇူးကိုတောင်မှ နားလည်ဖို့ တယ်မလွယ်လှပါဘူး။

ရုပ်ဝတ္ထုကို အားပေးနေတဲ့ ခေတ်ကာလကြီးထဲမှာ နာမ်ဓာတ်ရဲ့ သတ္တိအရှိန်အဝါအာနုဘော်ကို အသိအမှတ် မပြုလိုကြပါဘူး။ ဒီလိုနဲ့ပဲ မိဘဆရာများသာမက တကယ့် ကိုးကွယ်သင့်တဲ့ အမှန်တွေကိုတောင်မှ တကယ့်စေတနာကိုတောင်မှ စေတနာမျှသာ ဘာမှအကျိုးမရှိတဲ့အနေမျိုး ဘာသိဘာသာ အဲဒီလိုနဲ့ပဲ အချိန်ကုန်သွားတာတွေ များပါတယ်။ အဲဒီအတိုင်းဆိုရင် တစ်ဖက်စွန်းသို့ လွန်ကျူးပြီးတော့ သွားတော့တာပဲ။ အဲဒီပုဂ္ဂိုလ်များရဲ့ သဘာဝအတိုင်း ဖြစ်သွားတော့တာပါပဲ။ ဆိုလိုတဲ့ သဘောကတော့ မိဘများအပေါ်မှာ ပြုရမဲ့စေတနာလောက်သာ ရှိပြီးတော့ လက်တွေ့မပါဘဲနဲ့ ဒီအတိုင်း ဖြစ်သွားလို့ရှိရင် အဲဒီ ပုဂ္ဂိုလ်တွေဟာ တစ်ဖက်စွန်း ရောက်သွားပြီလို့ ဆိုလိုပါတယ်။ အထူးအားဖြင့် မိဘများ ဘာကျေးဇူးတင်စရာ ရှိသလဲလို့ မိဘရဲ့ကျေးဇူးကန်းတဲ့အနေ ရောက်သွားလို့ရှိရင်တော့ ဟိုဘက်တစ်စွန်းကို အများကြီး ရောက်သွားတာပေါ့။ ဘယ်ကိစ္စမျိုးမဆို ၂-ဖက် မျှမျှတတ ဖြစ်အောင် အလယ်အလတ်က နေပြီးတော့ ချိန်ဆတတ်ဖို့ အရေးကြီးပါတယ်။

သဒ္ဓါပညာ ညီဖို့

အဲဒီလိုကြည့်ရာမှာ ယုံကြည်မှုသဒ္ဓါတရားနဲ့ ပညာ မျှပြီး

http://www.dhammadownload.com

ကြည့်တတ်ဖို့ သဒ္ဓါလည်း မလွန်အောင်၊ ပညာလည်း မလွန်အောင် မျှမျှတတ ပဲ့ကိုင်ပေးဖို့ လိုပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ တစ်ဖက်စွန်း မရောက်ရအောင် မျှမျှတတ မဟုတ်ဘဲနဲ့ ဖြစ်သွားရင် ဂုဏ်ကျေးဇူးဟာလည်းပဲ အပြစ်ဖြစ်၊ အပြစ်တွေကလည်း ဂုဏ်ကျေးဇူးဖြစ်ပြီးတော့ လူ့ကျင့်ဝတ်တွေလည်း ပျက်သွားမှာပါ။ မြစ်ထဲက ရေတွေဟာ မြစ်ထဲမှာ စီးဆင်းနေသမျှ ချိုတယ်။ ဒါပေမဲ့ သမုဒ္ဒရာထဲ ရောက်သွားရင်တော့ သောက်မရဘဲ ငန်သွားပါတယ်။ ဒီလိုပဲ ဂုဏ်များဟာလည်း ဂုဏ်ကိုနားလည်တဲ့ ပုဂ္ဂိုလ်များမှာ တကယ်ပဲ ဂုဏ်ဖြစ်ပေါ်လာပါတယ်။ ဂုဏ်ကျေးဇူးနားမလည်တဲ့ပုဂ္ဂိုလ်များကတော့ မြစ်ထဲမှာ စီးဆင်းနေတဲ့ ရေချိုတွေဟာ သမုဒ္ဒရာထဲရောက်ရင် အငန်နဲ့ရောတော့ သောက်မရဖြစ်သလို အဲဒီလိုဖြစ်တတ်တဲ့ သဘောလေးတွေလည်း လောကမှာ အများကြီး ရှိပါတယ်။ ဆိုလိုတာကတော့ သားသမီးလိမ္မာသူတွေမှာဆိုရင် ဂုဏ်ကျေးဇူးသိနားလည်တော့ အဲဒီဂုဏ်ကျေးဇူးရဲ့ အကျိုးကို ရနိုင်တယ်။ သားမိုက် သမီးမိုက်တွေမှာ ဂုဏ်ကျေးဇူးက အပြစ်တွေဖြစ်ပြီး ရေငန်နဲ့ရောလိုက်တဲ့အခါ အပြစ်တွေဖြစ်တော့ သောက်မရ ဖြစ်သလို လိမ္မာသူနဲ့ မိုက်တဲ့သူဟာ အမြင်ချင်းကွာခြားပုံ အကျိုးရပုံတွေကို တင်စားပြီးတော့ ပြောတာပါ။

အခုပြောခဲ့တဲ့ စကားအစဉ်အတိုင်း မိဘတွေဟာ ဇွဟ္မာကြီးနဲ့တူပုံ၊ လက်ဦးဆရာနဲ့တူပုံ၊ ကျေးဇူးကြီးမားပုံ၊ ကျေးဇူးသိပြီးတော့ ကျေးဇူးဆပ်တတ်ရင် အကျိုးရရှိပုံ အဲဒါတွေကို မြတ်စွာ

http://www.dhammadownload.com

ဘုရား ဟောမိန့်တဲ့အတိုင်း အကျဉ်းချုံးပြီးတော့ ပြောပြီးပါပြီ။
ဒီနေ့ ဒီမျှလောက်နဲ့ပဲ အဆုံးသတ်ကြပါစို့။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

ပုတ္တာဒါရဿသင်္ဂဟော

ဒီနေ့ စနေနေ့ဆိုတော့ စနေနေ့ ဟောနေကျတရား ဆက်လက်ပြီးတော့ ဟောဖို့ပါပဲ။ ပြီးခဲ့တဲ့ စနေနေ့က မိဘများဟာ သားသမီးပေါ်မှာ ကျေးဇူးများခဲ့ပုံ ဇာတ်ဇာကြီးနဲ့တူပုံ လက်ဦးဆရာဖြစ်ပုံတွေ ပြောခဲ့ပါတယ်။ ဒီနေ့ သားတွေ သမီးတွေအပေါ်မှာ မိဘများ ဝတ္တရားရှိတဲ့အတိုင်း စောင့်ရှောက်ဖို့နဲ့ ပြီးတော့ အမျိုးသားများ ကိုယ့်ဇနီး အမျိုးသမီးအပေါ်မှာ ဝတ္တရားအရ စောင့်ရှောက်ပုံ၊ ပြီးတော့ ဇနီးဖြစ်သူကလည်းပဲ ကိုယ်ရဲ့ လင်သားအပေါ်မှာ ကောင်းသော တုံ့ပြန်တဲ့နည်းလေးတွေ အတိုချုပ်ပြီး ဟောပါမယ်။

ဗုဒ္ဓဆိုမိန့်ချက်တရားတော်မှာ သားသမီးနဲ့ဇနီးကို ချီးမြှောက်ရမယ်တဲ့။ ဒီလို ချီးမြှောက်ရတာဟာ ကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းပဲလို့ မြတ်စွာဘုရားက မိန့်ကြားထားပါတယ်။ မင်္ဂလာတရားတော်မှာ “**ပုတ္တာဒါရဿ သင်္ဂဟော**” လို့ ဒီလို ရှိပါတယ်။ ဒီနေရာဌာနမှာ **ပုတ္တာ**–အရကတော့ သားကိုသာ ဟောပါတယ်။

http://www.dhammadownload.com

သားကိုသာ ယူရမှာပါပဲ။ ဒါပေမဲ့လို့ သမီးလည်းပဲ ဒီထဲမှာ ပါသွားပါတယ်။ **ဒါရ** ကတော့ ဇနီးမယားကို ယူရပါတယ်။ မင်္ဂလာတရားတော်မှာ သားကိုချီးမြှောက်ရမယ်ဆိုတော့ သမီးလည်း မပါပါလား ဆိုပြီးတော့ သမီးဖြစ်တဲ့ အမျိုးသမီးတွေက မြတ်စွာဘုရားကို အပြစ်တင်ဖို့တော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တချို့တချို့နေရာမှာ သားနဲ့သမီး တွဲပြီးတော့ ဟောတာ ရှိတယ်။ တချို့တချို့ နေရာမှာ သားကို ပြောလိုက်လို့ရှိရင် မကောင်းစကောင်းတဲ့ အနေနဲ့ သမီးပါ တစ်ခါတည်း ပါသွားတယ်။ ဒီမှာ "ပုတ္တာ" အရ သားရော သမီးရော နှစ်မျိုးလုံး ယူရပါတယ်။ သားလည်း ချီးမြှောက်ရမယ်။ သမီးလည်း ချီးမြှောက်ရမယ် ဒီလိုဆိုလိုပါတယ်။

မိဘကျင့်ဝတ်(၅)ပါး

သားသမီးချီးမြှောက်ပုံနဲ့ ဇနီးမယားချီးမြှောက်ပုံ နှစ်ပိုင်းရှိတဲ့အထဲမှာ ရှေးဦးစွာ သားသမီး ချီးမြှောက်ပုံ အတိုချုပ်ပြီးတော့ ရှင်းပြပါမယ်။ သားသမီးကို ချီးမြှောက်တယ်ဆိုတာဟာ မိဘဝတ္တရား မပျက်ကွက်ခြင်းပါပဲ။ သားသမီးတွေအပေါ်မှာ မိဘကောင်းအနေနဲ့ ပြုလုပ်ရမယ့်တာဝန်ဝတ္တရား မပျက်ကွက်ခြင်းပဲ။ ဒါကို ချီးမြှောက်တယ် ခေါ်ပါတယ်။ သားသမီးအပေါ် ချီးမြှောက်ပုံနည်း (၅) နည်း ရှိပါတယ်။ အဲဒီမှာ **ပထမဆုံးနည်းက မကောင်းမှုကို မြစ်တားခြင်း**က တစ်မျိုးပါ။ အသိဉာဏ် မရှိကြသေးတဲ့ သားသမီးတွေ၊ လောဘ ဒေါသ အလိုလိုက်ပြီးတော့ သူများဒုက္ခပေးတဲ့

http://www.dhammadownload.com

အလုပ်မျိုးတွေ၊ သူ့အတွက်လည်း အကျင့်စာရိတ္တစသည့် ပျက်မယ့် အခြေအနေတွေကိုလည်း ကြိုတင်ပြီးတော့ တားမြစ်ရပါတယ်။ ကျွေးလွန်နေလို့ရှိရင်လည်း မြင်ကြားပြီးတော့ မတော်တာတွေက တားမြစ်ရပါတယ်။

ဒုတိယနည်းကတော့ ကောင်းရာကို ညွှန်ကြားခြင်းတဲ့။ ကလေးတွေက အသိဉာဏ်မရှိ ရှာသေးတော့ ကောင်းတဲ့ အပြစ်ကင်းတဲ့ ကိုယ် နှုတ် အမှုအရာလေးတွေ ဖြစ်အောင် လူထဲက လူတွေဆိုတော့ သူ့အတိုင်းအတာနဲ့သူ လူမှုဆက်ဆံရေး ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံတတ်အောင် လူမှုကျင့်ဝတ်တွေ ပြည့်စုံအောင် ကောင်းတာ ညွှန်ကြားရပါတယ်။ **တတိယနည်းက အတတ်ပညာကို သင်ကြားပေးခြင်း**တဲ့။ လောကမှာ တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာ ရှိပါတယ်။ အဲဒီ အတတ်ပညာတွေ သူ့အရွယ်အလိုက် သင်ကြားပေးရပါတယ်။ ဆရာကောင်းတွေထံ အပ်နှံပြီးတော့ သင်ကြားပေးဖို့ မိဘတွေ ဝတ္တရား တတိယပါပဲ။

စတုတ္ထကတော့ သင့်တော်သောအခါမှာ ဥစ္စာပေးကမ်းခြင်းတဲ့။ ဒါက သူတို့ သင့်တော်တဲ့ အရွယ်ရောက်လာလို့ရှိရင် တန်သလောက် တန်သလောက် ဥစ္စာတွေ ပေးရပါတယ်။ **ငါးရွေ့မြောက်က လက်ထပ်ထိမ်းမြားပေးရတဲ့အခါမှာ လက်ထပ်ထိမ်းမြားပေး**ရတယ်။ ဘုန်းကြီးလုပ်ချင်၊ သီလရှင်လုပ်ချင်တဲ့ ပုဂ္ဂိုလ်များကိုတော့ မိဘများက ဒါတော့ သတိထားရမှာပေါ့လေ။ ဒီ (၅) ပါးဟာ မိဘတို့ ကျင့်ရမယ့် ဝတ္တရား (၅) ပါးပါပဲ။

http://www.dhammadownload.com

အရေးကြီးဆုံး(၃)ချက်

အဲဒီ ဝတ္တရား (၅) ပါးထဲမှာ မကောင်းတာကို မြစ်တားခြင်း၊ ကောင်းတာကို ညွှန်ကြားခြင်းနဲ့ ပညာသင်ပေးခြင်းများဟာ သားကောင်း သမီးကောင်းလေးတွေဖြစ်ရေးမှာ အင်မတန် အရေးကြီးလှတယ်ဆိုတာ နားလည်ထားဖို့ လိုပါတယ်။ ဘာဖြစ်လို့ အရေးကြီးသလဲဆိုတော့ ငယ်ငယ်ကစပြီးတော့ မတော်တာတွေ မမြစ်တားမိလို့ရှိရင် မိဘဝတ္တရားလည်းပဲ ချို့ယွင်းပြီးတော့ ကလေးမှာ သူ့အရွယ်အလိုက် အကျိုးမရှိနိုင်ဘူး။ ပြီးတော့ တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာတွေ သင်မပေးဘူးဆိုလို့ရှိရင် သူကြီးလာတဲ့အခါကျတော့ အသက်မွေးဝမ်းကျောင်းပညာကအစ ဘာပညာမှ မရှိဘူး။ ကလေးတွေ နောင်ရေးအများကြီး ခက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၃-ပါးဟာ မိဘတွေအပေါ်မှာ မိဘတွေအတွက် အင်မတန် အရေးကြီးတဲ့ တာဝန် ဝတ္တရားပါ။

မဟာဓန သူဋ္ဌေးသားဝတ္ထု

ဒီအချက်မှာ မဟာဓနသူဋ္ဌေးသားဝတ္ထုကို သတိပြုသင့်ပါတယ်။ သင်ခန်းစာ ယူသင့်ပါတယ်။ အဲဒီ သူဋ္ဌေးသားဇနီးမောင်နှံနှစ်ဦးတို့ရဲ့ မိဘများဟာ သန်းကြွယ်သူဋ္ဌေးကြီးတွေ ဖြစ်ကြပါတယ်။ မီလျံနာကြီးတွေပါပဲ။ အဲဒီ နှစ်ဖက်သော မိဘတို့ဟာ ငါတို့မှာ ပစ္စည်းတွေ အများကြီးရှိသားပဲ။ သားတွေ သမီးတွေ အတတ်ပညာမသင်ဘဲနဲ့ အလုပ်မလုပ်ဘဲနဲ့ ပစ္စည်းတွေ ထိုင်စား

http://www.dhammadownload.com

လို့ ဖြစ်နိုင်သားပဲလို့ သူတို့ အလွဲတွေးကြပါတယ်။ သူတို့ သင်ပေး
တဲ့ပညာက အက အဆို အတီး အမှုတ် အပျော်အပါး အနုပညာ
တွေပဲ သင်ပေးပါတယ်။ သူတို့နှစ်ဦးစလုံးက ဒီပညာပဲတတ်တော့
အက အဆို အတီး အမှုတ် အပျော်အပါးတွေနဲ့ပဲ အချိန်ကုန်ကြ
ပါတယ်။ အခုကာလ တချို့တချို့ မိဘချမ်းသာတွေပဲဆိုပြီးတော့
မိဘအမှီပြုပြီး အပျော်အပါးနဲ့ အချိန်ကုန်ကြတဲ့ သားတွေ သမီး
တွေလည်း ရှိသလောက် ရှိပါတယ်။ အဲဒါမျိုးနဲ့ အတူတူနေမှာ
ပေါ့။ သူတို့ဇနီးမောင်နှံက မိဘနှစ်ဦးကွယ်လွန်သွားတဲ့အခါ ဘာမှ
အတတ်ပညာကလည်း မရှိတော့ အရက်သမားတွေနဲ့ပေါင်းပြီး
ရှိသမျှပစ္စည်းတွေကို သုံးဖြုန်းပြီးတော့ ရရှိတဲ့ အချိန်လေးကို
အကျိုးရှိစွာနဲ့ အသုံးမချဘဲ အကျိုးမဲ့ အသုံးချတာ နောက်ဆုံး
ပစ္စည်းတွေ ကုန်ပြီး သူများအိမ် အမှီပြုပြီးတော့ ခွက်လက်စွဲပြီး
တောင်းစားရတဲ့အနေမျိုး ရောက်သွားရှာတယ်။ သူတို့နှစ်ဦးဟာ
ပထမအရွယ်မှာ လောကီစီးပွားရေး ကြိုးစားလို့ရှိရင် ပထမ
တန်းစား သူဌေးကြီး ဖြစ်နိုင်ပြီးတော့ တရားရှာမယ်ဆိုရင် အမျိုးသား
က ရဟန္တာဖြစ်ပြီးတော့ အမျိုးသမီးက အနာဂါမ် ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်
တွေပါ။ အခြေခံကသိုလ်က် ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ ဒုတိယ
အရွယ်မှာ စီးပွားကြိုးစားလို့ရှိရင် သူဌေးလေးလောက်တော့
ဖြစ်နိုင်ပြီး တရားကြိုးစားလို့ရှိ အမျိုးသားက အနာဂါမ် ဖြစ်ပြီး
အမျိုးသမီးက သကဒါဂါမ် ဖြစ်နိုင်တဲ့ အခြေအနေရှိသူတွေပါ၊
နောက်ဆုံးအရွယ်မှာ စီးပွားရှာရင် သူဌေးလေးလောက်တော့

http://www.dhammadownload.com

ဖြစ်နိုင်ပြီးတော့ တရားရှာရင် အမျိုးသားက သကဒါဂါမ်ဖြစ်ပြီး အမျိုးသမီးက သောတာပန်အထိ ဖြစ်နိုင်တဲ့အခြေအနေ ရှိပါတယ်။

ဒီလောက် အခြေအနေကောင်းတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါလျက်ကယ်နဲ့ လောကဘက်ကလည်း လူဖြစ်ရှုံး၊ ဓမ္မရေးဘက်မှာလည်း လူဖြစ်ရှုံး၊ သာသနာတော်ကြီးနဲ့ တွေ့.ကြုံရကျိုး မနပ်ဘဲနဲ့ ဖြစ်ရတာဟာ အင်မတန် နစ်နာလှပါတယ်။ ဒီလိုဖြစ်ရတာဟာ မိဘနှစ်ဦးက သားသမီးတွေအပေါ်မှာ ပြုရမယ့် ဝတ္ထရားတွေ ကျေပွန်ပြီးတော့ ဆုံးမပေးမယ်, ပညာလည်း သင်ကြားပေးမယ်ဆိုရင် အဲဒီ သူဌေးသား၀နီးမောင်နဲ့နှစ်ဦးဟာ ဒီလိုအခြေအနေမျိုး နစ်နာဆုံးရှုံးမှု ဘယ်တော့မှ မဖြစ်တန်ရာပါဘူး။ မိဘနှစ်ဦးတို့ဟာ အချစ်မတတ်တဲ့အတွက် အခုသားသမီးတွေ လောကရေးရာ၊ ဓမ္မရေးရာ ဆုံးရှုံးနစ်နာသွားတာ ကြည့်ပါ။ လူမမယ်အရွယ်မှာတော့ တန်သလောက် ချီးမြှောက်မှုရှိပေမယ့်လို့ အရွယ်ရောက်လာတဲ့အခါ သူ့အရွယ်အလိုက် တန်သလောက် ချီးမြှောက်မှု မရှိပြန်ဘူးဆိုရင် မင်းတို့ ကိုယ့်ခြေထောက်နဲ့ ကိုယ်ရပ်တည်ကြတော့ မင်းတို့သွားကြတော့။ မင်းတို့ကို မကျွေးနိုင်တော့ဘူးလို့ ဒီလိုမိဘမေတ္တာတွေ မဲ့ပြီးတော့ မိဘနဲ့ ကင်းကွာသွားတဲ့ သားသမီးတွေလည်း အခြေဆိုး အနေဆိုး ရောက်ရတာ ကမ္ဘာပေါ်မှာ အများကြီး ရှိပါတယ်။ အဲဒါတွေလည်းပဲ သိပ်သတိထားစရာ ကောင်းပါတယ်။

http://www.dhammadownload.com

အနာထပိဏ်သူဌေးကြီး ချီးမြှောက်

သင့်တော်သောအခါမှာ ဥစ္စာပေးရမယ်လို့ မိဘများမှာ ဝတ္တရား ရှိပါတယ်။ တချို့ သင့်တော်တဲ့အခါ ဥစ္စာ မပေးတဲ့အပြင် အရွယ်မရောက်သေးတဲ့ ကလေးတွေ၊ အရွယ်ရောက်တဲ့ ကလေးတွေ သားသမီးတွေ အာမခံကြေးနဲ့ ပတ်သက်ပြီးတော့ မိဘတွေက သူတို့ချည်း သုံးချင်တာနဲ့ပဲ တစ်မျိုးမျိုးနဲ့ သားသမီးတွေကို ရက်ရက်စက်စက် လုပ်တဲ့အမူတွေလည်း လောကမှာ ပေါပေါက်တာတွေ အများကြီးပါပဲ။ ဒီနေရာဌာနမှာ ဘုရားလက်ထက်တော်ကာလက အနာထပိဏ်သူဌေးကြီး သူ့သားသမီးတွေ လောကကြီးမှာ လူနေဝင်ဆန့်အောင်လို့ ဆုံးမပေးသလို ထို့အတူ သာသနာရေးနဲ့ ပတ်သက်ပြီးတော့လည်းပဲ လူရည်မွန်လေးတွေ ဖြစ်ရေးအတွက် ဆောင်ရွက်ပုံလေးတွေ တယ် အတုယူစရာကောင်းတယ်။ အသက်ရှင်ဆဲကာလမှာ သားသမီးတွေရဲ့ ချမ်းသာရေးလောက်သာ မမျှော်ဘဲနဲ့ နောက် သံသရာရေးပါ မျှော်ပြီးတော့ သားကောင်း သမီးကောင်းလေးတွေ ဖြစ်အောင် ပြုပြင်တဲ့နည်းလေးတွေ တယ်ပြီးတော့ အတုယူစရာ ကောင်းပါတယ်။ အနာထပိဏ်သူဌေးကြီးမှာ သမီး (၃) ယောက်နဲ့ သား (၁) ယောက် ရှိပါတယ်။ သမီး (၃) ယောက်လုံးကို ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ရင်းနှီးစေပြီးတော့ သမီးကြီး (၂) ယောက်ကို သောတာပန်အထိ ရောက်စေပြီးတော့ သမီးငယ်ကိုတော့ သကဒါဂါမ်အထိ ရောက်စေပါတယ်။ ဒါပေမဲ့လို့ သားလေးကျတော့ ရတနာသုံးပါးနဲ့

http://www.dhammadownload.com

အမျိုးမျိုး ရင်းနှီးအောင် ကြိုးစားပေမယ့် သားလေးက ပေကပ်ကပ်၊ မိုက်ကန်းကန်းဆိုတော့ ပြုပြင်လို့ မရနိုင်ဘဲ ဖြစ်နေပါတယ်။

ဒီလိုနေရာမှာတော့ အမျိုးသမီးနဲ့ အမျိုးသား ဆိုလို့ရှိရင် အမျိုးသမီးက သာသွားတယ် တော်တယ်လို့ဆိုရမှာပဲ။ သားလေးက ပြောစကားနားမထောင်တော့ အဖေက စိတ်ပျက် စိတ်ဓာတ်ကျပြီးတော့ လျှော့သွားသလား။ မိဘဝတ္တရားကုန်ပြီဆိုပြီး ဒီအတိုင်းပဲ ပစ်ထားသလားဆိုတော့ မပစ်ပါဘူး။ ဆက်ကြိုးစားသေးတယ်။ သူ့ရဲ့ ကြိုးစားပုံလေးက... တစ်နေ့မှာ သူငွေးကြီးက အကြံဖြစ်တယ်။ သားရေ... ကျောင်းသွားပြီးတော့ ဥပုသ်စောင့်တရားနာပါ၊ ငွေတစ်ရာပေးမယ်။ ငွေနဲ့ ဖြားယောင်းသွေးဆောင်ပါတယ်။ ငွေနဲ့ ဆောင်ရွက်လို့ရှိရင် ဘယ်ပုဂ္ဂိုလ်မဆို ရနိုင်တာချည်းပဲဆိုတဲ့ ယုံကြည်ချက်နဲ့ ငွေနဲ့ ဖြားယောင်း သွေးဆောင်ပါတယ်။ ဒီတော့ ငွေတစ်ရာလိုချင်နေတဲ့သားဟာ ကျောင်းသွား ဥပုသ်စောင့်ပြီးတော့ တရားမနာဘဲ တစ်နေရာရာမှာ အိပ်ပြီးတော့ အိမ်ပြန်ရောက်လာပါတယ်။ အိမ်ပြန်ရောက်တော့ သူငွေးကြီးက သားကို သူပြောတဲ့အတိုင်း ဆောင်ရွက်ဖော်ရတယ်ဆိုပြီး စားဖွယ်သောက်ဖွယ်တွေ ပေးပါတယ်။ စားဖွယ်သောက်ဖွယ်တွေ မစားသေးဘဲ ငွေသာ အရင်ပေးပါ တောင်းဆိုလို့ ငွေ အရင် ပေးရတယ်။ ငွေထုတ်ပိုက်ပြီးတော့ စားဖွယ်သောက်ဖွယ်တွေ စားသောက်ရတာ။

နောက်တစ်နေ့မှာ သူငွေးကြီးက တစ်ဆင့်ကြဲသေးတယ်။

http://www.dhammadownload.com

မင်း– ဘုရားထံက တရားတစ်ပုဒ်ကို မှတ်မိအောင်နာခဲ့။ တရား တစ်ပုဒ် မှတ်မိအောင် နာနိုင်လို့ရှိရင် ငွေတစ်ထောင်ပေးမယ်လို့ ဆိုပြီး လွှတ်လိုက်ပြန်တယ်။ ဒီတော့ သားဖြစ်သူက ဘုရားထံ တရားနာ၊ တစ်ပုဒ်ရလို့ရှိရင် အမြန်ပြန်ပြေးပြီးတော့ ငွေတစ်ထောင် ယူမယ်ဆိုတဲ့ အကြံမျိုးနဲ့ တရားနာတာ။ အဲဒီလို တရားနာရင်း နာရင်းကပဲ တရားသဘောတွေ ပေါက်သွားတယ်။ မြတ်စွာဘုရား ဟောကြားတဲ့ တရား ကြားနာရတော့ သဒ္ဓါတရားတွေ နိုးကြားပြီး ကိုယ်ထဲက ဖြစ်ပျက်တဲ့ ရုပ်နာမ်တရားတွေ ဖြစ်ဆဲလိုက်ပြီး ရှုတာ စိတ်တွေ ငြိမ်သက်ပြီး ရုပ်နာမ် ပိုင်းခြားမှုကအစ အဆင့်ဆင့် ဉာဏ်လေးတွေ တက်ပြီးတော့ နောက်ဆုံး ဖြစ်ပျက်မစပ် အငြိမ်း ဓာတ်ကို သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြု သိသွားတယ်။ သောတာပန် ဖြစ်သွားတယ်။

သတိပဋ္ဌာန်တရားဟာ အကောင်းဆုံး

သောတာပန် ဖြစ်သွားတယ်ဆိုတော့ သူ့မှာ အသိဉာဏ်လေး က တော်တော်လေး လုံလောက်သွားပြီ၊ အသိဉာဏ် လုံလောက် သွားတော့ စိတ်မှာ အားတွေပြည့်သွားတယ်။ အာဟာရဖြည့်တင်း တဲ့ အစားအစာ စားရလို့ရှိရင် အားနည်းချည့်နဲ့နေတဲ့ပုဂ္ဂိုလ်ဟာ အားတွေ ပြည့်တင်းပြီးတော့ နေရာဌာနတိုင်း လှုပ်လှုပ်ရှားရှား သန်သန်မာမာနဲ့ လုပ်နိုင်သလို သတိ ပညာအားတွေ ဝိပဿနာ ပညာ မဂ်ပညာ ဖိုလ်ပညာ ဆင်ခြင်တုံ မြော်မြင်တုံပညာ အား

http://www.dhammadownload.com

တွေက ပြည့်သွားတော့ ပညာအဆီအနှစ် ဩဇာတက်က ဝင်သွားတော့ စိတ်အားတွေပြည့်သွားတာ။ တစ်ခါတည်း ချက်ချင်း လိမ္မာသွားတာပဲ။ ချက်ချင်း ပြောင်းလဲပစ်လိုက်သလို လိမ္မာသွားတာပဲ။ ဒီတော့ ငွေတစ်ထောင် မမက်တော့ဘူး။ တရားပဲ သူ မက်တော့တယ်။ အဲဒီလိုကို ဖြစ်သွားတာ။ ကလေးတွေ အကျင့်စာရိတ္တပြင်တဲ့နေရာမှာ ဒီသတိပဋ္ဌာန်တရားဟာ အင်မတန် ကောင်းတယ်။

အလိမ္မာနဲ့အသိဉာဏ်(၂)ပိုင်း

တာဝန်သိတဲ့ မိကောင်းဖကောင်းများဟာ တာဝန်ရှိရှိနဲ့ ဒီသားသမီးတို့ကို ပစ္စည်းဥစ္စာ ပေးတာထက် အသိအလိမ္မာနဲ့ ပညာပေးတာ ပိုပြီးတော့ လိုလားကြတယ်။ အလိမ္မာနဲ့ အသိဉာဏ် ဆိုတာက–၁။ **လောကရေးနဲ့ ပတ်သက်တဲ့ အလိမ္မာနဲ့ အသိဉာဏ်**၊ ၂။ **ကိုယ် နှုတ် စိတ်ထား သုံးပါးလုံး ယဉ်ကျေးသိမ်မွေ့စေနိုင်တဲ့ ဓမ္မရေးရာနဲ့ပတ်သက်တဲ့ အလိမ္မာနဲ့ အသိဉာဏ်** (၂) ပိုင်း ရှိပါတယ်။ လောကရေးနဲ့ ပတ်သက်တာကတော့ သားသမီးတွေ လူမှုအဆင့်အတန်းမီဖို့ ပေးလို့ရပါတယ်။ ဒါကတော့ တစ်ခဏလေးပါပဲ။ တစ်ဘဝစာပါပဲ။ နောင်သံသရာနဲ့ မျှော်ပြီးတော့ ယခုအသက်ရှင်ဆဲကာလမှာလည်း သားလိမ္မာ သမီးလိမ္မာလေးတွေဖြစ်ပြီး သာသနာရေးနဲ့ပတ်သက်တဲ့ ပညာလည်းပဲ တတ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါကို အလေးထားရတာပါ။ အဲဒီလို အလေးထားပြီးတော့ အလိမ္မာနဲ့ အသိဉာဏ်ပေးရာမှာ မိဘတွေကိုယ်တိုင်

http://www.dhammadownload.com

က လိမ္မာရေးခြားလည်း မရှိဘူး။ ပြီးတော့ ဓမ္မရေးနဲ့ ပတ်သက်ပြီး အသိပညာကလည်း မရှိဘူးဆိုရင် ကြက်မကြီးက ကြက်ဥတွေ ဥထားပြီးတော့ သူ့ကိုယ်က ထွက်တဲ့ ကိုယ်ပိုင်အင်္ဂေ. မပေးနိုင်လို့ ရှိရင် ကိုယ်ပိုင်သားမရဘူး။ ဒီကြက်ဥတွေဟာ အလကား အဆံ ချောင်သွားတာပဲ။ လုံလုံလောက်လောက်လည်း အင်္ဂေ.မပေး နိုင်ဘူး။

ပြီးတော့ ကြက်တွေ ပေါက်လာတဲ့အခါမှာလည်း သင့်တော် သလို အလေ့အထ မပေးနိုင်ဘူး ဆိုလို့ရှိရင် ဒီကြက်လေးတွေဟာ ပိန်ပိန်ညောင်ညောင်ဖြစ်ပြီးတော့ ဘေးရန်အန္တရာယ်တောထဲမှာ နေရပြီး ဘေးဒုက္ခရောက်ဖို့ သေချာတယ်။ ဒီတော့ မိဘတွေ ကိုယ်တိုင်က ဘာသာရေးအင်္ဂေ., လိမ္မာရေးခြားအင်္ဂေ., လိမ္မာရေးခြား အလေ့, သားသမီးတွေကို များများပေးနိုင်ဖို့အတွက် ရှေးဦးစွာ မိဘနှစ်ဦးမှာ တာဝန်ရှိပါတယ်။ ပစ္စည်းအရေးထက် အလိမ္မာနဲ့ ပညာပေးရတာဟာ မိကောင်း ဖကောင်းတို့ရဲ့ တာဝန်ပဲဆိုတဲ့ အချက်မှာ ပစ္စည်းအလေးထား ပေးလို့ရှိရင် ဘာဖြစ်တတ်သတုံး ဆိုတော့ ပစ္စည်းဆိုတဲ့ဟာမျိုးက ပျက်စီးတတ်တယ်။ မပျက်စီး ဘဲနဲ့ ထာဝရတည်တဲ့ ကောင်းကျိုးကိုလည်း အရှည်ပေးတတ်တဲ့ အခုပြောခဲ့တဲ့ ချီးမြှောက်မှုမျိုးသာ မှန်ကန်တဲ့ ချီးမြှောက်ခြင်းပဲ ဆိုတာ နားလည်ထားဖို့ အရေးကြီးပါတယ်။ အဲဒီလိုနည်းမျိုးနဲ့ တာဝန်ရှိတဲ့ မိဘများဟာ သားသမီးတွေအပေါ် ချီးမြှောက်ကြည့်စမ်းပါ။ အဲဒီလို ချီးမြှောက်လို့ရှိရင် သားသမီးတွေဟာ မိဘရဲ့

http://www.dhammadownload.com

ကျေးဇူးကို သိနားလည်ပြီးတော့ မိဘတွေအပေါ် ကောင်းကောင်းကြီး ချစ်လာမယ်။ ကောင်းကောင်းကြီး ချစ်လာလို့ရှိရင် အဲဒီအပြုအစုခံဖြစ်တဲ့ သားသမီးတွေဟာ မိကောင်း ဖကောင်းတို့ရဲ့တကယ့်မိတ်ဆွေစစ် ဖြစ်တော့တာပဲ။ ဒီနည်းနဲ့ပဲ သားသမီးများနဲ့ မိဘတို့ဟာ မေတ္တာဓာတ်နဲ့ စေးကပ်နေလို့ရှိရင် ဘယ်နည်းနဲ့မှ မိသားစု မပြိုကွဲနိုင်တော့ဘူး။ စည်းစည်းလုံးလုံး ဖြစ်နေဖို့ သေချာတယ်။ တချို့မိဘများက သားသမီးတွေကို အလိုလိုက်ပြီးတော့ မဆုံးမဘဲနဲ့ ဒီအတိုင်းပစ်ထားမယ်ဆိုလို့ရှိရင် သားတွေ သမီးတွေဟာ အလိမ္မာလည်း မရဘူး။ ပညာပါ မပေးဘူးဆိုရင် ပညာလည်း မရဘူးဆိုလို့ရှိရင်တော့ မိဘများမှာ သားသမီးများဆီကတုံ့ပြန်ချက် မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားသမီးတွေအပေါ်မှာ ချစ်ရာ မရောက်တော့ဘူး။ ဘဝတွေ ဆိုးဝါးသွားအောင် ဆိုပြီးတော့ နှစ်ရာရောက်သွားတယ်။ အဲဒီလို မိဘမျိုးဟာ သားသမီးများရဲ့ မိတ်ဆွေကောင်း မဖြစ်ဘူး။ ရန်သူပဲ ဖြစ်မှာပဲ။

ဒီတော့ မိဘများဟာ သားတွေ သမီးတွေကို တိုက်ရိုက်နည်းနဲ့ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်နည်းနဲ့ပဲ ဖြစ်ဖြစ်၊ သင့်တော်တဲ့ဥပါယ်တံမျဉ် နည်းတစ်မျိုးမျိုးနဲ့ပဲဖြစ်ဖြစ် ဆုံးမပေးခြင်းအားဖြင့် သားကောင်း သမီးကောင်းလေးတွေ ဖြစ်အောင်လုပ်ဖို့ မိဘတွေမှာ လုံးဝ တာဝန်ရှိနေတယ်ဆိုတာ သိဖို့ အရေးကြီးပါတယ်။ ပြီးတော့ သားသမီးတွေဟာ မိဘများရဲ့အပြုအမူ အပြောအဆို အနေအထိုင်ကြည့်ပြီး သူတို့က နေတတ်ပါတယ်။ မိဘနှစ်ဦးက

http://www.dhammadownload.com

အစစအရာရာ ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းနဲ့ နေထိုင်တတ်ပြီ ဆိုလို့ရှိရင် သားသမီးတွေမှာ အတုယူ ကူးစက်သွားပြီးတော့ မိဘနှစ်ဦးဟာ သားသမီးတွေရဲ့စံနမူနာ ဖြစ်နိုင်ပါတယ်။ မိဘတွေက နေရာမကျဘူးဆိုလို့ရှိရင် အဲဒါတွေ အတုယူပြီးတော့ သားသမီးတွေ မကောင်းတဲ့အတုတွေ ရတတ်တယ် ဆိုတဲ့အချက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ခုန အနာထပိဏ်သူဌေးကြီး မိမိ သားသမီးတွေအပေါ်မှာ လောကကြီးပွားရေး လောက်သာ မဟုတ်ဘဲနဲ့ သံသရာတစ်လျှောက် ချမ်းသာရေး အရှည်မျှော်ပြီးတော့ ပြုပြင်ပေးပုံလေးတွေဟာ သိပ်စံနမူနာယူစရာကောင်းပါတယ်။ ငယ်ငယ်ရွယ်ရွယ်က ပြုပြင်လိုက်လို့ရှိရင် ကလေးတွေဟာ ကောင်းတဲ့အကျင့်တွေ ရပြီးနောက် လူကောင်းသူကောင်းလေးတွေဖြစ်ပြီးတော့ သူတို့ကိုယ်သူတို့ ထိန်းချုပ်နိုင်စွမ်းရှိသွားမှာပဲ။ ငယ်ငယ်က အချိန်မီ ပြုပြင်မပေးဘူးဆိုလို့ရှိရင် ကြီးမှ ပြုပြင်ရတာ မလွယ်ဘူး။ ဘုန်းကြီးတို့ မြေအိုးများ လုပ်တဲ့အခါ အိုးမှာ တံဆိပ်တွေ ခပ်နှိပ်တာ၊ ပန်းလေးတွေ ခပ်နှိပ်တာ ရှိပါတယ်။ ဒီလိုပဲ ကလေးတွေလည်း အရွယ်နုတုန်းအချိန်ကစပြီးတော့ ပြုပြင်ပေးလို့ ဆုံးမသွန်သင်ချက် အမှတ်အသားလေးတွေဟာ တစ်သက်လုံး စွဲပြီးတော့ မြဲသွားနိုင်ဖွယ်ရာ ရှိတယ်။

အခုပြောတဲ့အတိုင်း ဆိုဆုံးမချက်ကို အလေးထားတဲ့ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား ဆုံးမတဲ့အတိုင်း လိုက်နာနိုင်လို့ရှိရင် လောကရေးမှာလည်း စိတ်ချမ်းသာပါတယ်။ မိမိရော သားသမီး

http://www.dhammadownload.com

တွေပါ ကိုယ်ကျင့်သီလတွေလည်း ထူးထူးခြားခြားကြီး ကောင်းလာနိုင်ပါတယ်။ ပြီးတော့ တကယ့် တိုးတက်ကြီးပွားမှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ အနာထပိဏ်သူဌေးတို့လို သားသမီးတွေကို တကယ် ပြုပြင်လို့ရှိရင် သားသမီးတွေလည်း တကယ့် အေးချမ်းမှုတွေ ရရှိပြီးတော့ အဲဒီအေးချမ်းမှု ရရှိအောင် ပြုပြင်ပေးတဲ့ မိဘများဟာ သားသမီးများရဲ့ ခိုလှုံရာ တကယ့်အေးရိပ်သာကြီးလည်း ဖြစ်သွားနိုင်ပါတယ်။ အခုပြောခဲ့တဲ့အချက်တွေကို သဘောပေါက်နားလည်ပြီးတော့ လက်တွေ့ကျင့်သုံးခြင်းအားဖြင့် မိမိတို့ကိုယ်တိုင်လည်း သားသမီးတွေကို တကယ့် အလိမ္မာနဲ့ ပညာအမွေအနှစ်ပေးနိုင်အောင် ဆောင်ရွက်နိုင်ပြီး သားသမီးတွေကိုလည်း တကယ့်သားကောင်း သမီးကောင်းလေးတွေ ဖြစ်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဒီနေ့တရားပွဲ သိမ်းလိုက်ရပါတယ်။ "ဒါရသဂ်ီဟာ" ဆိုတာကိုတော့ ဆက်ပြီးတော့ အချိန်မလုံလောက်တော့ပါဘူး။ နောက်တစ်ရက်ရက် ဆက်ရတော့မှာပဲ။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

သုဘာသိတဝါစာ

အဋ္ဌကထာဖွင့်ဆိုချက်နဲ့ လက်တွေ့ပေါင်းစပ်ပြီး ဖြေရှင်းပြဖို့ရာ မနေ့က ကတိပြုခဲ့ပါတယ်။ ဒါပေမဲ့လို့ အကြောင်းအားလျော်စွာ ဒီနေ့ အခြားတရားလေး ထည့်သွင်းပြီးတော့ ပြောလိုပါတယ်။ အဲဒါကတော့ "သုဘာသိတ" ဆိုတာပါပဲ။ **သုဘာသိတ= ကောင်းသောစကား**ဆိုတာ ဘာလဲဆိုတဲ့ ခေါင်းစဉ်နဲ့ မြတ်စွာဘုရား ဟောမိန့်ချက်ကို မူတည်ပြီးတော့ ရှင်းလင်းပြပါ့မယ်။ ကောင်းသောစကားဆိုတာ ဝစီဒုစရိုက် အပြစ်မဖြစ်ဘဲနဲ့ အပြစ်ကင်းတဲ့စကားကို "သုဘာသိတဝါစာ" လို့ ခေါ်ပါတယ်။ သုဘာသိတ ခေါ်တဲ့ စကားစုမှာ သုဘာသိတဝါစာအရ အင်္ဂါလေးပါး လို့ ဆိုရိုးရှိခဲ့ပါတယ်၊ အင်္ဂါလေးပါး အစိတ်အပိုင်းလေးပါးနဲ့ ပြည့်စုံလို့ရှိရင် သုဘာသိတဝါစာ ဖြစ်ပါတယ်။ မြတ်စွာဘုရားကိုယ်တိုင်လည်း သံယုတ္တနိကာယ်ငါးခုမြောက် သုဘာသိတသုတ်ဆိုတာ သီးခြား ဟောထားပါတယ်။ ဟောထားပုံကတော့-

http://www.dhammadownload.com

"စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ။" ဘိက္ခုတို့! အင်္ဂါ (၄) ရပ်နဲ့ ပြည့်စုံတဲ့စကားဟာ အဲဒီ အင်္ဂါလေးရပ်နဲ့ ပြည့်စုံခြင်းကြောင့် ကောင်းသောစကား ဖြစ်တယ်တဲ့။ ကောင်းသောစကားဆိုတော့ သူနဲ့ ဆန့်ကျင်ဘက် အပြစ်တွေနဲ့ယှဉ်ကြည့်မှ ကောင်းသောစကား၏ သရုပ်ပေါ်မှာပါ။ ကောင်းသောစကားဆိုတာ ဘယ်လိုဟာတုံး၊ **နော ဒုဗ္ဘာသိတာ**–မကောင်းပြောတာ မဟုတ်ဘူးတဲ့၊ ပြီးတော့ **အနဝဇ္ဇာ စ**–အပြစ်လည်းကင်းတယ်တဲ့။ **အနနုဝဇ္ဇာစ ဝိညူနံ**–ပညာရှိ သူတော်ကောင်းတွေ မစွပ်စွဲဘူးတဲ့။ အပြစ်လည်း မတင်ဘူးတဲ့။ သုဘာသိတာဆိုတာ အဲဒီလိုစကားမျိုးပါပဲ။

စကားအရာ အင်္ဂါ(၄)ပါး

"ကတမ ဘိက္ခဝေ ဘိက္ခု သုဘာသိတံယေဝ ဘာသတိ၊ နော ဒုဗ္ဘာသိတံ" တဲ့။ အင်္ဂါလေးချက်ထဲက ပထမအချက်ကတော့ ဘိက္ခုတို့! ဤသာသနာတော်က ဘိက္ခုအမည်ခံပုဂ္ဂိုလ်ဟာ ရဟန်းပဲဖြစ်ဖြစ် ယောဂီပဲဖြစ်ဖြစ်, ဒီသာသနာတော်မှာ မြတ်စွာဘုရားဆိုဆုံးမတဲ့အတိုင်း ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်ပေါ့။ ၁။ **သုဘာသိတံ ယေဝ ဘာသတိ နော ဒုဗ္ဘာသိတံ**–ကောင်းတဲ့စကားကိုသာ ပြောတယ်၊ မကောင်းတဲ့ စကား မပြောတဲ့။ ၂။ **ဓမ္မမေဝ ဘာသတိ၊ နော အဓမ္မံ**–တရားသောစကားကိုသာ ပြောတယ်၊ မတရားသောစကားကို မပြောတဲ့။ ၃။ **ပိယံယေဝ ဘာသတိ၊ နော အပ္ပိယံ**–

http://www.dhammadownload.com

ချစ်ဖွယ် သာယာနာပျော်ဖွယ် စကားကိုသာ ပြောတယ်၊ မုန်းစရာ စကားကို မပြောပါဘူးတဲ့။ ၄။ **သစ္စံယေဝ ဘာသတိ၊ နော အလိကံ**–မှန်တဲ့စကားကိုသာ ပြောတယ်၊ ချို့ယွင်းတဲ့စကား မပြောပါဘူးတဲ့။ ဘိက္ခုတို့! ယခုပြောခဲ့တဲ့ အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ စကားဟာ သုဘာသိတ ဖြစ်ပြီ။ သုဘာသိတဆိုရင် ဒုဗ္ဘာသိတ မဟုတ်။ အနဝဇ္ဇ–အပြစ်ကင်းပြီ။ ပညာရှိသူတော်ကောင်းတွေရဲ့ အကဲ့ရဲ့က လွတ်ပြီတဲ့။ သုဘာသိတဝါစာ–ကောင်းသော စကားက အင်္ဂါတစ်ရပ်၊ ဓမ္မ–တရားသောစကားက ဒုတိယအင်္ဂါတစ်ရပ်၊ ပိယ–ချစ်ဖွယ်စကားက တတိယအင်္ဂါ၊ သစ္စာ–အမှန်စကားက စတုတ္ထအင်္ဂါတစ်ရပ် လေးပါးပါပဲ။

အင်္ဂါလေးပါး အဓိပ္ပါယ်

အဲဒီလေးမျိုးထဲက သူအချင်းချင်း မတဲ့အောင်လို့ ရန်တိုက်ပေးတဲ့ **ပိသုဏဝါစာ**ဆိုတာ အားလုံးပရိသတ် နားလည်ကြပါတယ်။ ဘုန်းကြီးလည်း ဟောခဲ့ပါတယ်။ အဲဒီလို ပိသုဏဝါစာမျိုး မပြောဆိုဘဲနဲ့ ကွဲပြားနေတဲ့သူအချင်းချင်း စိတ်ဝမ်းကွဲနေတဲ့ ပုဂ္ဂိုလ်များကို ညီညွတ်အောင်၊ ညီညွတ်သူများလည်း ပိုမိုပြီးတော့ ညီညွတ်သွားအောင် ပြောဆို စေ့စပ်ပေးတဲ့ စကားကို ကျမ်းဂန်များက "သုဘာသိတ"လို့ ဆိုပါတယ်။ မြတ်စွာဘုရားဟာ အဲဒီလို စကားမျိုး အမြဲတမ်း ပြောလေ့ရှိပါတယ်။ မြတ်စွာဘုရားရဲ့ စကားကို တကယ် လိုက်နာနေတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ဒီအတိုင်း

http://www.dhammadownload.com

ပါပဲ။ ပိသုဏဝါစာက ရှောင်ရှားပြီးတော့ ကောင်းတဲ့စကားတွေ ဆိုပါတယ်။

ပြီးတော့ ဒုတိယအင်္ဂါရပ်မှာ **"သမ္မပ္ပလာပ"** အနက် အဓိပ္ပါယ် ကင်းမဲ့တဲ့စကား၊ စကားအဖျင်းကို မဆိုဘဲနဲ့ အဖြစ် အပျက် အကြောင်းအရာ မှန်ပြီးတော့ သဘာဝမှန်ကို ပြောဆိုခြင်း ဟာ ဓမ္မ–တရားသောစကား ဖြစ်ပါတယ်တဲ့။ တတိယအင်္ဂါရပ် မှာ **"ဖရုသဝါစာ"** ဆဲရေးတဲ့စကား၊ မောင်းမဲတဲ့ စကား၊ ကျိန်ဆဲတဲ့ စကား၊ ကြမ်းတမ်းတဲ့စကားကို မဆိုဘဲနဲ့၊ သာယာပြေပြစ်ပြီး နှစ်လိုဖွယ်ပြောဆိုတဲ့ စကားမျိုးကို ပိယ–ချစ်ဖွယ်စကားလို့ ဆိုပါ တယ်။ နောက်ဆုံး အင်္ဂါရပ်မှာ **မုသာဝါဒ** လိမ်ပြောတဲ့စကားကို မဆိုပါနဲ့။ ပြောစရာရှိရင် အမှန်အတိုင်း ပြောတဲ့စကားဟာ သစ္စာ စကားပါပဲ။ ကျမ်းဂန် အရှိအတိုင်း ကျင့်သုံးရင် ကျင့်သုံး သလောက် ကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေမှာ အကျိုးကျေးဇူး အင်မတန် ရှိနိုင်တဲ့ အင်္ဂါရပ်လေးပါးနဲ့ ပြည့်စုံတဲ့စကား ပြောဆိုတတ်ဖို့ သိပ်အရေးကြီးပါတယ်။

ပရိသတ် အသိပါပဲ

ဘုန်းကြီးတို့ မြန်မာပြည်မှ မလာခင်ကတည်းကိုက လွန်ခဲ့တဲ့ (၂) နှစ်ကျော်ကျော်ကတည်းက ဒီ IMS တရားလာပြရန် ဒီက အယ်လင် (Alan) နဲ့ ဆက်သွယ်ပြီးတော့ အစီအစဉ်တွေ လုပ်ပါ တယ်။ အမှန်ကတော့ ဘုန်းကြီးများအနေနဲ့က အမျိုးမျိုးငြင်းဆန်

http://www.dhammadownload.com

ပါတယ်။ ဒါပေမဲ့လို့ အကြောင်းအားလျော်စွာ နောက်ပိုင်းမှာ မငြင်းဆန်ထိုက်တာနဲ့မို့လို့ ကတိပြုပြီးတော့ မမှဂုဏ်ရည်ပြတဲ့ အနေနဲ့ လာရောက်တယ်။ သတိပဋ္ဌာန်ဒေသနာနဲ့အကိုက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ဩဝါဒအရ ယောဂီများ တရားဆန္ဒ ပြည့်ဝအောင်ဆိုပြီးတော့ အကူအညီပေးနေပါတယ်။ ဒီတော့ ဓမ္မဂုဏ်ရည်ပြအနေနဲ့ ဒီလာရောက်ပြီးတော့ တရားပြရာမှာ ဒီက ယောဂီတွေကို တရားဟောခြင်း၊ တရားပြခြင်း၊ ဆွေးနွေးခြင်း စသည်တွေ ပြုလုပ်ပေးတာဟာ ခုနက အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ သုဘာသိတ ဖြစ် မဖြစ်ဆိုတာ ပရိသတ်အသိပါပဲ။ ဒါဓမ္မရေးနဲ့ ပတ်သက်ပြီးတော့ပါ။ ဒီစကားအရဆိုလို့ရှိရင် ဓမ္မရေး သာမက လောကရေးမှာလည်းပဲ အများအကျိုးရှိအောင် နည်းညွှန်နိုင်တဲ့ အပြောအဆိုကောင်း ပုဂ္ဂိုလ်များရဲ့ ဟောပြောချက်ကို လည်းပဲ သုဘာသိတထဲမှာ ထည့်သွင်းနိုင်ပါတယ်။ ဒီပြင် ပြောစရာတွေလည်းပဲ အများကြီးတော့ ရှိပါတယ်။

တရားဟော တရားပြတာ သုဘာသိတ

အခုလို ဓမ္မဂုဏ်ရည်ပြတဲ့အနေနဲ့ ဒီက ယောဂီများကို တရားဟောပြော ကမ္မဋ္ဌာန်းတရားတွေ ပြနေတာ သုဘာသိတဆိုတော့ ဒုဗ္ဘာသိတ မဟုတ်ဘူး။ အနဝဇ္ဇ အပြစ်ကင်းတယ်။ အပြစ်ကင်းတယ်ဆိုရင် သုဘာသိတ အလိုလို ဖြစ်တော့တာပဲ။ ဘာလို့လဲဆိုတော့ မိမိရော သူတစ်ပါးပါ အသက်ရှင်ဆဲကာလမှာပဲ အကျိုး

http://www.dhammadownload.com

ကျေးဇူးပြုနိုင်တယ်။ ဖြစ်စေနိုင်တယ်။ ပြီးတော့ ကိုယ် နှုတ် စိတ်ထားတွေ ယဉ်ကျေးပြီးတော့ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရသွားရင် အပါယ်လေးပါးကအစ လွတ်မြောက်သွားစေနိုင်တယ်။ ဒါကြောင့် ဒီစကားဟာ အပြစ်ကင်းတာမို့လို့ သုဘာသိတ ဖြစ်တယ် ဆိုတာ မြတ်စွာဘုရားရဲ့ မိန့်မှာချက်အရ အင်မတန် ရှင်းပါတယ်။ ဒီတော့ အပြစ်ကင်းတယ်ဆိုလို့ရှိရင် မျှမျှတတ စိစစ်တတ်တဲ့ ပညာရှိ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ခံရတဲ့ စကားမျိုးလား။ ချီးမွမ်းခံရတဲ့ စကားမျိုးလားဆိုတာ စိစစ်ဖို့ပါပဲ။ တကယ်စိတ်ကောင်း နှလုံးကောင်းနဲ့ အားထုတ်နေကြတဲ့ ယောဂီတွေ ရှိပါတယ်။ ဒီဌာနနဲ့ ပတ်သက်တဲ့ ကူညီအားပေးနေတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒါတွေဟာ တကယ် ကုသိုလ်လိုချင်လို့ စိတ်ကောင်း နှလုံးကောင်းနဲ့ လာရောက်ပြီးတော့ စိတ်ဓာတ်ဖွံ့ဖြိုး အသိမှန်တွေ တိုးရေးကိစ္စမှာ ကူညီအားပေးနေကြတာ။ အဲဒီတော့ စိစစ်လိုက်လို့ ရှိရင် "သုဘာသိတ" လည်း ဖြစ်တယ်ဆိုတာ အင်မတန် ရှင်းပါတယ်။

ဘုန်းကြီး ကျေနပ်ပြီ

ဓမ္မ–တရားသော စကားဆိုတာလည်း အင်မတန် ရှင်းပါတယ်။ ပိယ–ချစ်ဖွယ်စကား ပြောတာကတော့ ကြမ်းပေမယ့်လို့ စေတနာက မကြမ်းဘူးဆိုလို့ရှိရင် ချစ်ဖွယ်စကားလို့ ဆိုပါတယ်။ တချို့ တချို့သူများ နားဝင်အောင် စကားတန်ဆာဆင်ပြီးတော့ ပြောပေမယ့်လို့ စေတနာက မဟန်ဘူးဆိုလို့ရှိရင် ဒီစကားဟာ

http://www.dhammadownload.com

“သုဘာသိတ” ထဲ မပါပါဘူး။ စကား ပြေပြေပြစ်ပြစ် မပြော တတ်ပေမယ့် အနက်အဓိပ္ပါယ် ရှိတယ်, အကျိုးရှိတယ်ဆိုရင်တော့ သုဘာသိတထဲ ပါပါတယ်။ ဓမ္မထဲ ပါပါတယ်။ ပြီးတော့ သစ္စာထဲ လည်း အလိုလို ပါသွားတာပဲ။ အဲဒီ အင်္ဂါလေးရပ်နဲ့ ပြည့်စုံပြီ ဆိုရင် ဘုန်းကြီးကတော့ အများကြိုက်ကြိုက် မကြိုက်ကြိုက် ဟောတဲ့အလေ့ ရှိခဲ့ပါတယ်။ အကြိုက်သက်သက်ကို ကြည့်ပြီး တော့ မဟောလိုပါဘူး။ မဟောတတ်ပါဘူး။ မဟောခဲ့ပါဘူး။ သင့်တော်ပြီးတော့ အကျိုးရှိတဲ့ဟာကိုပဲ ရွေးချယ်ပြီးတော့ ဟောခဲ့ ပါတယ်။ အခုလည်းပဲ ဒီအတိုင်းပါပဲ။ သင့်တော် အကျိုးရှိဆိုတာ ပဲ ရွေးချယ်ပြီး ဟောနေတာပါပဲ။ သင့်တော်အကျိုးရှိ အပြစ်ကင်း တဲ့ စကားကို ပြောလို့ရှိရင် ညွှန်ကြားလို့ရှိရင် တကယ့် လူကောင်း သူကောင်း ပညာရှိတွေရဲ့ အကဲ့ရဲ့လွတ်တယ်၊ အဲဒီလောက် အမြတ်ရလို့ရှိရင် ဘုန်းကြီး ကျေနပ်ပြီ။ ဒါလိုရင်းပါပဲ။

အများကြိုက်ကို မလုပ်ဘူး

ဒီမှာ အထူးယောဂီအဖြစ်နဲ့ တချို့ ကြိုးကြိုးစားစား အားထုတ်တဲ့ ယောဂီတွေရဲ့ အမှန်သိရေး, သူတို့ အကျိုးရှိရေး အတွက်ကိုပဲ ရှေ့ရှုရပါတယ်။ အဲဒီတော့ သူတို့အမှန်လမ်းကြောင်း လျှောက်တက်ပြီးတော့ အကျိုးကျေးဇူးရှိဖို့ အဓိကထားပြီးတော့ ဆောင်ရွက်နေရတယ် ဆိုတာကလည်းပဲ နားလည်ဖို့ပါပဲ။ အဲဒီလို ကိုင်တွယ်ရာမှာ တစ်ခါတစ်ခါလည်း အကျိုးလေးတွေ ပြုပြီး

http://www.dhammadownload.com

ညင်ညင်သာသာနဲ့ ကိုင်တွယ်ရတာမျိုးလဲ ရှိပါတယ်။ တစ်ခါတစ်ခါလည်း ယောဂီရဲ့ ချို့ယွင်းချက်ကလေးတွေ ဖော်ပြပြီး ခပ်တင်းတင်းမာမာလေး ကိုင်တွယ်ရတာမျိုးလည်း ရှိပါတယ်။ တချို့ယောဂီတွေဆိုလို့ရှိရင် ငုပ်နေတော့ ပေါ်သွားအောင် လုပ်ရတယ်။ ဥပမာအားဖြင့် ရောဂါပျောက်အောင်လို့ ဆေးပေးရာမှာ ဆေးက မထိတော့ ရောဂါကြွဆေးတွေ တိုက်ပြီးတော့မှ ဆေးသစ်တိုက်ရတဲ့နည်းမျိုး လုပ်ရတာလည်း ရှိပါတယ်။ တချို့ တချို့ ယောဂီများကို ချော့ပြီး ခြောက်ပြီးတော့ ဟောတဲ့နည်းရော, နည်းနည်း ခပ်နှိမ်နှိမ် ခင်တင်းတင်း ဟောတဲ့နည်းရော နည်းနှစ်မျိုးလုံးသုံးပြီး ဟောရတာမျိုးလည်း ရှိပါတယ်။ တစ်ခါတစ်ခါ ယောဂီက မကြိုက်ပေမယ်လို့ ယောဂီနဲ့ဆန့်ကျင်ပြီးတော့ ဘုန်းကြီးက အကျိုးရှိအောင် သင့်တော်သလို လုပ်ရတာတွေလည်း အများကြီး ရှိပါတယ်။ တရားပြ တဲ့အခါမှာရော တရားဟောတဲ့အခါမှာရော ဒီအတိုင်းပါပဲ။ ဒါပေမယ့်လို့ ဘုန်းကြီးမှာတော့ ယောဂီတွေအပေါ်မှာ မေတ္တာ, ကရုဏာ အပြည့်ရှိတယ်ဆိုတာ ယုံစေချင်တယ်။ ဒီစကားအရဆိုရင် ဘုန်းကြီးဟာ အများကြိုက်ကို မလုပ်ဘူး။ အကျိုးရှိ သင့်တော်တာ လုပ်တယ်ဆိုတာ ပရိသတ် နားလည်သွားပါပြီ။ အများကြိုက် ဆိုတာက တော့ ဘုရားတောင်မှ အများကြိုက် မရပါဘူး။

အကဲ့ရဲ့သန်တဲ့ အတုလ

ဒီဟာနဲ့ပတ်သက်ပြီးတော့ ဝတ္ထုကြောင်းလေး နည်းနည်း

http://www.dhammadownload.com

ထုတ်ချင်တာ။ တစ်ချိန်မှာ အတုလဆိုတဲ့ ဒကာတစ်ဦးက မြတ်စွာဘုရားထံမှောက် ရောက်သွားပါတယ်။ ဘာကိစ္စရောက်သလဲလို့ မြတ်စွာဘုရားက မေးတဲ့အခါ တရားနာဖို့ လာတဲ့အကြောင်းလျှောက်တယ်။ ဒီတစ်ခါ မြတ်စွာဘုရားက "တရားကော နာခဲ့ရသလား" လို့ မေးတော်မူပါတယ်။ ဒီတော့ အတုလ ဒကာက မှန်ပါ, တပည့်တော် အရှင်ရေဝတဆီ သွားတာ၊ အရှင်ရေဝတက စကားမပြောဘူးတဲ့။ တရားမဟောဘူးတဲ့၊ ဒါနဲ့ စိတ်ဆိုးပြီး အရှင်သာရိပုတ္တရာဆီ သွားပါတယ်တဲ့။ အရှင်သာရိပုတ္တရာဆီရောက်တော့ အရှင်သာရိပုတ္တရာက ဉာဏ်ကြီးတော့ အင်မတန်လေးနက်တဲ့ အဘိဓမ္မာတရားတွေ ဟောလိုက်တာ အကြာကြီးပဲ။ ဒါနဲ့ စိတ်ဆိုးပြီးတော့ ထလာခဲ့ပြန်ရော၊ တစ်ခါ အရှင်အာနန္ဒာဆီ သွားပြန်ရော။ အရှင်ရေဝတက မဟောလို့ စိတ်ဆိုးတယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကတော့ တရားအရှည်ကြီး ဟောလို့ စိတ်ဆိုးတယ် ဆိုတော့ အရှင်အာနန္ဒာက အတိုင်းအတာနဲ့ ဟောလိုက်တယ်။ အတိုင်းအတာနဲ့ ဟောပြန်တော့လည်း ဒီဒကာက စိတ်ဆိုးပြန်ရောတဲ့။ တရားကို ဒီလောက် ကတ်ကတ်သတ်သတ် ခြစ်ခြစ်ချုပ်ချုပ် အတိုင်းအတာနဲ့ ဟောရမလားဆိုပြီး တော့ အလိုမကျဖြစ်ပြီး ထပြန်ရောတဲ့။ တရားကပ်စေးနဲတယ်လို့ ဆိုတာ တကယ်တော့လည်း မဟုတ်ပါဘူး။ သူ့စိတ်ထဲမှာ ထင်သွားတာ၊ နောက်ဆုံး ဘုရားဆီ ရောက်တဲ့အခါကျတော့ ဘုရားကိုအဲဒီအကြောင်းတွေ လျှောက်ပြတော့ ဟာ... ငါဘုရားကိုလည်း ဒီလိုပဲ အပြစ်တင်ကြတာပဲတဲ့။ ဒီလိုမကြိုက်လို့ရှိရင် အပြစ်တင်

http://www.dhammadownload.com

တယ်ဆိုတာ **ကမ္ဘာ့ဓမ္မတာကြီး**ပဲတဲ့။ သူတို့ကြိုက်တာ မကြိုက်တာ လိုရင်းမဟုတ်ဘူး။ အကျိုးရှိပြီးတော့ သင့်တော်တာသာ အခြေအနေကြည့်ပြီးတော့ ဟောရတာပဲတဲ့။ ဒီ ကဲ့ရဲ့ ချီးမွမ်းဆိုတာ မကင်းစကောင်းတဲ့အရာလို့ မြတ်စွာဘုရားက ပြန်ဟောပါတယ်။ ဒီပြင်ဟောတဲ့ အချက်ကလေးတွေလည်း ရှိပါတယ်။

လျှာပေါ်က ဓား

အဲဒါနဲ့ စပ်ပြီးတော့ ဘုန်းကြီးက ကျမ်းဂန်ဆိုမိနဲ့ချက်ကလေးတစ်ခု သတိရပါတယ်။ အဲဒီ အကြောင်းအရာကတော့ တခြားမဟုတ်ပါဘူး။ ဒီမွေးဖွားလာတဲ့ပုဂ္ဂိုလ်မှာ ပြောစရာရှိရင် ပြောရတော့မှာပဲ။ အဲဒီလို ပြောရတဲ့အခါမှာ လျှာမှာ ဓားတပ်ထားလို့ရှိရင် ကိုယ့်မှာလည်းပဲ ကုသိုလ်မဖြစ်, ကုသိုလ်တွေကိုလည်းပဲ ဖြတ်တောက်ပစ်ရာရောက်ပြီးတော့ သူများလည်း မသက်သာဘူးတဲ့။ အဲဒီလို လျှာမှာ ဓားတပ်ထားတဲ့ အဖြစ်မျိုးကိုတော့ ရှောင်ရမယ်တဲ့။ အဲဒီလို လျှာကြမ်းလို့ လျှာမှာ ဓားတပ်ထားသလို ဖြစ်လို့ အသက်ရှင်ဆဲကာလမှာလည်း နှုတ်ကြောင့် ဒုက္ခရောက်တာတွေ အများကြီး ရှိပါတယ်။ ပြီးတော့ ဘဝတစ်လျှောက်မှာလည်း ဆင်းရဲဒုက္ခတွေ အများကြီး ရောက်တာပဲ။ ဒါကြောင့် "ဒုဇ္ဇာသိတ" စကားမျိုးပြောတဲ့ပုဂ္ဂိုလ်ဟာ လျှာမှာ ဓားတပ်ထားတာမျိုးဖြစ်တော့ အဲဒီဓားက သူ့ကို ခုတ်တော့တာပဲ။ သံသရာတစ်လျှောက်လုံး ဆင်းရဲဒုက္ခတွေ ရောက်တယ်လို့ ပြောတာပါပဲ။

http://www.dhammadownload.com

တစ်တီတူးနဲ့ ဥဩ

ဒီဟာနဲ့ပတ်သက်ပြီးတော့ ဝတ္ထုကြောင်းလေးတစ်ခု အမြဲသတိရပြီးတော့ အမြဲလည်း နှလုံးသွင်းပါတယ်။ ဘုရားအလောင်းဘုရင်ဟာ မိမိရဲ့မယ်တော်က အင်မတန်လည်း ဒေါသကြီးတယ်။ ကြမ်းလည်း ကြမ်းတမ်းတယ်။ သူများကို ငေါက်ငမ်းဆဲရေး လုပ်တယ်တဲ့၊ ဘုရားလောင်းက နည်းအမျိုးမျိုးနဲ့ ဆုံးမတယ်ပေါ့၊ မရဘူး။ နောက်ဆုံး သူ ဥယျာဉ်ထွက်တဲ့အခါ ခရီးအကြားမှာ တစ်တီတူးခေါ်တဲ့ငှက်က မြည်တွန်တော့ အဲဒီငှက်ရဲ့အသံက အင်မတန် နားကြားပြင်းကပ်တယ်။ နားထဲ ဆိုးဝါးတယ်တဲ့။ လမ်းလျှောက်သွားတဲ့ပုဂ္ဂိုလ်တွေမှာ နားပိတ်ထားရလောက်အောင် တယ်ဆိုးတဲ့ ငှက်ပဲ၊ အကောင်လေးက လှသားပဲ၊ အသံကတော့ အင်မတန် ဆိုးပါတယ်။ နောက် ဥယျာဉ်ထဲရောက်လို့ ပန်းပင်တွေ သစ်ပင်တွေ ဟိုဟိုဒီဒီ လိုက်ကြည့်တဲ့အခါ ဥဩငှက်မြည်သံကြားရတော့ အမယ်လေး... ဥဩလေး အသံချိုလိုက်တာ။ ဒီအသံကြားရတာ စိတ်ချမ်းသာလိုက်တာဆိုပြီး ဥဩငှက်ကလေးကို အများက ဝိုင်းပြီး ချီးကျူးကြတယ်တဲ့။ အင်း ... အချက်ကတော့ ရပြီ။ မိခင်တော့ ဆုံးမရဦးမှာပဲ ဆိုပြီးတော့ အလောင်းတော်ဘုရင်က မှတ်သားပြီး တော့ မယ်တော်ကို ပြောတယ်။

“မယ်တော်, မယ်တော့် အမြင်ပဲ၊ လမ်းမှာ တစ်တီတူးငှက်အသံက ဆိုးဝါးလွန်းတော့ လူတွေ နားပိတ်ထားတာ မယ်တော်ကြားရဲ့လား။ ငှက်ကလေးက လှပေမယ်လို့ အသံက ဆိုးလွန်း

http://www.dhammadownload.com

တော့ အများက မချီးမွမ်းကြဘူး။ ဥသြဌက်ဟာ မည်းနက် အသွင်ဆိုးပေမယ့်လို့ သူ့အသံလေးက သာယာချိုအေးတယ်။ ဒီအချက်ကလေးကိုယူပြီးတော့ အများနဲ့ ဆက်ဆံပြောဆိုတဲ့အခါမှာ ဒေါသမကြီး မကြမ်းမတမ်းဘဲနဲ့ ချိုချိုသာသာနဲ့ ဆက်ဆံဖို့ကောင်းတယ်လို့ ဆုံးမလိုက်တဲ့အခါမှာ မယ်တော်လည်းပဲ ရှောင်ကြဉ်ပြီးတော့ ကောင်းသွားတယ်လို့ ဆိုပါတယ်။ အဲဒီ ဝတ္ထုအကြောင်းလေးဘုန်းကြီးက သဘောပေါက် နားလည်ထားတော့ အမြဲတမ်း စကားပြောတဲ့အခါမှာပဲဖြစ်ဖြစ်၊ တရားပြတဲ့အခါမှာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံး ထိန်းချုပ်ပြီးတော့ လက်တွေ့အသုံးချလေ့ရှိပါတယ်။

အချိန်ကျသွားပြီ။ ဒီနေ့ "သုဘာသိတဝါစာ" ဆိုတာ အဂ်ါလေးရပ်နဲ့ပြည့်စုံတဲ့ စကားပဲ ဆိုတဲ့အကြောင်း ဖြေရှင်းပြပြီးပါပြီ။ အဲဒီအတိုင်း ပရိသတ်တတ်နိုင်သမျှ ကျင့်သုံးနိုင်ကြလို့ နောက်ဆုံးရပ်နာမ်တရားတွေ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ကိုယ်တိုင် ဆိုက်ရောက်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီနေ့တရား အဆုံးသတ်လိုက်ပါတယ်။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

ဘဝရဲ့ အဆင်တန်ဆာ တရားစာအုပ်အတွက်
ငွေပဒေသာပင် စိုက်ထူ၍
ပညာသံဝတ္ထုနိုက ကုသိုလ်ပြုကြသော ကောင်းမှုရှင်များ

၁။ နာယကဆရာတော် အရှင်ဉာဏုဇ္ဇောတဘဝံသ	၄၈၆၀၀၀ ကျပ်
၂။ အရှင်ခေမာစာရ	၁၁၃၀၀၀ ကျပ်
၃။ ဒေါ်ဝိသိဋ္ဌဉာနီ (နေပေါလ်)	၁၀၀၀၀၀ ကျပ်
၄။ ဒေါ်အဂ္ဂဉာနီ (နေပေါလ်)	၁၂၁၅၀၀ ကျပ်
၅။ ဒေါ်ဝိမလဉာနီ (နေပေါလ်)	၁၁၀၀၀၀ ကျပ်
၆။ မနန္ဒဝတီ (နေပေါလ်)	၁၂၁၅၀၀ ကျပ်
၇။ မဝဏ္ဏရာ (နေပေါလ်)	၆၀၇၅၀ ကျပ်
၈။ ဒေါ်အရိယဉာဏော်သီ	၄၀၀၀၀ ကျပ်
၉။ ဒေါ်ဂန္ဓသောဘာ	၁၀၀၀၀၀ ကျပ်
၁၀။ မဝရဉာနီ	၁၂၁၅၀၀ ကျပ်
၁၁။ ပဏ္ဍိတာရာမ စာချစာသင် သိက္ခာရှင်များ	၄၀၀၀၀၀ ကျပ်

http://www.dhammadownload.com

၁၂။ ဦးစိန်ကြည်–ဒေါ်ခင်ရီ၊ ၁၀၀၀၀၀၀ ကျပ်
သမီး အေးအေးခင်
Gold Crane Car Service Co.Ltd

၁၃။ ဦးကိုလေး–ဒေါ်နုနုကြည်၊ ၃၀၀၀၀၀ ကျပ်
သမီး နှင်းအိအောင်၊ သင်းနုအောင်
ယာနဒီ ရောင်းဝယ်ရေး မိသားစု၊ ပဲခူး။

၁၄။ ဦးကြင်ဦး–ဒေါ်မြင့်မြင့်ဌေး ၁၀၀၀၀၀ ကျပ်
ဇာမဏီရွှေဆိုင် မိသားစု၊ ပဲခူး။

၁၅။ ဦးနိုပွန်–ဒေါ်ခင်လေးရီ၊ ၁၀၀၀၀၀ ကျပ်
သမီး မမာလာ၊ သင်္ဂီဟမျက်မှန်၊ ပဲခူး။

၁၆။ ဦးစောငြိမ်း–ဒေါ်ခင်အေးကြည် ၅၀၀၀၀ ကျပ်
Classique Inn

၁၇။ ဦးကျော်သက်–ဒေါ်စောကလျာအေး ၅၀၀၀၀ ကျပ်

၁၈။ ဒေါက်တာမေချောရှိန် (U.S.A) ၅၆၅၀၀၀ ကျပ်

၁၉။ မောင်ကျော်ထင် (Taiwan) ၄၇၁၀၀ ကျပ်

၂၀။ Florence (Malaysia) ၉၀၀၀၀ ကျပ်

၂၁။ Caitlyn Tyer ၁၂၄၅၀၀ ကျပ်

၂၂။ Lakeside Vipassana, Chicago, U.S.A ၂၅၇၄၀၀ ကျပ်

http://www.dhammadownload.com

အာဆင်တန်ဆာ (၄) ပါး

- ဒါရ ပန်းကုံး ဆင်မြန်းသုံးမူ ရှင်ပြုကြည်သာ ဖြစ်လေရာ မျက်နှာ မငယ်ပါ။
- သီလ ပန်းကုံး ဆင်မြန်းသုံးမူ ရှင်ပြုကြည်သာ ဖြစ်လေရာ ခွမ်းသာ မကွယ်ပါ။
- သမာဓိ ပန်းကုံး ဆင်မြန်းသုံးမူ ရှင်ပြုကြည်သာ ဖြစ်လေရာ လုံးခွာ မလည်ပါ။
- ဝိပဿနာ ပန်းကုံး ဆင်မြန်းသုံးမူ ရှင်ပြုကြည်သာ ဖြစ်လေရာ သုံးငါခွဲက မနှယ်ပါ။

(သုံးငါခွဲ = တဏှာ၊ မာန၊ ဒိဋ္ဌိ)

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း
ဆရာတော်ဘုရားကြီး